အရပ်ဘက်အဖွဲ့အစည်းအတွက်လက်တွေ့ကျလမ်းညွှန်

# ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ အကြံပြုချက်များအား နောက်ဆက်တွဲ မည်သို့ဆက်လက်ဆောင်ရွက်ရမည်နည်း

This is an unofficial translation of the original English-language publication by the United Nations. This unofficial translation was prepared as part of a project of the International Commission of Jurists, with funding from the Foreign and Commonwealth Office of the United Kingdom.

# မာတိကာ


၁။ ဤလမ်းညွှန်အားမည်သို့အသုံးပြုရမည်နည်း ........................................ 1

၂။ နောက်ဆက်တွဲဆောင်ရွက်ချက်များသည်မည်သည့်နည်း၊ အဘယ်ကြောင့် အရေးကြီးရသနည်း ........................................ 3

၃။ မည်သည့်အရာကို နောက်ဆက်တွဲဆောင်ရွက်မည်နည်း ........................................ 5

၄။ နောက်ဆက်တွဲဆောင်ရွက်မှုနည်းလမ်းများနှင့် လုပ်ရှားမှုများ ........................................ 7

၄.၁။ ချိတ်ဆက်ဆောင်ရွက်ရမည့်ယန္တယားများကိုထုတ်ဖော်ခြင်း........................................ 7

၄.၂။ လူ့အခွင့်အရေးယန္တယားများနှင့် ၎င်းတို့၏ဖြစ်စဉ်တလျှောက် အကောင်းဆုံး အကျိုးသက်ရောက်ရောက်မှုရှိစေရန် ချိတ်ဆက်ဆောင်ရွက်ခြင်း........................................ 8

၄.၃။ လူ့အခွင့်အရေးဆိုင်ရာ အကြံပြုချက်များနှင့်တွေ့ရှိချက်များအား အခြေပြု မြေပုံရေးဆွဲခြင်း ........................................ 9

၄.၄။ ဦးစားပေးထားရှိခြင်းနှင့် စီမံချက်ရေးဆွဲခြင်း ........................................ 10

၄.၅။ အကောင်အထည်ဖော်ဆောင်မှုအားစောင့်ကြည့်လေ့လာခြင်း ........................................ 15

၄.၆။ အရှိန်အဟုတ်အားလက်မလွှတ်တမ်းအသုံးချခြင်း........................................ 17

၄.၇။ ညွှန်ပေါင်းအဖွဲ့များဖန်တီးခြင်းနှင့် ၎င်းတို့ဖြင့်အတူလုပ်ဆောင်ခြင်း........................................ 18

၄.၈။ မိတ်ဖက်ဖွဲ့ခြင်း ........................................ 20

၄.၉။ ဖြန့်ဝေခြင်းနှင့် အသိပညာပေးခြင်း ........................................ 23

၄.၁၀။ စည်းရုံးလှုံ့ဆော်ခြင်း ........................................ 26

၄.၁၁။ စွမ်းဆောင်ရည်မြှင့်တင်ခြင်း နှင့် အားဖြည့်ပေးခြင်း ........................................ 28

၄.၁၂။ နောက်ဆက်တွဲလုပ်ရှားမှုများတွင် ကျား၊မ ရေးရာရှုထောင့်ပါဝင်စေခြင်း ........................................ 29

၄.၁၃။ ပါဝင်ထည့်သွင်းမှု၊ ကွဲပြားခြားနားမှုနှင့် လက်လှမ်းမီနိုင်မှုတို့အားသုံးသပ်ခြင်း ........................................ 30

၄.၁၄။ တရားစီရင်ရေးနှင့် တရားစွဲဆိုမှုတို့တွင် အကြံပြုချက်များကိုအသုံးပြုခြင်း........................................ 30

၄.၁၅။ နောက်ဆက်တွဲဆောင်ရွက်မှုများနှင့် ကောင်းမွန်သောကျင့်သုံးမှုများတို့၏ ရလဒ်များအားမျှဝေဖလှယ်ခြင်း ........................................ 31

၄.၁၆။ တည်ဆဲ လူ့အခွင့်အရေးယန္တယားများတို့၏ နောက်ဆက်တွဲ လုပ်ထုံးလုပ်နည်း များနှင့် ကျင့်သုံးမှုများတို့ဖြင့်ချိတ်ဆက်ဆောင်ရွက်ခြင်း ........................................ 32

၅။ လူ့အခွင့်အရေးယန္တယားများ၏ လုပ်ထုံးလုပ်နည်းများနှင့် ကျင့်သုံးမှုများအား နောက်ဆက်တွဲဆောင်ရွက်ခြင်း........................................ 33

၅.၁။ လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များ ........................................ 33

၅.၂။ လူ့အခွင့်အရေးကောင်စီ ........................................ 38

၅.၃။ အထူးလုပ်ငန်းစဉ်များ ........................................................................ 40
၅.၄။ ကမ္ဘာ့နိုင်ငံများအားလုံး၏လူ့အခွင့်အရေးအခြေအနေပုံမှန်သုံးသပ်မှု ................. 48
၅.၅။ ဘက်စုံချဉ်းကပ်မှုနည်းလမ်း .................................................................. 50
၅.၆။ ရန်တုံ့နှင်းခြင်း....................................................................................... 50
၆။ ထပ်မံလေ့လာရန် ............................................................................................ 52
၇။ ကျွန်ုပ်တို့အားဆက်သွယ်ရန် ........................................................................... 54

## ၁။ ဤလမ်းညွှန်ချက်အားမည်သို့ အသုံးပြုရမည်နည်း

လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး(OHCHR) မှထုတ်ဝေသည့် ဤလမ်းညွှန်စာအုပ်သည် အရပ်ဘက်အဖွဲ့အစည်းမှ ကမ္ဘာ့ကုလသမဂ္ဂ (UN) လူ့အခွင့်အရေးဆိုင်ရာ ယန္တယားများနှင့် လုပ်ပိုင်ခွင့်များ သို့မဟုတ် အဖွဲ့များ၏ အကြံပြုချက်များအား မည်သို့နောက်ဆက်တွဲ ဆက်လက်ဆောင်ရွက်ရမည်ဟူသည်ကို အလေးပေးထားပါသည်။ ဤယန္တယားများ၏ အင်္ဂါရပ် များနှင့် ရင်းနှီးထားမှုမရှိသည့် စာဖတ်သူများအနေဖြင့် OHCHR ၏ အရပ်ဘက်အဖွဲ့အစည်း အတွက် လက်စွဲစာအုပ် - *ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးအစီအစဉ်နှင့်အတူလုပ်ကိုင်ဆောင် ရွက်ခြင်း* နှင့် အရပ်ဘက်အဖွဲ့အစည်းအတွက် ၎င်း၏လက်တွေ့ကျသောလမ်းညွှန်ချက်များ[1] တို့အား ရည်ညွှန်း ဖတ်ရှုပေးရန် အားပေးပါသည်။

ဤလမ်းညွှန်စာအုပ်၏ အခန်း ၁ - ၃ အထိတွင် "နောက်ဆက်တွဲဆောင်ရွက်မှု" များနှင့် "အကောင်အထည်ဖော်ဆောင်မှု" များကို ရှင်းပြပေးပြီး၊ အခန်း ၄ တွင် အရပ်ဘက်အဖွဲ့

[1] www.ohchr.org/EN/AboutUs/Pages/CivilSociety.aspx မှရရှိနိုင်ပါသည်။

အစည်းတွင်လုပ်ရှားဆောင်ရွက်သူများ (CSAs) မှအသုံးပြုနိုင်မည့် နည်းလမ်းများနှင့် လှုပ်ရှားမှုများကို ဖော်ပြပါသည်။ အခန်း ၅ တွင် ကုလသမဂ္ဂလူ့အခွင့်အရေးယန္တယားများ၏ လက်ရှိနောက်ဆက်တွဲလုပ်ထုံး လုပ်နည်းများနှင့် အလေ့အကျင့်များကိုလည်းကောင်း၊ CSA များမှ မည်သို့ပါဝင်နိုင်ကြောင်းကိုလည်းကောင်း သုံးသပ်မှုပြုပါသည်။ လမ်းညွှန်စာအုပ်တွင် အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာ နောက်ဆက်တွဲလှုပ်ရှားမှုများကို ကူညီပံ့ပိုးပေးမည့် နည်းလမ်းများကိုလည်း ရည်ညွှန်းကိုးကားပါသည်။ ၎င်းတို့အား အခန်း ၆ တွင် စာရင်းပြုထားထားပေးပါသည်။

ဤလမ်းညွှန်ချက်သည် CSAs[2] နှင့် OHCHR ကွင်းဆင်းအခြေစိုက်ရုံးများတို့မှ ရင်းရင်းနှီးနှီး ပံ့ပိုးကူညီပေးပြီး၊ စစ်မှန်သော အတွေ့အကြုံများအားဖြင့် ဖြည့်စွက်ပေးထားသည့် နောက်ဆက်တွဲနည်းလမ်းနှင့် လှုပ်ရှားမှု မြောက်များစွာတို့အား သုံးသပ်မှုပြုခြင်းအားဖြင့် အရပ်ဘက်အဖွဲ့အစည်းများမှ ၎င်းတို့ ၏ ဦးစားပေးမှုများနှင့် စွမ်းဆောင်ရည်များအပေါ် အခြေပြုလျက် ရွေးချယ်နိုင်မည့် ရွေးချယ်နိုင်ခွင့် များရှိသည့် စာရင်းတစ်ရပ်ကို ပြင်ဆင်ပေးပါသည်။

ဤလမ်းညွှန်သည် အခြေခံအားဖြင့် အမျိုးသားအဆင့်လုပ်ဆောင်နေသည့် CSAs များအတွက် ရည်ရွယ်ပါသည်။ ၎င်းကို အာရပ်၊ တရုပ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ရုရှားနှင့် စပိန် ဘာသာစကားများတို့ဖြင့် ရရှိနိုင်ပါသည်။

[2] ဖြစ်ရပ်လေ့လာခြင်းများပါဝင်မှုသည် OHCHR အတည်ပြုချက်ကိုမပုံဆောင်ပါ။

# ၂။ နောက်ဆက်တွဲဆောင်ရွက်မှုသည် မည်သည်နည်း၊ အဘယ်ကြောင့်အရေးကြီးသနည်း

နောက်ဆက်တွဲဆောင်ရွက်ချက်များသည် လူ့အခွင့်အရေးဆိုင်ရာယန္တယားများနှင့်အဖွဲ့များ တို့မှချမှတ်သည့် အကြံပြုချက်များနှင့် ဆုံးဖြတ်ချက်များကို **အကောင်အထည်ဖော် ဆောင်မှု** သေချာစေခြင်းအား အားဖြင့် လူသားအားလုံးအတွက် လူ့အခွင့်အခွင့်အရေး အားလုံးကို လေးစားလိုက်နာမှု၊ ကာကွယ်စောင့်ရှောက်မှုနှင့် ဖြည့်ဆည်းဆောင်ရွက်မှုတို့ တိုးတက်လာ စေရေးကို ရည်ရွယ်ပါသည်။

လူ့အခွင့်အရေးဆိုင်ရာယန္တယားများနှင့်အဖွဲ့များသည် ကမ္ဘာ့နိုင်ငံများအားလုံးတွင် လူ့အခွင့် အရေးအားသိရှိနားလည်မှုတိုးတက်ရေးအတွက် ကြိုးပမ်းလျက်ရှိသည်။ လူ့အခွင့်အရေးကောင်စီ မှအတည်ပြုသည့် ဆုံးဖြတ်ချက်များ၊ စုံစမ်းရေးကော်မရှင်များ၏တွေ့ရှိချက်များ၊ စာချုပ်အဖွဲ့များ ၏ အကြံပြုချက်များ၊ အထူးလုပ်ငန်းအစီအစဉ်များ၊ ကမ္ဘာ့နိုင်ငံ များအားလုံး၏ လူ့အခွင့် အရေး အခြေအနေပုံမှန်သုံးသပ်မှု နှင့် တစ်သီးပုဂ္ဂလဖြစ်ရပ်များ ဆိုင်ရာ စာချုပ်အဖွဲ့များ၏ ဆုံးဖြတ် ချက်များ အားလုံးတို့သည် ကာကွယ်စောင့်ရှောက်မှု ကွာဟချက်များအား စေ့ငုပေးရန် လည်း ကောင်း၊ နိုင်ငံများနှင့် အခြားသော ပါဝင်ပတ်သက်သူ များအတွက် လူ့အခွင့်အရေးအား အပြည့် အဝသိရှိစေရေး တိုးတက်စေရန်နည်းလမ်းများ ဖော်ပြပေးခြင်းလည်းကောင်း ရည်ရွယ် ပါသည်။ တွေ့ရှိချက်များ၊ ထောက်ခံအကြံပြုချက်များ နှင့် ဆုံးဖြတ်ချက်များ အားလုံးတို့သည် လူ့အခွင့် အရေးပိုင်ဆိုင်သူများ၏ ဘဝများတွင် ပိုမို ကောင်းမွန်လာစေရေးအတွက် ပြောင်းလဲမှု တစ်ရပ် ဖော်ဆောင်ပေးရန် ရည်ရွယ်ပါသည်။ ထိုသို့သောပြောင်းလဲမှုကို သိရှိနားလည်ရန် အခြေခံ လိုက်နာရမည့်တာဝန်မှာ လူ့အခွင့်အရေးအား လေးစားလိုကန်နာရန်၊ ကာကွယ်စောင့် ရှောက်ရန် နှင့် ဖြည့်ဆည်းပေးရန်တို့အားတာဝန်ယူပေးသည့် အစိုးရများအပေါ်တွင် မူတည် ပါသည်။ သို့ပါသော်လည်း လူ့အဖွဲ့အစည်းကဏ္ဍအားလုံး၊ တစ်သီးပုဂ္ဂလမှသည် ပုဂ္ဂလိကကဏ္ဍ ထိ၊ နိုင်ငံတကာအသိုင်းအဝိုင်းနှင့် CSAs များတို့သည် လူ့အခွင့်အရေးအား သိနားလည်စေရေး တွင် အခန်းကဏ္ဍတစ်ရပ်မှ ပါဝင်ကြပြီး၊ အထူးသဖြင့် လူ့အခွင့်အရေးဆိုင်ရာ အကြံပြုချက်များ အပေါ် နောက်ဆက်တွဲဆောင်ရွက်မှုတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင် နိုင်ပါသည်။

## နောက်ဆက်တွဲဆောင်ရွက်မှုအတွက် အဆင့်များအကျဉ်းချုပ်

အရပ်ဘက်
အဖွဲ့အစည်းမှ
နောက်ဆက်တွဲ
ဆောင်ရွက်မှု

ချိတ်ဆက်ဆောင်ရွက်ရမည့် လူ့အခွင့်အရေး
ဆိုင်ရာယန္တယားကို ဖော်ထုတ်ခြင်း

အကြံပြုချက်များရေးဆွဲခြင်းနှင့်
ဦးစားပေးထားရှိခြင်း

နောက်ဆက်တွဲလုပ်ရှားဆောင်ရွက်မှုများ
စီစဉ်ချမှတ်ခြင်း

စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ မိတ်ဖက်အဖွဲ့များနှင့်
လုပ်ဆောင်ခြင်း၊ တရားရေးဆောင်ရွက်၊ ကောင်းမွန်သော
ကျင့်သုံးမှုများမျှဝေခြင်း၊ လူ့အခွင့် အရေးဆိုင်ရာယန္တယား၏
နောက်ဆက်တွဲလုပ်ထုံးလုပ်နည်းများအား ပံ့ပိုးကူညီပေးခြင်း၊

# ၃။ မည်သည်တို့အားနောက်ဆက်တွဲ ဆောင်ရွက်မည်နည်း

ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာယန္တယားများနှင့်အဖွဲ့များတို့၏ တွေ့ရှိချက်များနှင့် အကြံပြုချက်များ မြောက်များစွာရှိသည်။ အရပ်ဘက်အဖွဲ့အစည်းများသည် ၎င်းတို့၏ဦးတည်ချက် များ၊ လှုပ်ရှားဆောင်ရွက်မှုနှင့် သက်ဆိုင်သည်များကို နောက်ဆက်တွဲဆောင်ရွက်ပေးပါသည်။ ၎င်း တို့မှာ -

- အဖွဲ့ဝင်နိုင်ငံမှ လူပအခွင့်အရေးဆိုင်ရာစာချုပ်တစ်ရပ်၏ အကောင်အထည်ဖော်ဆောင်မှု အား စစ်ဆေးမှုပြုပြီးနောက် စာချုပ်အဖွဲ့မှ ၎င်းတို့၏နိဂုံးချုပ်သုံးသပ်မှုများတွင် အတည်ပြု ထားသော အကြံပြုချက်များ၊
- နိုင်ငံလာရောက်လည်ပတ်မှုတွင်ပါဝင်သည့် လူ့အခွင့်အရေးကောင်စီ၏ အထူးလုပ်ငန်းအစီအစဉ်များမှ ထုတ်ဆင့်သည့် အကြံပြုချက်များ၊ ကဏ္ဍအလိုက်အစီရင်ခံစာများ နှင့် တစ်သီးပုဂ္ဂလအမှုကိစ္စများဆိုင်ရာဆက်သွယ်သတင်းပေးပို့ချက်များ၊
- လူ့အခွင့်အရေးကောင်စီ၏ ကမ္ဘာ့နိုင်ငံများအားလုံး၏လူ့အခွင့်အရေးအခြေအနေ ပုံမှန် သုံးသပ်မှု (UPR) မှ အကြံပြုချက်များ၊
- လူ့အခွင့်အရေးကောင်စီနှင့် အထွေထွေညီလာခံတို့၏ ဆုံးဖြတ်ချက်များ၊
- လူ့အခွင့်အရေးကောင်စီ၏ လက်အောက်ခံအဖွဲ့များ၏ လုပ်ငန်းဖြစ်ကြသည့် အကြံပေး ကော်မတီ၊ တိုင်ကြားမှုလုပ်ထုံးလုပ်နည်း၊ မူရင်းဌာနေတိုင်းရင်းသားများ၏ အခွင့်အရေး ဆိုင်ရာ ကျွမ်းကျင်မှုယန္တယား၊ လူနည်းစုအရေးကိစ္စရပ်များဆိုင်ရာဖိုရမ်၊ လူမှုဖိုရမ်၊ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာဖိုရမ် အစရှိသည်များ၊
- စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အကြံပြုချက်များ၊ အချက်အလက်ရှာဖွေရေး မစ်ရှင်များနှင့် လူ့အခွင့်အရေးကောင်စီ၊ လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီး သို့မဟုတ် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်မှ တည်ထောင်ထားသည့် အခြားအထူးဖွဲ့စည်း ထားသည့် လူ့အခွင့်ဆိုင်ရာစုံစမ်းစစ်ဆေးရေးယန္တယား၊
- ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီး၏ အစီရင်ခံစာများနှင့် လေ့လာမှုများတွင် ပါဝင်သည့် အကြံပြုချက်များ (ဥပမာ - ကွင်းဆင်းအခြေစိုက်ရုံးများ၏ ဆောင်ရွက် ချက်များဆိုင်ရာ အစီရင်ခံစာများ၊ လူ့အခါင့်အရေးကောင်စီအားဖြင့် လုပ်ပိုင်ခွင့်ပေးအပ်ထား သည့် နိုင်ငံနှင့် ကဏ္ဍအလိုက်အခြေအနေများဆိုင်ရာ အစီရင်ခံစာများနှင့်လေ့လာမှုများ)၊
- လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီး သို့မဟုတ် အများဆိုင်ရာထုတ်ပြန်ချက်များတွင် လူ့အခွင့်အရေးဆိုင်ရာလွတ်လပ်သောကျွမ်းကျင်သူများမှ နိုင်ငံများ သို့မဟုတ် နိုင်ငံ တကာအသိုင်းအဝိုင်းထံသို့ မေတ္တာရပ်ခံချက်များ၊ စသည်တို့ဖြစ်သည်။

ဤသည် နိုင်ငံနှင့် အရပ်ဘက်အဖွဲ့အစည်းတို့၏ နောက်ဆက်တွဲလုပ်ဆောင်မှုအတွက် အကြံပြု ချက်များ၏ မပြည့်စုံသေးသော စာရင်းဖြစ်သည်။ ကုလသမဂ္ဂယန္တယားများအပေါ်ထပ်ဆင့်၍ ဒေသ ဆိုင်ရာနှင့် အမျိုးသား လူ့အခွင့်အရေးဆိုင်ရာယန္တယားများမှလည်း လူ့အခွင့်အရေး သိရှိ နားလည် လာစေရေးတိုးတက်စေရန်ရည်ရွယ်သည် အစီရင်ခံစာများနှင့် အကြံပြုချက်များ ကို ထုတ်ဆင့်ပေး ပါသည်။

မည်သည်ကို ဦးစားပေးရမည်အား ဆုံးဖြတ်ရာတွင် ပိုင်းကန့်ခွဲခြားသည့် သို့မဟုတ် တစ်ပိုင်းတစ်စ ပုံစံဖြင့် နောက်ဆက်တွဲဆောင်ရွက်မှုမျိုးကို ရှောင်ရှားရန်အရေးကြီးပါသည်။ ကွဲပြားသော လူ့အခွင့်အရေး ဆိုင်ရာ ယန္တယားများသည် ဤလမ်းညွှန်စာအုပ်၏ အခန်း ၅ တွင်ဖော်ပြထားသည့်အတိုင်း ၎င်းတို့၏ နောက်ဆက်တွဲလုပ်ထုံးလုပ်နည်းများနှင့် ကျင့်သုံးမှု များ ကိုယ်စီရှိကြလေရာ၊ အရပ်ဘက်အဖွဲ့ အစည်းမှ ထပ်မံပေါင်းဖြည့်မှု စံတစ်ခုယူဆောင်လာနိုင်သည်မှာ နောက်ဆက်တွဲ ဆောင်ရွက်မှုအတွက် ဘက်စုံချဉ်းကပ်မှုနည်းလမ်းတစ်ရပ် အတည်ပြုချမှတ်ခြင်းပင်ဖြစ်သည်။

ဘက်စုံချဉ်းကပ်မှုနည်းလမ်းသည် တစ်ခုတည်းအတွက် အကြံပြုချက်များအား စူးစိုက်လုပ် ဆောင်ခြင်း ထက် လူ့အခွင့်အရေးယန္တယားဆိုင်ရာ ဗဟုအများစုစနစ်ကို အသုံးပြုပါသည်။ ၎င်းသည် ၎င်းတို့၏ လုပ်ငန်းအဆင့်အားလုံးရှိ လူ့အခွင့်အရေးယန္တယားများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း ပါဝင် လေသည်။ လူ့အခွင့်အရေးယန္တယားသည် လုပ်ငန်းအဆင့်များဖြစ်သည့် သတင်းအချက်အလက် စုဆောင်းခြင်း၊ အစီရင်ခံခြင်း၊ သက်ဆိုင်ရာနိုင်ငံနှင့်အပြန်အလှန်ဆွေးနွေးခြင်း၊ အကြံပြုချက် များနှင့် နောက်ဆက်တွဲ ဆောင်ရွက်မှုစသည်တို့ဖြင့် ရိုးရိုးရှင်းရှင်းဖြစ်စေနိုင်သော လုပ်ငန်းစက်ဝိုင်း လည်ပတ်မှု များဖြင့် ဆောင်ရွက်ပါသည်။

နောက်ဆက်တွဲဆောင်ရွက်မှုဆိုင်ရာ အရပ်ဘက်အဖွဲ့စည်း၏လုပ်ငန်းသည် လုပ်ငန်းအပြည့်အဝ ဖြင့် ချိတ်ဆက်ဆောင်ရွက်ပါက ပိုမိထိရောက်ပါသည်။ လူ့အခွင့်အရေးယန္တယားများ၏ လှုပ်ရှားမှု စက်ဝိုင်း သံသရာ၏ လုပ်ငန်းအဆင့်အားလုံးတလျှောက်ရှိ စဉ်ဆက်မပြတ်ချိတ်ဆက်ဆောင်ရွက်မှုသည် ရလဒ် များပိုပိုဖြစ်ထွန်းစေနိုင်ဖွယ်ရှိသည်နည်းတူ၊ CSA များသည်လည်း ယခင်ချိတ်ဆက် ဆောင်ရွက်မှု မရှိဘဲ လူ့အခွင့်အရေးယန္တယားများ၏ ရလဒ်များနှင့် အကြံပြုချက်များတို့မှ အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

## လူ့အခွင့်အရေးယန္တယားများ၏လုပ်ငန်းစက်ဝိုင်းလည်ပတ်ပုံ



# ၄။ နောက်ဆက်တွဲဆောင်ရွက်မှုနည်းလမ်းများနှင့်လုပ်ရှားမှုများ

ဤအခန်းတွင် အရပ်ဘက်အဖွဲ့အစည်းများနောက်ဆက်တွဲဆောင်ရွက်မှုအတွက် အချို့သော နည်းလမ်းများနှင့် လှုပ်ရှားမှုများကို ယခင်ကျင့်သုံးမှု ဥပမာများ အချို့တို့နှင့်အတူ အကြမ်းဖျင်း ဖော်ပြထားပါသည်။

## ၄.၁။ ချိတ်ဆက်ဆောင်ရွက်ရမည့်ယန္တယားများကိုထုတ်ဖော်ခြင်း

အားလုံးအတွက် လူ့အခွင့်အရေးအားလုံးကို သိရှိနားလည်ရေးသည် ကုလသမဂ္ဂလူ့အခွင့်အရေး အဖွဲ့အားလုံး၏ အထွေထွေကျသော ပန်းတိုင်ဖြစ်ပေသည်။ နိုင်ငံအများစုတွင် တိုးတက်မှုသည် အကြောင်းရင်းများပေါင်းစပ်မှုတစ်ရပ်အားဖြင့် ဖြစ်တည်လေရာ တာဝန်ထမ်းဆောင်သူများ၏ နိုင်ငံရေးဆန္ဒမှုစ၍ ဥပဒေစိုးမိုးရေးအေးအေးဂျင့်များ၏ ပြုမူဆောင်ရွက်ပုံ၊ အရပ်ဘက်အဖွဲ့အစည်း၏ လှုပ်ရှားဆောင်ရွက်မှုများ၊ လွတ်လပ်သောတရားရုံးများ၏ ဆုံးဖြတ်ချက်များနှင့် ဒီဂရီချမှတ်မှုများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ လွှမ်းမိုးမှု၊ အစိုးရအတွင်းပြောင်းလဲမှု အစရှိသည်တို့အထိ အကျုံးဝင်လေသည်။ OHCHR နှင့် ကုလသမဂ္ဂလူ့အခွင့်အရေးယန္တယားများသည် အကောင်အထည်ဖော်ဆောင်မှုအတွက် ခင်းကျင်းပေးရာတွင်  အရေးကြီးသောကဏ္ဍတစ်ရပ်မှ ပါဝင်လေသည်။




မည်သည့်ယန္တယားသည် အကြီးမားဆုံးအကျိုးသက်ရောက်မှုပေးသနည်း။ အထူးလုပ်ငန်းအစီအစဉ် လုပ်ပိုင်ခွင့်ရရှိသူတစ်ဦး၏ နိုင်ငံသို့လာရောက်လည်ပတ်မှုလော။ ကမ္ဘာနိုင်ငံများအား လူ့အခွင့်အရေးအခြေအနေပုံမှန်သုံးသပ်မှု(UPR)ရှိ နိုင်ငံများမှထုတ်ဆင့်သော အကြံပြုချက်များနှင့် သက်ဆိုင်ရာနိုင်ငံရေးဖြစ်စဉ်များလော။ သို့မဟုတ် စာချုပ်အဖွဲ့တစ်ခုအားဖြင့် တစ်ဦးချင်းတိုင်ကြားမှုဆိုင်ရာ ဆုံးဖြတ်ချက်တစ်ခုလော။ သို့မဟုတ် ထိုအချက်အားလုံးစုပေါင်းမှုတစ်ခုလော။ လူ့အခွင့်အရေး

ဆိုင်ရာကဏ္ဍအလိုက် တိကျသောအရေးကိစ္စတစ်ရပ်အပေါ် နှင့်/သို့မဟုတ် နိုင်ငံ၊ ဒေသ သို့မဟုတ် နယ်ပယ်တစ်ခုရှိ အရပ်ဘက်အဖွဲ့အစည်း၏ဆောင်ရွက်ချက်သို့ လူ့အခွင့်အရေးယန္တရားမှ မည်သည့် စံများကိုထပ်မံဖြည့်ပေးနိုင်မည်နည်း။ လူ့အခွင့်အရေးယန္တရားများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းသည် CSAs များ၏ ဦးစားပေးမှုများ၊ စီမံချက်များနှင့် စွမ်းဆောင်ရည်များတို့နှင့် မည်သို့ အံဝင်ဂွင်ကျဖြစ်သည်နည်း။

ယန္တရားမှ ဆောင်ရွက်ပေးနိုင်သည့်အရာကို စိစစ်ခြင်းနှင့် ၎င်း၏ တွေ့ရှိချက်များ၊ အကြံပြုချက်များကို နားလည်သဘောပေါက်ခြင်းသည် - ၁) ထိုသို့သောယန္တယား/များ ဖြင့် အရပ်ဘက် အဖွဲ့အစည်း ချိတ်ဆက်ဆောင်ရွက်မှုအပေါ် ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ ၂) ထိုသို့သော ချိတ်ဆက်ဆောင်ရွက်မှုကို ပုံသွင်းခြင်း၊ နှင့် ၃)ထိုသို့သောချိတ်ဆက်ဆောင်ရွက်မှုကို CSAs တို့၏ ဗျူဟာများနှင့် လုပ်ငန်းစီမံချက်များတို့တွင် ပေါင်းစပ်ခြင်း စသည့်ခြေလှမ်းများအတွက် အခြေခံကျပါသည်။

## လူ့အခွင့်အရေးယန္တယားများဖြင့် ၎င်းတို့၏လုပ်ငန်းစက်ဝိုင်းတလျှောက် အကျိုးရလဒ်အမြင့်ဆုံးရရှိရန် ချိတ်ဆက်ဆောင်ရွက်ခြင်း

အတွေ့အကြုံအရ လူ့အခွင့်အရေးဆိုင်ရာယန္တယားများနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်သည့် အရပ်ဘက်အဖွဲ့အစည်းသည် ယင်းလုပ်ငန်းစက်ဝိုင်းတစ်ခု၏ အဆင့်အားလုံးနှင့် ချိတ်ဆက်ဆောင်ရွက်သည့်အခါ ရလဒ်ပိုမိုဖြစ်ထွန်းကြောင်းတွေ့ရပါသည်။ ဥပမာ၊ UPR အတွက် နိုင်ငံ တစ်နိုင်ငံအား သုံးသပ်မှုအပေါ် သတင်း အချက်အလက်များ တင်သွင်းသည့်အခါ အရပ်ဘက်အဖွဲ့အစည်းသည် ကလေးသူငယ်များအားရိုက်နှက်ပြစ်ဒဏ်ပေးခြင်း သို့မဟုတ် တိုင်းရင်းသားလူနည်းစုများအား ခွဲခြားဆက်ဆံခြင်းကဲ့သို့သော ၎င်းတို့မှ အလေးထားဆုံးကိစ္စရပ်များကို ဦးစားပေးနိုင်ပါသည်။ ၎င်းတို့သည် ဦးစွာ ၎င်းတို့ကိုယ်ပိုင်အစိုးရနှင့် ဆွေးနွေးမှုဆောင်ရွက်နိုင်ကာ၊ ထိုနောက် UPR ဆိုင်ရာ အပြန်အလှန်ဆွေးနွေးမှုတွင်ပါဝင်ကြမည့် အဖွဲ့ဝင်နိုင်ငံများ၏ကိုယ်စားလှယ်များနှင့်လည်းဆွေးနွေးနိုင်ပြီး၊ ကိစ္စရပ်များအပေါ် အကြံပြုချက်များ အဆိုတင်သွင်းရန် အားပေး နိုင်ပါသည်။ UPR ၏ ရလဒ်စာတမ်းသည် ယင်း အကြံပြုချက်များကို ထင်ဟပ်စေပြီး၊ အရပ်ဘက် အဖွဲ့အစည်း၏ စည်းရုံးလှုံ့ဆော်မှု သို့မဟုတ် အခြားသော လှုပ်ရှားဆောင်ရွက်မှုများကို အားဖြည့်ပေးရန် အမျိုးသားအဆင့်၌ အသုံးပြု၍ရပါသည်။

အလားတူဖြစ်စဉ်များသည် အခြားသောယန္တယားများတွင်လည်း ဖြစ်ပျက်ပါသည်။ ဤသည် ကောင်းစွာ စာတမ်းပြုစုခြင်း၊ တွေ့ရှိချက်များဆိုင်ရာ ဖြစ်နိုင်ချေများကို အရပ်ဘက်အဖွဲ့အစည်းမှ ပံ့ပိုးမှု ပေးသည့် အလေးထားစရာ အရေးကိစ္စရပ်များဆိုင်ရာ ယုံကြည်အားထားရသည့် သတင်း အချက် အလက်များ၊ နှင့် သင့်လျော်စပ်လျဉ်းပြီး ဦးစားပေးထားရှိသည့် အကြံပြုချက်များ ကို ပံ့ပိုးကူညီပေးခြင်းဖြစ်သည်။ အကောင်အထည်ဖော်ဆောင်နိုင်မှုရှိပြီး ဖော်ထုတ်ထားသည့် လူ့အခွင့်အရေးကာကွယ်မှု ကွာဟချက်များကိုတုန့်ပြန်မှုရှိသော ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ အဖွဲ့များမှ ထုတ်ဆင့်ထားသည့် ကောင်းစွာထုတ်ဖော်ထားသော အကြံပြုချက်များသည် အရပ်ဘက်အဖွဲ့အစည်း၏ အမျိုးသားအဆင့်စည်းရုံးလှုံ့ဆော်ရေးအတွက် အရေးကြီးလှပါသည်။

## ၄.၃။ လူ့အခွင့်အရေးဆိုင်ရာ အကြံပြုချက်များနှင့်တွေ့ရှိချက်များ အား အခြေပြုမြေပုံရေးဆွဲခြင်း

ကဏ္ဍအလိုက်နှင့် နိုင်ငံအခြေပြု လူ့အခွင့်အရေးယန္တယားများ၏ အကြံပြုချက်များနှင့် တွေ့ရှိချက်များ မြောက်များစွာရှိပါသည်။ ၎င်းတို့အား ကဏ္ဍအလိုက်၊ သို့မဟုတ် ပထဝီဒေသ အလိုက် ပြုစုခြင်းနှင့် စုပေါင်းခြင်းသည် ဘက်စုံချဉ်းကပ်မှုနည်းလမ်းတစ်ရပ်အား နောက်ဆက်တွဲ ဆောင်ရွက်ရန်အတွက် အသုံးဝင်သော ကြိုတင်ပြင်ဆင်မှုတစ်ခုဖြစ်နိုင်ပါသည်။ အကြံပြုချက်များနှင့် တွေ့ရှိချက်များအား အခြေပြုမြေပုံရေးဆွဲခြင်းသည် -

- အကြံပြုချက်များအား ရရှိနိုင်စေရန် ပံ့ပိုးပေးသည်၊
- အကြံပြုချက်များအား ဖြန့်ချိရာတွင် အသိပညာပေးခြင်းနှင့်ပံ့ပိုးများခြင်း တို့ကို ကူညီဆောင်ရွက်ပေးသည်၊
- တည်ဆဲ အကြံပြုချက်များအား ပြီးပြည့်စုံသောခြုံငုံသုံးသပ်ချက်တစ်ရပ် တည်ဆောက်ရာတွင်ကူညီပေးရာ၊ ထိုသို့အားဖြင့် နောက်ဆက်တွဲဆောင်ရွက်မှုအတွက် ဘက်စုံအကျုံးဝင်နည်းဗျူဟာတစ်ရပ်အတွက် အခြေခံတစ်ခုကို စီစဉ်ပေးသည်၊
- အကောင်အထည်ဖော်ဆောင်မှုနှင့် နောက်ဆက်တွဲလုပ်ငန်းတွင် ဦးစားပေးမှု ရှိစေသည်။
- စောင့်ကြည့်လေ့လာမှုစီမံချက်တစ်ခုဖော်ဆောင်ရန်အခြေခံအဖြစ်ဆောင်ကျဉ်းပေးသည်။

ဤဖြစ်စဉ်တွင် အောက်ပါတို့သည် ပံ့ပိုးကူညီပေးပါသည် -

### နိုင်ငံတကာလူ့အခွင့်အရေးအညွှန်းကိန်း (The Universal Human Rights Index)

**နိုင်ငံတကာလူ့အခွင့်အရေးအညွှန်းကိန်း**[3] သည် စာချုပ်အဖွဲ့များ၊ အထူးလုပ်ငန်းအစီအစဉ်များနှင့် UPR တို့မှ အကြံပြုချက်များကို စုဆောင်းထားသည့် အွန်လိုင်းဒေတာဘေ့စ် တစ်ခု ဖြစ် သည်။ ယင်းအညွှန်းကိန်းမှ အသုံးပြုသူများကို စာချုပ်အဖွဲ့၊ အထူးလုပ်ငန်းအစီအစဉ်များနှင့် UPR အကြံပြုချက်များသို့ အမျိုးအစားမြောက်များစွာဖြင့် ဝင်ရောက်မှုနှင့် ရှာဖွေမှုများ ပြုလုပ် စေနိုင်ပါမည်။ ထိုအမျိုးအစားများမှာ နိုင်ငံ၊ အခွင့်အရေး၊ အဖွဲ့၊ ထိ ခိုက်ခံရသူ၊ သတ်မှတ်ကာလ နှင့်၊ UPR အတွက်မူ အကြံပြုချက်ချမှတ်သည့် နိုင်ငံ(များ)၊ သုံးသပ်မှုအောက်တွင်ရှိနေသည့်နိုင်ငံ၏ အခြေအနေ၊ နှင့် အစည်းအဝေး စသည်တို့ဖြစ်သည်။ ရှာဖွေရေးကလစ်အနည်းငယ်ဖြင့် အခြေအနေ မည်သည်မဆိုရှိ လူ့အခွင့်အရေးအကောင်အထည်ဖော်ဆောင်မှုအခြေအနေဆိုင်ရာ ကုလသမဂ္ဂ အဖွဲ့များနှင့် ယန္တယားများ၏ အကဲဖြတ်ဆန်းစစ်မှုများကို တွေ့ရှိနိုင်ပါသည်။ ဤသည် လူ့အခွင့်အရေးဆိုင်ရာ တည်ဆဲ ကုလသမဂ္ဂသတင်းအချက်အလက်များ၏ ကျယ်ပြန့်သောပမာဏကို ပို၍ ပွင့်လင်းမြင်သာစေပြီး ဝင်ရောက်ရန်ပို၍လွယ်ကူညစေပါသည်။

### အာရှအလယ်ပိုင်းဒေသရှိ အကြံပြုချက်များ စုဆောင်းခြင်း

ကာဂျစ္စတန်နိုင်ငံတွင် အရှအလယ်ပိုင်းအတွက် OHCHR ၏ ဒေသဆိုင်ရာရုံးသည် ပညာရေးဆိုင်ရာ အင်စတီကျူးရှင်းများအား စာချုပ်အဖွဲ့များ၊ အထူးလုပ်ငန်းအစီအစဉ် နှင့် UPE တို့မှ အရင်းခံထား

3 http://uhri.ohchr.org/

သည့် အကြံပြုချက်များအပါအဝင် ကုလသမဂ္ဂလူ့အခွင့်အရေးယန္တယားများအား အခွင့်အရေး အလိုက် အကြံပြုချက်များအား စုဆောင်းမှုတစ်ရပ်ထုတ်လုပ်ရန် ပံ့ပိုးပေးပါသည်။ ၎င်းသည် အကြံပြု ချက်များ အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာလုပ်ငန်းကို စီစဉ်ရန် အခြေခံအဖြစ် ဆောင်ကျဉ်း ပေးပါသည်။[4]

## ၄.၄။ ဦးစားပေးထားရှိမှုနှင့် စီမံချက်ရေးဆွဲခြင်း

CSAs များသည် အချို့သော အကြံပြုချက်များကို အခြားအရာများထက် ပို၍ဆက်စပ်မှုရှိကြောင်း တွေ့ရှိနိုင်ပါသည်။ အချို့တို့သည့် CSAs ၏ ကဏ္ဍအလိုက် သို့မဟုတ် ပထဝီဒေသဦးစား ပေးမှု ဖြင့် ဆောင်ရွက်နိုင်သော်လည်း၊ အခြားအရာများမှာ ထိုသို့မဆောင်ရွက်နိုင်ပါ။ ထိုနည်းတူ အချို့ တို့သည် နောက်ဆက်တွဲဆောင်ရွက်ရန်လွယ်ကူသော်လည်း၊ အခြားအရာများမှ မရရှိနိုင်သည့် အရင်းအမြစ်များကို တောင်းဆိုနိုင်သည်။ အချို့သော အကြံပြုချက်များသည် လူ့အခွင့်အရေး ယန္တယားတစ်ခုနှင့်အတူ အရပ်ဘက်အဖွဲ့အစည်းမှဆောင်ရွက်သည့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်း ၏ ရလဒ်ဖြစ်နိုင်ပါသည်။ ယင်းအကြံပြုချက်များအား နောက်ဆက်တွဲလုပ်ဆောင်ခြင်းသည် CSAs များ၏ ဗျူဟာများနှင့် လုပ်ငန်းစီမံကိန်းများတွင် ဦးစားပေးမှုနှင့်ပေါင်းစပ်မှုများထားရှိနိုင်ပါသည်။

### ကနေဒါနိုင်ငံတွင် ပုဂ္ဂလိကလုပ်ဆောင်သူများမှကျူးလွန်သည့် ညှဉ်းပန်းနှိပ်စက်မှု

၂၀၁၁ ခုနှစ်တွင် Canadian Federation of University Women (CFUW) ၏ ကလပ်အသင်းပေါင်း ၁၁၀ ခုတို့မှ ကနေဒါအစိုးရအား ပုဂ္ဂလိကလုပ်ဆောင်သူများမှကျူးလွန်သည့် ညှဉ်းပန်းနှိပ်စက်မှုကို ပြစ်မှုအဖြစ်ဥပဒေပြဋ္ဌာန်းသတ်မှတ်ရန် တိုက်တွန်းခဲ့ပါသည်။

ကနေဒါရာဇဝတ်ကျင့်ထုံးသည် နိုင်ငံ့ဆိုင်ရာလုပ်ဆောင်သူများအားဖြင့် ညှဉ်းပန်းနှိပ်စက်သူများကို ပြစ်မှုအဖြစ်ယူဆပါသည်။ တစ်သီးပုဂ္ဂလများသည် ပုဂ္ဂလိကတစ်သီးပုဂ္ဂများအားဖြင့် အလားတူသော ညှဉ်းပန်းမှုကျူးလွန်ခြင်းအားဖြင့် ဒုက္ခခံစားရပါက၊ ဥပမာ အိမ်တွင်းအကြမ်းဖက်မှုကိစ္စရပ်မျိုးတွင် ထို တစ်သီးပုဂ္ဂလများသည် ညှဉ်းပန်းနှိပ်စက်မှုဆိုင်ရာပြစ်မှုအဖြစ် မသတ်မှတ်ပါ။

၂၀၁၂ ခုနှစ် ဧပြီလတွင် CFUW သည် ညှဉ်းပန်းနှိပ်စက်မှုဆန့်ကျင်ရေးကော်မတီ (CAT) ထံသို့ ရှဲဒိုး အစီရင်ခံ စာတင်သွင်းခဲ့ပါသည်။ CFUW အဖွဲ့ဝင်များသည် ဂျီနီဗာရှိ မေလ ကော်မတီအစည်းအဝေး တွင် တက် ရောက်ခဲ့ပါသည်။ "ကော်မတီမှ ကနေဒါအစိုးရ၏ကိုယ်စားလှယ်များအား အခိုင်အမာ ပြောဆိုသည်မှာ အချို့သော ကျားမရေးရာအခြေပြု အကြမ်းဖက်မှုများသည် နိုင်ငံ့ဆိုင်ရာ ဆောင်ရွက် သူ(Actors) မဟုတ်သည့်သူများမှ ကျူးလွန်သည့် ညှဉ်းပန်းနှိပ်စက်မှုဆိုင်ရာ သရုပ်သကန်များဖြစ်ပြီး၊ ညှဉ်းပန်း နှိပ်စက်မှုနှင့်အခြားသောရက်စက်မှုပုံစံများဖြစ်သည့် လူမဆန်သော သို့မဟုတ် နိမ့်ကျသော ပြုမှု သို့မဟုတ် အပြစ်ပေးမှုဆိုင်ရာသဘောတူစာချုပ်အောက်တွင် အကျုံးဝင်လျက်ရှိနေကြောင်း ကျွန်ုပ်တို့ကြားသိခဲ့ရပါသည်။ ကျားမ ရေးရာသာတူညီမျှမှုနှင့် အမျိုးသမီးများနှင့် မိန်းကလေးများတို့၏ ယုတ်ညံ့မှုကင်းသော လူ့အခွင့်အရေးအား နိုင်ငံ့ဆိုင်ရာဆောင်ရွက်သူမဟုတ်သည့်သူများမှ ကျူးလွန် သည့် ညှဉ်းပန်းနှိပ်စက်မှုသို့ အကျုံးမဝင်စေခြင်းအတွက် ဖောက်ထွက်မှုတစ်ခုဖြစ်ခဲ့ပါသည်။ CAT ၏ နိဂုံးချုပ်သုံးသပ်မှုသည် ကျွန်ုပ်တို့အတွက် ဖောက်ထွက်မှုတစ်ခုဖြစ်ခဲ့ပြီး ကျွန်ုပ်တို့၏အလုပ်အကိုင်တွင် အသုံးပြုနိုင်ကြောင်း" CFUW အဖွဲ့ဝင်နှစ်ဦးမှ သုံးသပ်ဝေဖန်ခဲ့ပါသည်။ ကော်မတီ၏နိဂုံးချုပ်သုံးသပ်မှု

[4] The compilation is available at www.auca.kg

အားနောက်ဆက်တွဲလုပ်ဆောင်မှုအဖြစ် CFUW သည် အမျိုးသမီးအဆင့်အတန်းဆိုင်ရာကော်မရှင်သို့ စာဖြင့်ရေးသားသောထုတ်ပြန်ချက်တစ်ရပ်ကို တင်သွင်းခဲ့ပြီး၊ ပုဂ္ဂလိကဆောင်ရွက်သူများမှကျူးလွန်သည့် ညှဉ်းပန်းနှိပ်စက်မှုဆိုင်ရာ CAT ၏ နိဂုံးချုပ်သုံးသပ်ချက်အပေါ်တည်ဆောက်သည့် ကနေဒါနိုင်ငံ၏ UPR အတွက် တင်သွင်းမှုတစ်ခုကို ပံ့ပိုးကူညီပေးပါသည်။

ယခင်လူ့အခွင့်အရေးယန္တယားများဆိုင်ရာလုပ်ငန်းလည်ပတ်မှုစက်ဝိုင်း၏ အဆင့်များတွင် ချိတ်ဆက်မှု ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ CSAs များမှ တွေ့ရှိသည်မှာ တည်ဆဲအကြံပြုချက် များကို ဦးစားပေးထား ရှိခြင်းသည်လည်းကောင်း၊ ၎င်းတို့၏ ကိုယ်ပိုင်လူ့အခွင့်အရေးပန်းတိုင်များနှင့် စပ်လျဉ်းသည့်အရာများကို ဖော်ထုတ်ခြင်း အားဖြင့်ရရှိသည့် တွေ့ရှိချက်များသည် လည်း ကောင်း လက်တွေ့ကျသော နောက်ဆက် တွဲဆောင်ရွက်မှု အစီအစဉ်များ ဖော်ဆောင်ရန်အလို့ငှါ အရေးကြီးသောခြေလှမ်းတစ်ရပ်ဖြစ်ပါသည်။ CSAs များသည် အကြံပြုချက်များအား ဦးစားပေးထားရှိရန် ကွဲပြားသော စံသတ်မှတ်ချက်များကို အောက်ပါအတိုင်း အသုံးပြုနိုင်ပါသည် -

- CSAs များအား အားပေးထောက်ခံသည့် လူ့အခွင့်အရေးယန္တယားတစ်ရပ် သို့မဟုတ် အဖွဲ့တစ်ခုမှ ဖော်ထုတ်သည့်အကြံပြုချက်များ၊
- CSAs များ၏ ဦးတည်ချက်များနှင့်လုပ်ရားဆောင်ရွက်မှုများနှင့် လိုက်လျောညီထွေမှုရှိသည့် အကြံပြုချက်များ၊ ၎င်းတို့၏နောက်ဆက်တွဲဆောင်ရွက်မှုသည် ၎င်းတို့၏လုပ်ငန်းစီမံချက်များတွင် လက်တွေ့ကျကျပေါင်းစပ်နိုင်မှုရှိသည်၊
- လူ့အခွင့်အရေးဆိုင်ရာဥပဒေအား အနက်ဖွင့်ခြင်းနှင့် ကျင့်သုံးမှုတွင် အသစ်သောတိုးတက်မှု သတ်မှတ်ပေးသည့် အကြံပြုချက်များနှင့် တွေ့ရှိချက်များ၊
- အကြောင်းရင်းများစွာဖြင့် ထောက်ခံမှုရရှိနိုင်သည့် အကြံပြုချက်များ၏ အကောင်အထည်ဖော်ဆောင်မှု (ဥပမာ - အကောင်အထည်ဖော်ဆောင်မှုအတွက် နိုင်ငံမှ ဦးစားပေးထားရှိမှု၊ နိုင်ငံ တကာအသိုင်းအဝိုင်းမှ ဖိအား နှင့်/သို့မဟုတ် ကူညီမှုများ၊ အရင်းအမြစ်ရရှိနိုင်မှု)၊
- အခြားသောအဖွဲ့များနှင့်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အရပ်ဘက်အဖွဲ့အစည်းမှ နောက်ဆက်တွဲ ဆောင်ရွက်နိုင်မည့် အကြံပြုချက်များ၊
- အကောင်အထည်ဖောင်ဆောင်မှုများကို CSAs များမှ တိုင်းတာနိုင်မည့် အကြံပြုချက်များ၊
- CSA ဆောင်ရွက်မှုမရှိသည့် အကြံပြုချက်များကို လျစ်လျူရှုထားရှိခြင်း၊
- အရပ်ဘက်အဖွဲ့အစည်းသို့ အထူးပြုရည်ညွှန်းသည့် အကြံပြုချက်များ (ဥပမာ - လူ့အခွင့်အရေး ကာကွယ်ပေးသူများ၏ အသိုင်းအဝိုင်းကို ရည်ညွှန်းသည့် လူ့အခွင့်အရေးကာကွယ်ပေးသူများ ဆိုင်ရာ အထူးကိုယ်စားလှယ်တော်၏အကြံပြုချက်များ)။

**ကျားမရေးရာနှင့် လိင်ဝိသေသသတ်မှတ်မှုတို့ အပေါ်အခြေပြုသည့် ခွဲခြားဆက်ဆံမှုမရှိခြင်းဆိုင်ရာအကြောင်းအရာအပေါ် UPR အကြံပြုချက်များကို ဦးစားပေးခြင်း**

UPR အကြံပြုချက်များအားဦးစားပေးထားရှိမှုနှင့် ကနဦးလုပ်ငန်းအစီအစဉ်တစ်ရပ်ဖော်ဆောင်မှုတို့ဆိုင်ရာလေ့ကျင့်ခန်းအား အောက်ပါအတိုင်းအကျဉ်းချုပ်နိုင်သည်

| UPR အကြံပြုချက် | ဦးစားပေးမှု | နောက်ဆက်တွဲဆောင်ရွက်မှု အမျိုးအစားနှင့် အဓိက လှုပ်ရှားမှုများ | တာဝန်ရှိအဖွဲ့အစည်း (များ)နှင့် အရင်းအမြစ်များ | သတ်မှတ်ချိန် | တိုင်းတာချက် (များ) |
| --- | --- | --- | --- | --- | --- |
| လိင်စိတ်ခံယူမှု နှင့် လိင်ဝိသေသ သတ်မှတ်ချက်အား ခွဲခြားဆက်ဆံမှုအတွက် တားမြစ်ထားသည့်အကြောင်းပြချက်များ အဖြစ် ထည့်သွင်းရန် ခွဲခြားဆက်ဆံမှု အား ဥပဒေရေးရာ ကာကွယ်မှုကို အားပေး ထောက်ခံပါ | ဦးစားပေးသည်။ အစိုးရ မှလျစ်လျူရှုနိုင် ဖွယ်ဖြစ်သည့် အရေး ကြီးဖွင့်ဟမှု ဖြစ်သည်။ ထိုသို့ မဟုတ်က CSAs များ နှင့် နိုင်ငံတကာ အသိုင်း အဝိုင်းအားဖြင့် အားပေး သည်။ | စည်းရုံးလှုံ့ဆော်ခြင်း။ လွှတ်တော်အမတ်များအား စည်းရုံးခြင်း။ ဥပဒေမူကြမ်း ရေးဆွဲရာတွင် ပါဝင်ခြင်း။ ကဲန်ပိန်းများ။ | အခြားသော CSAs များနှင့် မိတ်ဖက် ပူးပေါင်းသည့် LGBT အဖွဲ့အစည်းများ။ ဆက်လက်ဖြစ်ပျက် နေသော လှုပ်ရှားမှု များ၏ အစိတ် အပိုင်း။ | နောင် ၄ နှစ် | ခွဲခြားဆက်ဆံမှု မပြု ရေး ဥပဒေ တွင်တားမြစ်ထား သည့် ခွဲခြား ဆက်ဆံမှု အကြောင်းရင်းများ အဖြစ် လိင်စိတ်ခံယူမှု နှင့် လိင်ဝိသေသ သတ်မှတ်ချက် တို့အား ပေါင်းစပ်ခြင်း။ |
| လိင်တူချစ်တူ၊ လိင်တူလိင်ကွဲနှစ်မျိုးလုံး ကို ချစ်ခင်စုံမက်သူ၊ ဆန့်ကျင်ဘက်လိင် သို့ ပြောင်းလဲထားသူများအား သည်ခံမှု အားပေးရန် အများဆိုင်ရာအသိပညာ ပေး ကဲန်ပိန်းများ အစပျိုးခြင်း သို့မဟုတ် ပူးပေါင်းဆောင်ရွက်ခြင်း။ | ဦးစားမပေးပါ။ အထက်သို့ကြည့်ပါ။ | ကဲန်ပိန်းများတွင်ပါဝင်ပါ။ ပစ်မှတ်ထားသောလူငယ်၊ အထွေထွေအများပြည်သူနှင့် ဥပဒေစိုးမိုးရေးအေဂျင့်များကို အဆိုပြုပါ။<br>ဦးတည်ထားသည့်ပတ်ဝန်းကျင်များ - အလယ်တန်းကျောင်းများ၊ တက္က သိုလ်များ၊ အားကစား အသင်းများ၊ ရဲသင်တန်းစင်တာ များ။ | အခြားသော CSAs များနှင့် မိတ်ဖက် ပူးပေါင်းသည့် LGBT အဖွဲ့အစည်းများ။ ထပ်လောင်းသော အရင်းအမြစ်များကို ရှာဖွေရမည်။ | နောင် ၄ နှစ် | ကဲန်ပိန်းများ အကောင် အထည် ဖော်ဆောင်ရွက်။ မဲဆန္ဒရှင်ပြည်သူ လူဦးရေ အမျိုးအစား ချိတ်ဆက်သည်။ |
| ကျားမရေးရာသာတူညီမျှရေးကို ဆက်လက်ဆောင်ရွက်ပါ | ဦးစားမပေးပါ။ မရေမရာ ဖော်ထုတ်ထားသည်။ | | | | |

| UPR အကြံပြုချက် | ဦးစားပေးမှု | နောက်ဆက်တွဲဆောင်ရွက်မှု အမျိုးအစားနှင့် အဓိက လှုပ်ရှားမှုများ | တာဝန်ရှိအဖွဲ့အစည်း (များ)နှင့် အရင်းအမြစ်များ | သတ်မှတ်ချိန် | တိုင်းတာချက် (များ) |
|---|---|---|---|---|---|
| ကျား၊မရေးရာကိစ္စရပ်များနှင့် အမျိုးသမီးများအားခွဲခြားဆက်ဆံမှုတို့နှင့် စပ်လျဉ်းသည့် အင်စတီကျူးရှင်းများ နှင့် ကာကွယ်တားဆီးရေးမူဝါဒများ အားဖြည့်ပေးခြင်းဆက်လက်ဆောင်ရွက်ပါ။ | ဦးစားပေးသည်။ တန်းတူညီမျှရေး အင်စတီကျူးရှင်းများအား ပိုမိုသော အရင်းအမြစ်များဖြင့်အားဖြည့် ပေးရန် အစိုးရကို အားပေးရပါမည်။ | စောင့်ကြည့်လေ့လာခြင်းနှင့် စည်းရုံးလှုံ့ဆော်ခြင်း။ ဘတ်ဂျတ်အရင်းအမြစ်များ ခွဲခန့်ထားသည့် ဝန်ကြီးဌာနကို တန်းတူညီ အခွင့်အရေးအတွက် စောင့်ကြည့်လေ့လာပါ။ ဝန်ကြီးဌာနမှ အဆိုပြုကာ အစိုးရမှ အကောင်အထည်ဖော်ဆောင်သည့် အစပျိုးလုပ်ငန်းများကိုစောင့်ကြည့်ပါ။ | CSAs များနှင့် မိတ်ဖက်ပူးပေါင်း ထားသည့် အမျိုးသမီးရေးရာ အဖွဲ့အစည်းများ။ ဆက်လက်ဖြစ်ပျက် နေသော လှုပ်ရှားမှု များ၏ အစိတ်အပိုင်း။ ဘတ်ဂျတ်ရေးရာ စောင့်ကြည့်မှုဆိုင်ရာ ကျွမ်းကျင်သူကို ထပ်မံရှာဖွေရမည်။ | နောင် ၄ နှစ် | ဝန်ကြီးဌာနထံ အရင်းအမြစ်များအား တန်းတူညီ အခွင့်အရေးများအတွက် ခွဲဝေသတ်မှတ်ပေးခြင်း။ သတ်မှတ်ထားသည့် ဝန်ကြီးဌာနမှတင်သွင်းသည့် မူဝါဒ ဆိုင်ရာ အဆိုတင်သွင်းမှုများ နှင့် အစိုးရမှ အကောင်အထည်ဖော်ဆောင်ခြင်း။ |
| CEDAW နှင့်အညီ အမျိုးသမီးမားအား ခွဲခြားဆက်ဆံမှုပြဋ္ဌာန်းချက်များအား ဖျက်သိမ်းရန် မကြာသေးမီက ဥပဒေရေးရာပြုပြင်ပြောင်းလဲမှုဆိုင်ရာ အကောင် အထည်ဖော်ဆောင်မှုအား ဦးစားပေးပါ | ဦးစားပေးသည်။ ခွဲခြားဆက်ဆံမှု မပြုရေး ဥပဒေမူဘောင် တစ်ရပ်ချမှတ်ရန် အချိန်ကျပြီဖြစ် သည်။ | ဥပဒေပြုခြင်းအား စောင့်ကြည့်လေ့လာခြင်း။ CEDAW နိဂုံးချုပ် သုံးသပ်မှု များအား နောက်ဆက်တွဲ ဆောင်ရွက်မှု၏ တစ်ပိုင်းတစ်စ။ | CSAs များနှင့် မိတ်ဖက်ပူးပေါင်း ထားသည့် အမျိုးသမီးရေးရာ အဖွဲ့အစည်းများ။ ဆက်လက်ဖြစ်ပျက်နေသော လှုပ်ရှားမှု များ၏ အစိတ် အပိုင်း။ | CEDAW အောက်၌ ဖြစ်သော နောက် အစီရင်ခံစာ | CEDAW မှ ဖော်ထုတ်ထားသည့် ခွဲခြားဆက်ဆံမှု ဆိုင်ရာ ပြဋ္ဌာန်း ချက်များကို ရုပ်သိမ်းခြင်း။ |
| အမျိုးသမီးများနှင့် အမျိုးသားတို့အကြား လုပ်ခကွာဟမှုကို နီးကပ်လာစေရန် သတ်မှတ်ထားသည့်ဆောင်ရွက်ချက်များ ချမှတ်ပါ | ဦးစားမပေးပါ။ သို့သော် CSAs များမှ ပံ့ပိုး ကူညီသည်။ နောက် ဆက်တွဲ လုပ် ဆောင်ရန် CSAs များ၏ စွမ်းဆောင် ရည် အနောက်တွင် | | | | |

| UPR အကြံပြုချက် | ဦးစားပေးမှု | နောက်ဆက်တွဲဆောင်ရွက်မှု အမျိုးအစားနှင့် အဓိက လှုပ်ရှားမှုများ | တာဝန်ရှိအဖွဲ့အစည်း (များ)နှင့် အရင်းအမြစ်များ | သတ်မှတ်ချိန် | တိုင်းတာချက် (များ) |
|---|---|---|---|---|---|
| အရပ်ဘက်အဖွဲ့စည်းနှင့်ပူးပေါင်းလျက် အမျိုးသမီးများအား ဓလေ့ထုံးတမ်း အလေ့အထများနှင့် ခွဲခြားဆက်ဆံမှု ပုံသေကားကျမှုများအား ဖျက်သိမ်းရေး အမြင်ဖြင့် အသေးစိပ်ဗျူဟာတစ်ရပ် ချမှတ်ပါ။ | ဦးစားပေးသည်။ ၎င်းအား ပူးပေါင်းမှု အဖွဲ့မှ ဦးစားပေးပြီး၊ အကြံပြုချက်သည် အရပ်ဘက်အဖွဲ့ အစည်းအတွက် ရှင်းလင်းသော အခန်းကဏ္ဍကို မျှော်မှန်းထားပါသည်။ | ဗျူဟာဖော်ဆောင်ဖွံ့ဖြိုးမှု တွင် ပါဝင်ပါ။ | ကုလသမဂ္ဂအမျိုးသမီးရေးရာနှင့် မိတ်ဘက်ပူးပေါင်းသည့် အမျိုးသမီးရေးရာ အဖွဲ့အစည်းများ | တစ်နှစ် | ဗျူဟာအတည်ပြုသည်။ |
| ကလေးအလုပ်စေခိုင်းခြင်းအားဖျက်သိမ်းရန် ဆောင်ရွက်မှုများကို အားဖြည့်ပေးဖြင့် ကလေးအခွင့်အရေးကို ကိုင်တွယ်ဆောင်ရွက်နေသည့် အမျိုးသားအဖွဲ့အစည်းများ အကြား ညှိနှိုင်းဆောင်ရွက်မှု တိုးတက်စေခြင်း။ | ဦးစားမပေးပါ။ CSAs များပါဝင်သည် လှုပ်ရှားမှုများ၏ နယ်ပယ်ပြင်ပတွင် ဖြစ်သည်။ | | | | |

## ၄.၅။ အကောင်အထည်ဖော်ဆောင်မှုများ စောင့်ကြည့်လေ့လာခြင်း

အကြံပြုချက်များအပေါ် နိုင်ငံ၏အကောင်အထည်ဖော်ဆောင်မှုအား စောင့်ကြည့်လေ့လာခြင်း သည် အစိုးရ၏တာဝန်ခံမှုကို သေချာစေရန်အတွက် အရပ်ဘက်အဖွဲ့အစည်း၏အရေးကြီးသော လုပ်ရှားမှု ဖြစ်သည်။ ၎င်းတွင် နိုင်ငံသည် သက်ဆိုင်ရာလူ့အခွင့်အရေးစာချုပ်ကို အတည်ပြုထားမှု ရှိ၊မရှိကို လည်းကောင်း၊ နိုင်ငံသို့အလည်အပတ်ပြုရန်အထူးလုပ်ငန်းအစီအစဉ်အား ဖိတ်ကြားထား မှုရှိ၊မရှိကို လည်းကောင်း၊ ခွဲခြားဆက်ဆံမှုမပြုရေးဆိုင်ရာဥပဒေကို အတည်ပြုခြင်းရှိ၊မရှိကိုလည်း ကောင်း၊ ကွဲပြားသော အရင်းအမြစ်များနှင့် နေရာများစွာတို့ရှိ အချက်အလက်အပြောက်အများကို စုဆောင်းခြင်းနှင့် ပေါင်းစည်းခြင်းတို့ပါဝင်သည့် လုပ်ငန်းစဉ်များအား ရှုပ်ထွေးသော စောင့်ကြည့် လေ့လာမှုလည်းကောင်း၊ သတ်မှတ်ထားသည့်အချိန်အတွင်း တိုင်းတာချက်များနှင့် စံအမှတ်များတို့ နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက် များအား စိစစ်သုံးသပ်ခြင်းလည်းကောင်း ပါဝင်နိုင် သည်။ မည့်သည့်စောင့်ကြည့်မှုမျိုးမဆို၊ ရိုးရှင်းသည် ဖြစ်စေ၊ ရှုပ်ထွေးသည်ဖြစ်စေ၊ **အရေးကြီးသည် မှာ တွေ့ရှိချက်များသည် တိကျခိုင်လုံမှု ရှိရပါမည်။** တွေ့ရှိချက်များသည် ပြည်တွင်းအစိုးရနှင့် စည်းရုံး လှုံ့ဆော်ခြင်းအတွက် အခြေခံတစ်ရပ်အဖြစ် ဆောင် ကျဉ်းပေးနိုင်ပြီး၊ လူ့အခွင့်အရေးယန္တယားများ သို့ တင်သွင်းမှုများအဖြစ် ဖော်ဆောင်ပေးနိုင်ရာ ဥပမာ UPR ၏ဒုတိယ သို့မဟုတ် တတိယ အကျော့တို့တွင် စာချုပ်အဖွဲ့များ၏ နောက်ဆက်တွဲသုံးသပ်မှု အတွက် လူ့အခွင့်အရေးကောင်စီထံ နှုတ်ပြောနောက်ဆုံးအခြေအနေအဖြစ် ဆောင်ရွက်နိုင်သည်။ လူ့အခွင့်အရေးဆိုင်ရာ OHCHR ၏ လက်စွဲ[5]တွင် လူ့အခွင့်အရေးဆိုင်ရာအလေးထားစရာများ ချိတ်ဆက် နိုင်ရန်နှင့်ဖြေရှင်းနိုင်ရန် ထိရောက်သောစုဆောင်းမှုကဲ့သို့သောစောင့်ကြည့်လေ့လာမှု နည်းစနစ်၊ အတည်ပြုချက်၊ စိစစ် ချက်နှင့် သတင်းအချက်အလက်များအသုံးချမှုစသည်တို့ဆိုင်ရာ အသေးစိပ်လမ်းညွှန်မှုကို ဖော်ပြ ထားပါသည်။ ဤအနက်ဖွင့်ဆိုချက်အရ စောင့်ကြည့်လေ့လာခြင်းကို ရှည်လျားသောကာလတစ်ခု အတွင်းဆောင်ရွက်ပါသည်။ စောင့်ကြည့်လေ့လာမှုဖြစ်စဉ်တစ်ခုလုံးအား လူ့အခွင့်အရေးဆိုင်ရာ စောင့်ကြည့်လေ့လာမှုလုပ်ငန်းစက်ဝိုင်း(အောက်တွင်ကြည့်ပါ) အဖြစ်လည်း ရည်ညွှန်းပါသည်။

### စောင့်ကြည့်လေ့လာမှုလုပ်ငန်းစက်ဝိုင်း




5 Manual on human rights monitoring (United Nations publication, HR/P/PT/7/Rev.1).

## ဟောင်ကောင်မြို့ရှိ မဲရုံများ၌ သတင်းအချက်အလက်နှင့် စာရွက်စာတမ်းများ ရရှိနိုင်မှုကို စောင့်ကြည့်လေ့လာခြင်း

ဟောင်ကောင်အပါအဝင် တရုပ်နိုင်ငံကို ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလတွင် မသန်စွမ်းပုဂ္ဂိုလ်များ၏ အခွင့်အရေးဆိုင်ရာကော်မတီ(CRPD) မှ သုံးသပ်မှုပြုခဲ့ပါသည်။ Chosen Power ဟူသည့်အဖွဲ့အစည်း မှ  ကိုယ်ထူကိုယ်ထစည်းရုံးလှုံ့ဆော်သူများအဖွဲ့သည် ၇ ကြိမ်နှင့် ၈ ကြိမ်မြောက် CRDP ကော်မတီ အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး ၎င်းတို့၏အစိုးရမှ ထိုသူတို့၏အခွင့်အရေးများကို မည်သို့ ထိန်းသိမ်းပေးကြောင်း အကျဉ်းချုပ်ရှင်းလင်းပေးပြီး၊ ဟောင်ကောင်ရှိ ၎င်းတို့၏စည်းလှုံ့ဆော်မှု လုပ်ငန်းတွင် ယင်းအတွေ့အကြုံကို အသုံးပြုခဲ့ပါသည်။ Chosen Power သည် ပထမဆုံးသောကိုယ်ထူကိုယ်ထ စည်းရုံးလှုံ့ဆော်ပြီး ကိုယ့်အားကိုယ်ကိုးသည့်အဖွဲ့အစည်းဖြစ်ကာ အာရှရှိ ကွဲပြားသော သင်ယူမှုစွမ်းရည် ရှိကြသော လူပုဂ္ဂိုလ်များမှ ဦးဆောင်ပါသည်။ ဂျီနီဗာတွင် ၎င်းတို့၏ပါဝင်မှုအားဖြင့် ပထမဆုံး အကြိမ်အဖြစ် ပညာတတ်မသန်စွမ်းပုံဂ္ဂိုလ်များမှ ကော်မတီသို့ မိန့်ခွန်းပြောကြားမှုတင်ဆက်ခဲ့ပါသည်။

အကြောင်းကိစ္စရပ်များကို အတည်ပြုသည့် ၇ ကြိမ်မြောက်အစည်းအဝေးပြီးနောက်တွင် Chosen Power သည် မဲရုံများ၌ ပညာတတ်မသန်စွမ်းပုဂ္ဂိုလ်များမှ သတင်းအချက်အလက်နှင့် စာရွက်စာတမ်း များ ချဉ်းကပ်ရရှိနိုင်ရေးအတွက်လည်းကောင်း၊ မဲရုံခန်းထဲ့သို့ အကူပုဂ္ဂိုလ်ဖြင့်ဝင်ရောက်ကာ မိမိတို့၏ ကိုယ်ပိုင်ရွေးချယ်မှုပြုခွင့်အတွက်လည်းကောင်း စည်းရုံးမှုပြုခဲ့ပါသည်။ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လတွင် မှတ်ပုံတင်နှင့်မဲဆန္ဒရှင်ဆိုင်ရာရုံး၏ တာဝန်ခံများနှင့်တွေ့ဆုံကာ ၎င်းကိစ္စရပ်များသာမက မျက်မမြင် ပုဂ္ဂိုလ်များအတွက် မဲပေးမှု မရရှိနိုင်ခြင်း၊ အင်စတီကျူးရှင်းများတွင်နေထိုင်ကြသောပုဂ္ဂိုလ်များမှ မဲ မပေးနိုင်ခြင်း၊ ထိုသူတို့အား "စိတ်ပိုင်းဆိုင်ရာမသန်စွမ်း" ဟူသည့်သတ်မှတ်ချက်ဖြင့် မဲပေးခွင့်ပိတ်ပင် ထားခြင်း စသည့် အရေးကိစရပ်များကို တင်ပြခဲ့ပါသည်။

၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် ရွေးကောက်ပွဲများကျင်းပခဲ့ရာ Chosen Power မှ ရွေးကောက်ပွဲ ကဏ္ဍများစွာတို့အားစောင့်ကြည့်ခဲ့ကြပါသည်။ ၎င်းတို့မှ ရွေးကောက်ပွဲဆိုင်ရာ ဝက်ဘ်ဆိုက်များ ဝင်ရောက်၍ မရခြင်း၊ မဲရုံများ၌ မဲပေးမှုလမ်းညွှန်ဆိုင်ရာ "easy to read" များကိုဝင်ရောက်ရန် အချိန် ကြာမြင့်စွာစောင့်ဆိုင်းရခြင်းစသည်တို့အား တွေ့ရှိခဲ့ပြီး၊ ရံဖန်ရံခါ မဲရုံများ၌ ပြင်ဆင်ပေးသော အကူအညီ သည် ၎င်းတို့၏ ကိုယ်ပိုင်ဆုံးဖြတ် ခွင့်နှင့် လျို့ဝှက်မှုတို့အား အပြည့်အဝလေးစားလိုက်နာမှုမရှိကြောင်း ခံစားရပါသည်။

CRPD ကော်မတီသုံးသပ်မှုလုပ်ငန်းစဉ်တွင် ပါဝင်မှု၏အပေါင်းလက္ခဏာရလဒ်တစ်ရပ်မှာ မသန်စွမ်း ပုဂ္ဂိုလ်များ၏အဖွဲ့အစည်းများနှင့် CSAs များအား ပို၍ကျယ်ပြန့်သောအရပ်ဘက်အဖွဲ့အစည်းရှိ လက်ရှိ မသန်စွမ်းအရေးကိစ္စများအား ကူညီပေးနေသည့် ပူးပေါင်းဆောင်ရွက်မှုတွင် ပူးပေါင်းရန် စည်းရုံးနိုင်မှု ပင်ဖြစ်သည်။ ဟောင်ကောင်တွင် ယင်းအဖွဲ့အစည်းများသည် ဟောင်ကောင်နှင့်ဆိုင်သော ကိစ္စရပ်များ အတွက် လူ့အခွင့်အရေးကောင်စီထံသို့ တင်သွင်းမှုတစ်ရပ်အားပံ့ပိုးရန် အတူတကွလုပ်ဆောင်ကြရာ ၎င်းတွင် ထိုသူတို့၏တန်းတူညီပါဝင်နိုင်ရေးအတွက် လိုအပ်သောပြောင်းလဲမှုများဆောင်ရွက်ရန် အစိုးရ အပေါ်ဖိတ်အားပေးမှုတိုးမြင့်လာစေရေးအလို့ငှါ နိုင်ငံရေးဆိုင်ရာပါဝင်မှုအတွက် ၎င်းတို့၏အခွင့်အရေး ကိုဖော်ထုတ်ပေးပါသည်။

### အကောင်အထည်ဖော်ဆောင်မှုအား စောင့်ကြည့်လေ့လာရန် လူ့အခွင့်အရေးဆိုင်ရာ တိုင်းတာချက်များ ကိုအသုံးပြုခြင်း

ကြောင်းကျိုးခိုင်လုံပြီး ပွင်းလင်းမြင်သာသောနည်းစနစ်များအပေါ်အခြေပြုလျက် အရေအတွက်နှင့် အရည်အသွေးဆိုင်ရာတိုင်းတာချက်များကို  အကြံပြုချက်များ အကောင်အထည်ဖော်ဆောင်မှုအား စောင့်ကြည့်လေ့လာရာတွင် အသုံးပြုနိုင်ပါသည်။ ဥပမာ၊ လိင်နှင့်မျိုးပွားမှုကျန်းမာရေးဆိုင်ရာ ဥပဒေ တစ်ရပ်အတည်ပြုရန် အကြံပြုချက်တစ်ရပ်အားအကောင်အထည်ဖော်ဆောင်မှုစိစစ်မှုပြုပေးမည့် တိုင်းတာချက်များသည် ထိုဥပဒေအသက်ဝင်လာမှုနေ့နှင့် ၎င်း၏လွှမ်းခြုံမှုနယ်ပယ်တို့ ဖြစ်နိုင်သည်။

ဤနယ်ပယ်ရှိအခြားအကြံပြုချက်တစ်ခုမှာ "နိုင်ငံတစ်ဝှမ်း ဘေးကင်းပြီး ကုန်ကျစရိတ်နည်းသည့် သန္ဓေ တားခြင်းဝန်ဆောင်မှုများရရှိနိုင်မှုတိုးမြင့်ရန် ဆက်လက်ဆောင်ရွက်ရေး" ဖြစ်နိုင်သည်။

သန္ဓေတားဆေးကိုအသုံးပြုသည့် အမျိုးသမီးများ သို့မဟုတ် ၎င်းတို့၏အိမ်ထောင်ဖက် အချိုးအစား ဆိုင် ရာ တိုင်းတာချက်တစ်ရပ်သည် ပါဝင်ပတ်သက်သူများအား အကောင်အထည်ဖော်ဆောင်မှု အတိုင်း အတာကို ရရှိနိုင်ရန်ခွင့်ပြုပေးပါသည်။ သန္ဓတားဆေးအသုံးပြုမှုအချက်အလက်များကို ကုလသမဂ္ဂ လူဦးရေဌာနမှ ပြည်တွင်းကိုယ်စားပြုစစ်တမ်းကောက်ယူမှုများအသုံးပြုချက် ထုတ်ဝေပါသည်။

တိုင်းတာချက်များအတွက် အချက်အလက်များစုဆောင်းရာတွင် အခြေအနေတစ်ရပ်၏ ခွဲခြားဆက်ဆံမှု ကဏ္ဍရပ်များကို ပါဝင်စေသည့် သီးခြားအချက်အလက်များရှိရန်မှာလည်း အရေးကြီး ပါသည်။ ပြည့်စုံ စေ့စပ်မှုမရှိသည့်အချက်အလက်စာရင်းတွင်လည်းကောင်း၊ အခြေအနေတစ်ခုစီတိုင်း၌ သက်ဆိုင်မှုနှင့် လက်တွေ့ကျမှုတို့အပေါ်မူတည်၍လည်းကောင်း တိုင်းတာချက်များသည် လူမျိုးရေး၊ အသားရောင်၊ လိင်၊ အသက်၊ ဘာသစကား၊ ဘာသာရေး၊ နိုင်ငံရေး သို့မဟုတ် အခြားအယူအဆများ၊ အမျိုးသားရေး သို့မ ဟုတ် လူမှုရေး မူလအစ၊ ပိုင်ဆိုင်မှု၊ မွေးဖွားမှု၊ ရုပ်ပိုင်း သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ မသန်းစွမ်းမှု၊ ကျန်းမာ ရေးအခြေအနေ (HIV/AIDS အပါအဝင်)၊ လိင်စိတ်ခံယူမှု၊ နှင့် နိုင်ငံသား၊ နိုင်ငံရေး သို့မဟုတ် အခြား အဆင့်အတန်း စသည်တို့ အပေါ်အခြေခံလျက် သီးခြားထားရှိနိုင်ပါသည်။ သက်ဆိုင်ရာတိုင်းတာချက် များ ဖော်ထုတ်ပြီးသည်နှင့် အကြံပြုချက်များအပေါ် နိုင်ငံများမှ ကတိကဝတ်ထားရန်နှင့် ဆောင်ရွက်မှု ပြုရန် တိုက်တွန်းပေးမည့် စံသတ်မှတ်ချက်များချမှတ်ခြင်းသည် အသုံးဝင်ပါသည်။

**လူမှုစောင့်ကြည့်ရေးအဖွဲ့**[6]နှင့် **စီးပွားရေးနှင့်လူမှုရေးအခွင့်အရေးဆိုင်ရာစင်တာ**[7] တို့သည် အကြံပြုချက် များအား နောက်ဆက်တွဲဆောင်ရွက်မှုအတွက် တိုင်းတာချက်များအသုံးပြုရာတွင် အတွေ့အကြုံရှိသည့် အဖွဲ့အစည်းများဖြစ်သည်။[8]

## ၄.၆။ အရှိန်အဟုန်အားလက်မလွှတ်တမ်းအသုံးချခြင်း

ကုလသမဂ္ဂလူ့အခွင့်အရေးယန္တယားများ သို့မဟုတ် အထူးလုပ်ငန်းအစီအစဉ်လုပ်ပိုင်ခွင့်ရရှိသူ တစ်ဦး၏ လာရောက်လည်ပတ်မှုမှ နိုင်ငံတစ်နိုင်ငံ၏လူ့အခွင့်အရေးအခြေအနေသုံးသပ်မှုသည် မကြာခဏဆိုသလို အောက်ပါကဲ့သို့သော အရှိန်အဟုန်ကိုဖန်တီးပေးနိုင်ပါသည် -

6 www.socialwatch.org

7 www.cesr.org

8 For more guidance on indicators, see Human Rights Indicators - A Guide to Measurement and Implementation (United Nations publication, HR/PUB/12/5).

- လူ့အခွင့်အရေးအခြေအနေတစ်ရပ်အပေါ် မကြာခဏဆိုသလို မီဒီယာ၏ဂရုစိုက်ခံရမှု၊
- ဗဟို သို့မဟုတ် ဒေသန္တရအဆင့်များရှိ အချို့သောလူ့အခွင့်အရေးပြဿနာများကို ဖြေရှင်းရန် နိုင်ငံ့အာဏာပိုင်များ၏ပွင့်လင်းမှု၊
- အရပ်ဘက်အဖွဲ့အစည်းနှင့် အပြန်အလှန်ဆွေးနွေးမှုတွင် အစိုးရမှ ပါဝင်ဆွေးနွေးသူအသစ်များ ချိတ်ဆက်ပါဝင်လာရန် အဆင်သင့်ဖြစ်ခြင်း၊
- လူ့အခွင့်အရေးတိုးတက်လာစေမည့် ဆောင်ရွက်ချက်များချမှတ်ခြင်းအတွက် တွန်းအားသစ်များ၊
- လူ့အခွင့်အရေးစံနှုန်းများနှင့်ကိုက်ညီသည့် ဥပဒေပြဋ္ဌာန်းမှုအတည်ပြုရန် နိုင်ငံရေးဆန္ဒ လက္ခဏာများ၊
- သက်ဆိုင်ရာနယ်ပယ်တစ်ခုတွင် လုပ်ငန်းဆောင်ရွက်ရန်အရင်းအမြစ်အသစ်များရရှိနိုင်ခြင်း၊
- သုံးသပ်မှုအတွက် မိတ်ဖက်အဖွဲ့များ (သို့) ညွန်ပေါင်းအဖွဲ့များ ဖန်တီးခြင်း (သို့) အားဖြည့်ပေးခြင်း။

CSAs များသည် လူ့အခွင့်အရေးယန္တယားများ၏လှုပ်ရှားမှုများတလျှောက် အချိန်အဟုန်တစ်ရပ် ဖန်တီးရာတွင်လည်းကောင်း၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှုတိုးတက်စေမည့် ဗျူဟာ များ တိုးတက်စေရန် ထိုသို့သောအခွင့်အလမ်းများ အသုံးချရာတွင်လည်းကောင်းအရေးကြီးသော အခန်းကဏ္ဍတစ်ရပ်အဖြစ် ပါဝင်နိုင်ပါသည်။

## ၄.၇။ ညွန့်ပေါင်းအဖွဲ့များဖန်တီးခြင်းနှင့်၎င်းတို့ဖြင့်အတူလုပ်ဆောင်ခြင်း

CSA ညွန့်ပေါင်းအဖွဲ့များမှတဆင့် လူ့အခွင့်အရေးယန္တယားများ၏လုပ်ငန်းတွင်ပါဝင်ခြင်းသည် မကြာခဏဆိုသလို အပေါင်းလက္ခဏာရလဒ်များဖြစ်ထွန်းစေသည်။ ဥပမာအားဖြင့် -

- ညွန့်ပေါင်းအဖွဲ့မှဖော်ထုတ်ထားသည့်ဦးစားပေးချက်များကို ထင်ဟပ်စေသည့်အကြံပြုချက်များ ဖြစ်နိုင်ခြေမြင့်တက်လာမှုနှင့်အတူ လူ့အခွင့်အရေးယန္တယားများသို့ ပို၍ပြည့်စုံသော တင်သွင်း မှုများပေးပို့ခြင်း၊
- အထူးပြုချက်၊ အရင်းအမြစ်နှင့်ကျွမ်းကျင်မှုတို့အရ ညွန့်ပေါင်းအဖွဲ့၏ အဖွဲ့အစည်းအသင်းဝင် များအကြား လုပ်ငန်းခွဲဝေမှု၊ ပိုမိုထိရောက်သောပါဝင်ခြင်းနှင့်နောက်ဆက်တွဲလုပ်ငန်းများကို ရလဒ်ဖြစ်စေသည် (ဥပမာ - အချို့သောအဖွဲ့အစည်းများသည် စည်းရုံးလှုံ့ဆော်ခြင်း သို့မဟုတ် အသိပညာပေးခြင်းကိုဦးစားပေးသည်။ အခြားတို့မှ နည်းပညာဒေတာများနှင့်သတင်းအချက် အလက်များပါဝင်သည့် အချက်အလက်များ စောင့်ကြည့်ခြင်း၊ စုဆောင်းခြင်းနှင့် စိစစ်ခြင်း ဆောင်ရွက်သည်။ အခြားတို့မှ လူ့အခွင့်အရေးချိုးဖောက်ခံရသူများအား ပံ့ပိုးပေးခြင်းနှင့် ၎င်းတို့၏ အသံနှင့် သက်သေများ အများကြားသိစေရန် ကူညီပေးသည်)၊
- CSAs များအကြား လုပ်ငန်းဆိုင်ရာ ဆက်နွှယ်မှုများ၊ ပူးပေါင်းဆောင်ရွက်မှု၊ စည်းလုံးညီညွတ်မှုတို့ တိုးတက်လာခြင်း။ ဤသည် CSAs များ ခြိမ်းခြောက်မှုအောက်ရောက်ရှိလာလျှင် အထူးသဖြင့် အရေးကြီးသည်။
- ညွန့်ပေါင်းအဖွဲ့သည် လူ့အခွင့်အရေးယန္တယားများ၊ နိုင်ငံ့အာဏာပိုင်များနှင့် အခြားပါဝင်ပတ် သက်သူများ (ဥပမာ - သံတမန်ရေးရာမစ်ရှင်များ၊ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ)တို့ နှင့် ဆက်နွှယ်၍ သတင်းစကားနှင့်ရည်ရွယ် ချက်ဆိုင်ရာစည်းလုံးမှုတစ်ရပ်နှင့်အတူ လွှမ်းမိုးမှုနှင့် ယုံကြည်အားထားခံရမှုတိုးမြင့်လာခြင်း၊

- သေးငယ်သော CSAs များ၏အရေးကိစ္စများသည် ညွန့်ပေါင်းအဖွဲ့များမှတစ်ဆင့် တင်ဆက်သည့်အခါ ပို၍စိတ်ပါဝင်စားမှုရရှိခြင်း၊

## ဖိလစ်ပိုင်နိုင်ငံ၌ ညှဉ်းပန်းနှိပ်စက်မှု ကာကွယ်တားဆီးရေးတွင် CSA ညွန့်ပေါင်းအဖွဲ့မှ UPR အားဖြင့် အခြေအနေတိုးတက်စေပါသည်။

ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ UPR အတွက် အရပ်ဘက်အဖွဲ့အစည်း၏ ပူးတွဲအစီရင်ခံစာအား ပြင်ဆင်မှုတွင် Medical Action Group (MAG)အဖွဲ့သည် ပါဝင်ခဲ့လေသည်။ ၂၀၁၂ ခုနှစ်၊ မေလတွင် UPR ဆောင်ရွက်မှုမပြုမီ CSA ညွန့်ပေါင်းအဖွဲ့ဝင်များမှ သံတမန်ရေးရာသတင်းစာရှင်းလင်းပွဲတစ်ခုကို စီစဉ်ခဲ့ရာ သံရုံးပေါင်း ၂၀ ခန့်မှ တက်ရောက်ခဲ့ကြလေသည်။ ဂျနီဗာတွင် ၎င်းတို့၏ အမှုထားစရာကိစ္စရပ်များကို သိရှိစေရန် သံတမန်ရေးရာမစ်ရှင် ၁၆ ခုနှင့် တွေ့ဆုံမှုများဆောင်ရွက်ခဲ့ပါသည်။ "ကျွန်ုပ်တို့ရဲ့ ဦးစားပေးအလေးထားစရာတွေကို လိုရင်းတိုရှင်းပုံစံတစ်ခုနဲ့ ကိစ္စရပ်တစ်ခုစီတိုင်းအတွက် အချက်အလက် စာတစ်မျက်နှာစီ ဖွဲ့စည်းပြီး တင်ဆက်နိုင်ခဲ့ပါတယ်" ဟု ညွန့်ပေါင်းအဖွဲ့ဝင်များမှ ပြောဆိုခဲ့ပါသည်။ "အစီရင်ခံစာတင်သွင်းရာမှာဖြစ်စေ၊ UPR လုပ်ငန်းစဉ်၌ အစိုးရများအား စည်းရုံးမှုပြုရာမှာဖြစ်စေ CSAs များ၏ ညွန့်ပေါင်းအဖွဲ့အဖြစ်ဆောင်ရွက်မှုရဲ့ ကြီးမားတဲ့တန်ဖိုးကတော့ သင့်လျော် စပ်လျဉ်းမှုရှိတဲ့ အကြံပြုချက်များ ရလဒ်ရရှိခြင်းပဲဖြစ်ပါတယ်။ ၎င်းစာ နောက်ဆက်တွဲဆောင်ရွက်မှုနှင့် အကောင်အထည် ဖော်ဆောင်မှုဆိုင်ရာ အစိုးရနှင့်အတူကျွန်ုပ်တို့ရဲ့ချိတ်ဆက်ဆောင်ရွက်မှုတို့မှာလည်း ကူညီပေးပါတယ်။"

MAG နှင့် United Against Torture Coalition (UATC) ဖိလစ်ပိုင် တို့သည် ယခုလျှင် ညှဉ်းပန်းနှိပ်စက်မှုကာကွယ်တားဆီးရေးဆိုင်ရာ ၎င်းတို့၏လုပ်ငန်းကိုပံ့ပိုးရန် UPR အကြံပြုချက်များကို အသုံးပြုကြပါသည်။ "UPR အကြံပြုချက်များကို ကျွန်ုပ်တို့ရဲ့ စောင့်ကြည့်လေ့လာမှုလုပ်ငန်းနှင့် စည်းရုံးလှုံ့ဆော်ရေးလှုပ်ရှားမှုတို့မှာ အသုံးချပြီး အဲ့ဒီလုပ်ဆောင်မှုတွေရဲ့ ဦးစားပေးချက်ကတော့ ညှဉ်းပမ်းနှိပ်စက်မှုရဲ့ ဆေးကုသမှုကဏ္ဍပိုင်း အပေါ် အများပြည်သူရဲ့ အမြင်ပိုမိုပွင့်လင်းလာဖို့ဖြစ်ပြီး၊ Istanbul နောက်ဆက်တွဲစာချုပ်နှင့် ညှဉ်းပန်း နှိပ်စက်မှုမှ လွတ်မြောက်လာသူများနှင့် ၎င်းတို့ရဲ့မိသားစုများအတွက် ပြန်လည်ပြုစုပျိုးထောင်ရေး အစီ အစဉ်များ တည်ထောင်ပေးခြင်း စသည်တို့လည်းပါဝင်ပါတယ်" ဟု MAG ကိုယ်စားလှယ်တစ်ဦးမှ နိဂုံး ချုပ်ခဲ့ပါသည်။

## ဆွစ်ဇလန်နိုင်ငံတွင် စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာ အကြံပြုချက်များအကောင်အထည်ဖော်ဆောင်ရန်လမ်းပြမြေပုံတစ်ခု

The Coalition Suisse Romande sur les droits économiques, sociaux et culturels သည် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ ဆွစ်ဇလန်အပေါ် နိဂုံးချုပ်သုံးသပ်မှုအား နောက်ဆက်တွဲဆောင်ရွက်မှုအား အစပျိုးလုပ်ဆောင်ခဲ့ပါသည်။ ၎င်းသည် နိဂုံးချုပ်သုံးသပ်မှုများတွင် ထင်ဟပ်ထားသည့် ကွဲပြားသော နယ်ပယ်များတွင် အထူးပြုသော CSAs များကို ဖိတ်ကြားခဲ့ပြီး အကြံပြုချက်အသီးသီး

အား အကောင်အထည်ဖော်ဆောင်မှုအလို့ငှါ မည်သို့သောတောင်းဆိုမှုရှိသည်ကို ရှင်းလင်းရန် ပံ့ပိုးကူညီစေခဲ့ပါသည်။ သွင်းအားစုအားလုံးကို ခိုင်မာသောလမ်းညွှန်ချက်များအဖြစ်ပြုစုလိုက်ပြီး အစိုးရတာဝန်ခံ များနှင့် စားပွဲဝိုင်းဆွေးနွေးမှုများတွင် ၎င်းတို့အားဆွေးနွေးခဲ့ပါသည်။

အတွေ့အကြုံအရ ညွှန့်ပေါင်းအဖွဲ့များနှင့်အတူ လုပ်ဆောင်ခြင်းသည် ယေဘုယျအားဖြင့် ကောင်းမွန်သောရလဒ်များရရှိသော်လည်း၊ အတိတ်ဆောင်ရွက်ချက်မှ သင်ယူခဲ့သည့်အချက်အရ အချို့သော ယေဘုယျစိန်ခေါ်မှုများကိုလည်း အောက်ပါအတိုင်းဖော်ထုတ်ထားပါသည် -

- ညှိနှိုင်းလုပ်ဆောင်မှုတွင်ပါဝင်သော အရင်းအမြစ်များနှင့် အချိန်
- ဦးစားပေးအချက်များနှင့် အခန်းကဏ္ဍများအပေါ် သဘောတူညီမှု
- ညွှန်ပေါင်းအဖွဲ့၏ ရည်ရွယ်ချက်ဆိုင်ရာအရှိန်အဟုန်နှင့် သဘောတရားတို့အား ထိန်းသိမ်းခြင်း
- အများဆန္ဒရယူခြင်းသည် အချို့သောကိစ္စရပ်များအား လေးနက်မှုကင်းမဲ့စေခြင်း၊

## ဂျပန်နိုင်ငံတွင် လူမျိုးရေးဖိနှိပ်ခွဲခြားဆက်ဆံမှုအားတိုက်ဖျက်ချေမှုန်းခြင်း

၂၀၀၅ ခုနှစ်တွင် လူမျိုးရေးဝါဒ၊ လူမျိုးရေးဖိနှိပ်ခွဲခြားမှု၊ လူမျိုးရေးမုန်းတီးမှုနှင့် ၎င်းတို့နှင့်စပ်လျဉ်းသော ဖိနှိပ်မှုတို့တို့၏ ခေတ်သစ်ပုံသဏ္ဍာန်များအားဆန့်ကျင်ရေးဆိုင်ရာ အထူးကိုယ်စားလှယ်တော်မှ လည်ပတ်မှုပြုပြီးနောက်၊ ၂၀၀၇ ခုနှစ်တွင် လူမျိုးရေးဖိနှိပ်ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ဂျပန် NGO ကွန်ယက်(ERD Net)ကို ဖွဲ့စည်းခဲ့ပါသည်။ နိုင်ငံတကာ ဖိနှိပ်ခွဲခြားဆက်ဆက်မှုနှင့် လူမျိုးရေးဝါဒ ပုံသဏ္ဍာန်အားလုံးဆန့်ကျင်လုပ်ရှား (IMADR)၏ ပံ့ပိုးပေးမှုဖြင့် ERD Net သည် ဂျပန်နိုင်ငံတွင် လူမျိုးရေးဖိနှိပ်ခွဲခြား မှုဖယ်ရှားဖျက်သိမ်းရေးဆိုင်ရာနိုင်ငံတကာသဘောတူညီချက်၏ အကောင်အထည်ဖော်ဆောင်မှု အတွက် EDR Net သည် ဆောင်ရွက်လျက်ရှိပါသည်။ ERD Net သည် လူမျိုးရေးဖိနှိပ်ခွဲခြား ဆက်ဆံမှုဖျက်သိမ်းရေးဆိုင်ရာကော်မတီ(CERD) သို့ ဂျပန်နိုင်ငံဆိုင်ရာ ရဲဒိုးအစီရင်ခံစာ တစ်ရပ် တင်သွင်းခဲ့ပါသည်။ ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလတွင် EDR Net ကိုယ်စားလှယ်များသည် အစည်းအဝေးညီလာခံသို့ တက်ရောက်ခဲ့ပြီး CERD အတွက် အကျဉ်းချုပ်ရှင်းလင်းမှုတစ်ရပ်စီစဉ်ခဲ့ပါသည်။ ၂၀၁၀ ခုနှစ် ဩဂုတ်လမှ ၂၀၁၂ ခုနှစ် ဖွန်လအတွင်း ၎င်းအဖွဲ့သည် အစိုးရနှင့် အတိုင်အပင်ခံ ဆွေးနွေးမှုများ တစ်သီးတန်းဆောင်ရွက်ပြီး၊ CERD ၏ နိဂုံးချုပ်သုံးသပ်မှုများအပေါ်အခြေပြုလျက် လွှတ်တော်အမတ်များအတွက် အလုပ်ရုံဆွေးနွေးပွဲများစီစဉ်ပေးခဲ့ပါသည်။ “ဒီလှုပ်ရှားမှုတွေက ကုလသမဂ္ဂအဆင့်နှင့် အမျိုးသားအဆင့်နှစ်ခုလုံးမှ ကျွန်ုပ်တို့ရဲ့ စည်းရုံးလှုံ့ဆော်ရေးကျွမ်းကျင်မှုကို အားဖြည့်ပေးပါတယ်” ဟု EDR Net အဖွဲ့ဝင်တစ်ဦးမှ ပြောလေသည်။ “ဤအတွေ့အကြုံအရ မီဒီယာသည် ကျွန်ုပ်တို့ ပိုမိုအားဖြည့်လုပ်ဆောင်ရမည့်နယ်ပယ်တစ်ခုဖြစ်ကြောင်း ဖော်ထုတ်ပေးပါတယ်။ ဂျပန်နိုင်ငံက လူ့အခွင့်အရေးအခြေအနေများကို နိုင်ငံတကာယန္တယားများက ဘယ်လိုရှုမြင်သလဲဆိုတဲ့ မီဒီယာရဲ့ အာရုံစိုက်မှုရရှိခြင်းအား တကယ်ပဲ အကျိုးဖြစ်ထွန်းစေပါလိမ့်မယ်။”

# ၄.၈။ မိတ်ဖက်ဖွဲ့ခြင်း

နောက်ဆက်တွဲဆောင်ရွက်မှုနှင့် လူ့အခွင့်အရေးအကောင်အထည်ဖော်ဆောင်မှုဆိုင်ရာ

မိတ်ဖက်များနှင့် အတူလုပ်ကိုင်ဆောင်ရွက်ခြင်းတွင် ဗျူဟာကျသည့်တန်ဖိုးတစ်ခုရှိနိုင်သည်။

အတိတ်အတွေ့အကြုံအရ လူ့အခွင့်အရေးလုပ်ငန်းစဉ်များတွင် ပါဝင်ခြင်းသည် CSAs များအကြား မိတ်ဖက်ဖွဲ့ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုများအတွက် အခွင့်အရေးများ ဖွင့်လှစ်ပေးနိုင်ပါသည်။ ဤအခွင့်အရေးများအား လက်မလွတ်တမ်းအသုံးချခြင်းနှင့် ထိုမိတ်ဖက်ဖွဲ့ခြင်းမှ အကောင်းဆုံးအရာများဆောင်ကျဉ်းခြင်းဖြင့် ရလဒ်များကို တိုးပွားစေနိုင်ပါသည်။ မိတ်ဖက်အဖွဲ့များ ဖွဲ့စည်းသည့်အခါ သဘောထားအမြင်များအားလုံးကို ထည့်သွင်းစဉ်းစားမှုရရှိစေရန်အတွက် မိတ်ဖက်အဖွဲ့များ၏ ထွေပြားမှုရှိခြင်းသည် ပဓာနကျပါသည်။

မိတ်ဖက်အဖွဲ့များနှင့်လုပ်ကိုင်ဆောင်ရွက်ခြင်းသည် အဆင့်များစွာတွင်ဖြစ်နိုင်သည် - အချို့တို့သည် တူညီသောဦးတည်ချက်များရှိနေနေနိုင်သလို၊ အခြားတို့တွင် အရင်းအမြစ်များ၊ တိကျသော ကျွမ်းကျင်မှု သို့မဟုတ် အဆက်အသွယ်များကျယ်ပြန့်သည့်ကွန်ယက်တို့ ရှိနေနိုင်ပြီး၊ အခြားတို့သည် အဓိကကျသော တာဝန်ခံများ သို့မဟုတ် ထိုသူတို့အားလွှမ်းမိုးနိုင်ခြင်းတို့ဖြစ်နိုင်သည်။

အဓိကလုပ်ကိုင်ဆောင်ရွက်သူများနှင့် အန္တရာယ်ခြိမ်းခြောက်မှုများအပါအဝင် ၎င်းတို့မှ ယူဆောင်လာနိုင်သည့်ပံ့ပိုးကူညီမှုများတို့အား အခြေပြမြေပုံရေးဆွဲခြင်းသည် ဗျူဟာတစ်ရပ်ဖော်ဆောင်ရန်နှင့် အခန်းကဏ္ဍသတ်မှတ်ရန်တို့အတွက် အခြေခံဖြစ်သည်။ မပြီးပြည့်စုံသေးသောစာရင်းတစ်ခုတွင် CSAs များသည် မိတ်ဖက်ဖွဲ့ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ဆိုင်ရာ ကွဲပြားသော ပုံသဏ္ဍာန်များကို အောက်ပါအတိုင်း အတွေ့အကြုံရှိထားပါသည် -

- မတူညီသောအဆင့်များနှင့် ကွဲပြားသောကဏ္ဍအလိုက်နယ်ပယ်များရှိ CSAs များ - ရပ်ရွာအခြေပြုအဖွဲ့အစည်းများမှသည် အမျိုးသားနှင့် နိုင်ငံတကာ CSAs များအထိ၊
- အလှူရှင်များနှင့် သံသမန်ရေးရာအသိုင်းအဝိုင်း၊
- မီဒီယာ၊
- အလုပ်သမားသမဂ္ဂနှင့် ပရော်ဖက်ရှင်နယ်အသင်းအဖွဲ့များ၊
- ကဏ္ဍအလိုက်ကွန်ယက်အဖွဲ့များ၊
- နိုင်ငံဖွဲ့စည်းပုံစနစ်များ၊ ပါလီမန်များနှင့် သက်ဆိုင်ရာပါလီမန်ကော်မရှင်များအပါအဝင်၊
- အမျိုးသားလူ့အခွင့်အရေးဆိုင်ရာအဖွဲ့အစည်းများ
- နိုင်ငံတကာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ကမ္ဘာ့ကုလသမဂ္ဂနှင့် OHCHR ကွင်းဆင်းအခြေစိုက်ရုံးများအပါအဝင်၊
- ပညာရေးဆိုင်ရာအင်စတီကျူးရှင်းများနှင့်
- လူ့အခွင့်အရေးယန္တယားများ

## နီပေါနိုင်ငံတွင် ကလေးသူငယ်များ၏အခွင့်အရေးအား ကာကွယ်စောင့်ရှောက်ရန်နှင့် မြှင့်တင်ပေးရန် မိတ်ဖက်အဖွဲ့များ စည်းရုံးခြင်း

နီပေါနိုင်ငံတွင် Save the Children သည် CSAs ပေါင်း ၁၃၈ အား UPR အကြောင်း သင်တန်းပေးခဲ့ပါသည်။ ၎င်းသည် အမျိုးသားအဆင့်နှင့် နိုင်ငံတကာအဆင့်များ၌ ပါဝင်ပတ်သက်သူများ၏ တင်သွင်းမှုများကို ပံ့ပိုးကူညီပေးပြီး၊ စည်းရုံးလှုံ့ဆော်မှုအားညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။ ရလဒ်အားဖြင့် UPR ရလဒ်စာတမ်းတွင် ကလေးအခွင့်အရေးဆိုင်ရာအကြံပြုချက်ပေါင်း ၃၄ ချက် ထွက်လာပြီး နီပေါ အစိုးရမှ ၃၁ ချက်ကိုလက်ခံမှုလည်းပါဝင်လေသည်။

Save the Children သည် ၎င်း၏ UPR နောက်ဆက်တွဲလုပ်ငန်းဗျူဟာကို UPR လုပ်ငန်းစဉ်အား အမျိုးသားပိုင်ဆိုင်မှုတိုးမြှင့်လာစေရန်လည်းကောင်း၊ ချိတ်ဆက်ပါဝင်မှုနှင့် တာဝန်ခံမှုတို့ အားကောင်းလာစေရန်လည်းကောင်း အရပ်ဘက်အဖွဲ့အစည်းကွန်ယက်အဖွဲ့များ၊ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၊ သံရုံးများနှင့် မီဒီယာများတို့အပါအဝင် များစွာသောအမျိုးသား ပါဝင်ပတ်သက်သူများ အကြား တည်ဆောက်ပါသည်။

UPR သည် လုပ်ဆောင်ချက်အတွက်ဘုံတူညီသောအာဂျင်တာတစ်ခုအတွင်း နီပေါနိုင်ငံ၏ CSAs များကို ပေါင်းစည်းပေးရာတွင် အရေးပါခဲ့ပါသည်။ အစိုးရအရာရှိများနှင့် သံရုံးများဖြင့် အဆင့်မြင့် နှစ်ဦးနှစ်ဖက်ပါဝင်ပြီး စုပေါင်းစည်းရုံးလှုံ့ဆော်မှုအစည်းအဝေးများ ပေါင်းစပ်မှုကိုလည်းကောင်း၊ မီဒီယာမှတစ်ဆင့် အသိပညာပေးမှုကိုလည်းကောင်း အသုံးပြုခဲ့ရာ၊ UPR ဆိုင်ရာ တီဗွီအင်တာဗျူးမှုများနှင့် စာနယ်ဇင်းဆောင်းပါးများတို့လည်းအပါအဝင်ဖြစ်သည်။ ကလေးအခွင့်အရေးနေ့ကဲ့သို့သော ကလေးသူငယ်များနှင်စပ်လျဉ်းသည့်သီးသန့် အစီအစဉ်များသို့ UPR ကို ချိတ်ဆက်ပေးခြင်းသည် မီဒီယာ၏ အာရုံစိုက်မှုရရှိစေရန်အတွက် အထူးပင်အကျိုးသက်ရောက်မှုရှိပါသည်။

အမျိုးသားကလေးအခွင့်အရေးဆိုင်ရာညွှန့်ပေါင်းများနှင့်ပူးပေါင်းလုပ်ဆောင်သည့် Save the Children သည် အမျိုးသားလူ့အခွင့်အရေးကော်မရှင် (NHRC) အား UPR အကြံပြုချက်များအား ၎င်း၏လုပ်ပိုင်ခွင့်အတွင်း စောင့်ကြည့်လေ့လာရန်နှင့် နောက်ဆက်တွဲဆောင်ရွက်ရန် တိုက်တွန်းအားပေးရာတွင် အရေးပါလှပါသည်။ NHRC သည် အကောင်အထည်ဖော်ဆောင်မှုအခြေအနေဆိုင်ရာ ခိုင်လုံအားထားရသော သတင်းအချက်အလက်များ ရရှိစေရန်အတွက် အဓိကျသောအခန်းကဏ္ဍတစ်ရပ် ရှိပါသည်။

ညှိနှိုင်းမှုရှိသည့်နောက်ဆက်တွဲကြိုးပမ်းအားထုတ်မှုများ၏ရလဒ်အဖြစ် UPR အကြံပြုချက် ၁၀၈.၄ "ကလေးအခွင့်အရေးအက်ဥပဒေ၊ ပညာရေးစည်းမျဉ်း၊ ကလေးကာကွယ်စောင့်ရှောက်ရေးမူဝါဒ၊ နှင့် ကလေးစောင့်ရှောက်ရေးဂေဟာများအတွက် အနိမ့်ဆုံးစံနှုန်းများ စသည်တို့ပါဝင်သည့် ရှည်လျားစွာ စောင့်မျှော်ခဲ့ရသည့် ကလေးဆိုင်ရာမူဝါဒဥပဒေပြဋ္ဌာန်းချက် အတည်ပြုရေး" ကို တောင်းဆိုမှုသည် တစ်ပိုင်းတစ်စ အကောင်အထည်ဖော်ဆောင်နိုင်ခဲ့ပါသည်။ အမျိုးသားကလေးမူဝါဒနှင့် ကလေးစောင့်ရှောက်ရေးဂေဟာများဆိုင်ရာ ပြီးပြည့်စုံသော စံနှုန်းများ နှစ်ရပ်လုံးကို ၂၀၁၂ ခုနှစ်တွင် အတည်ပြုနိုင်ခဲ့ပါသည်။ အစိုးရအဖွဲ့သည် ကလေးအခွင့်အရေးဥပဒေမူကြမ်းကိုလည်း အတည်ပြုပေးခဲ့ပါသည်။

မိတ်ဖက်အဖွဲ့များနှင့် အခြေပြမြေပုံရေးဆွဲခြင်းလုပ်ငန်းသည် အမြင်အရ ကိုယ်စားပြုမှုရရှိနိုင်ပါသည်။ ဥပမာ၊ အထက်ဖော်ပြပါ နီပေါနိုင်ငံရှိအတွေ့အကြုံကို ဤဂရာဖစ်ဖြင့် မြင်တွေ့နိုင်ပါသည်။

### နီပေါနိုင်ငံရှိ ကလေးသူငယ်များ၏အခွင့်အရေးဆိုင်ရာမိတ်ဖက်အဖွဲ့များကိုစည်းရုံးခြင်း




## ၄.၉။ ဖြန့်ဝေခြင်းနှင့် အသိပညာပေးခြင်း (Dissemination and awareness-raising)

လူ့အခွင့်အရေးယန္တယားများ၏ တွေ့ရှိချက်များနှင့် အကြံပြုချက်များအား ဖြန့်ဝေခြင်းနှင့် အသိပညာပေးခြင်းတို့သည် နိုင်ငံများ၏လူ့အခွင့်အရေးဆိုင်ရာလိုက်နာရမည့်တာဝန်များကို အကောင်အထည်ဖော်ဆောင်မှုအား မြှင့်တင်ရေးအတွက် အသုံးဝင်သောနည်းလမ်းများဖြစ်သည်။

ဖြစ်ရပ်များစွာတွင် အကောင်အထည်ဖော်ဆောင်မှုများ ဖြစ်နိုင်ခြေရှိလာခြင်းမှာ ပို၍များလာသောအခွင့်အရေး ကိုင်ဆောင်သူများတို့သည် ၎င်းတို့ခံစားပိုင်ခွင့်ရှိသည့် အခွင့်အရေးများ သိရှိလာပြီး တောင်းဆိုလာကြ၍လည်းကောင်း၊ သက်ဆိုင်ရာအာဏာပိုင်များက လူ့အခွင့်အရေးဆိုင်ရာ လိုက်နာရမည့်တာဝန်များကို ဖြည့်ဆည်းရန်၎င်းတို့ထံမှ မည်သည့်ဆောင်ရွက်ချက်များ မျှော်မှန်းခံရကြောင်းသိရှိလာကြ၍လည်းကောင်း ဖြစ်သည်။ လူ့အခွင့်အရေးဆိုင်ရာအသိတရားကွာဟမှုများ ပိုမိုနည်းပါး/လျော့နည်းလာစေခြင်းသည် အကောက်အထည်ဖော်ဆောင်မှုအားမြှင့်တင်ပေးရန် ထိရောက်သောနည်းလမ်းများဖြစ်ပါသည်။

ဒေသန္တရဘာသာစကားများသို့ဘာသာပြန်ပေးခြင်းမှသည် ကွဲပြားသောမီဒီယာပုံစံများနှင့် လူမှုမီဒီယာကဲန်ပိန်းများထိတိုင်အောင် CSAs များသည် လူ့အခွင့်အရေးယန္တယားများ၏ တွေ့ရှိချက်

များဖြန့်ဝေရာတွင် လုပ်ရည်ကိုင်ရည်ရှိပြီး တီထွင်ဖန်တီးမှုရှိပါသည်။ အရင်းအမြစ်များနှင့် သတင်းအချက်အလက်များအား မသန်စွမ်းပုဂ္ဂိုလ်များထံမှ ရရှိစေနိုင်ခြင်းကို ဖြန့်ဝေမှုအတွက် စီမံချက်များတွင် အမြဲပေါင်းစပ်ထားပေးသင့်ပါသည်။

## ဘရာဇီးနိုင်ငံတွင် ညှဉ်းပန်းနှိပ်စက်မှုကာကွယ်တားဆီးရေးဆိုင်ရာ ဆပ်ကော်မတီ၏ အကြံပြုချက်များအား အများပြည်သူသိရှိစေရန် "သတင်းရရှိပိုင်ခွင့်အက်ဥပဒေ"ကို အသုံးပြုခြင်း

ညှဉ်းပန်းနှိပ်စက်မှုကာကွယ်တားဆီးရေးဆိုင်ရာဆပ်ကော်မတီ(SPT)မှ ၂၀၁၁ ခုနှစ်တွင် ဘရာဇီးသို့ ၎င်း၏ ပထမအကြိမ်လည်ပတ်မှုတွင် နိုင်ငံ၏ဖမ်းဆီးထိန်းသိမ်းမှု အဆောက်အအုံ အင်္ဂါရပ်များရှိ ညှဉ်းပန်း နှိပ် စက်မှုအခြေအနေကို စစ်ဆေးမှုပြုခဲ့ပါသည်။ ထိုနောက် SPTသည် ဘရာဇီးအစိုးရ ထံအတွက် နိုင်ငံ အတွင်းရှိညှဉ်းပန်းနှိပ်စက်မှုဆိုင်ရာကျင့်သုံးမှုနှင့်စပ်လျဉ်းသည့် အကြံပြုချက် များပါဝင်သည့် အစီရင် ခံစာတစ်ရပ် ပြင်ဆင်ပေးခဲ့ပါသည်။ ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားသော ရက်စက်မှုပုံစံများဖြစ်သည့် လူမဆန်သော သို့မဟုတ် နိမ့်ကျသောပြုမူမှု သို့မဟုတ် အပြစ်ပေးမှု ဆိုင်ရာသဘောတူစာချုပ်၏ လိုက်နာရန်ရွေးချယ်ခွင့်ရှိသောနောက်ဆက်တွဲစာချုပ် (OPCAT) အရ အစိုးရ၏ဆုံးဖြတ်ချက် ရရှိမှ သာလျှင် အစီရင်ခံစာအား အများပြည်သူသို့ ချပြရမည်ဖြစ် သည်။ အရပ်ဘက်အဖွဲ့အစည်း၏ တောင်း ဆိုမှုများရှိလင့်ကစား ယင်းအစီရင်ခံစာကို လျှို့ဝှက် အဖြစ်ထားရှိခဲ့လေသည်။

၂၀၁၂ ခုနှစ်၊ မေလတွင် ဘရာဇီးနိုင်ငံသည် အများဆိုင်ရာသတင်းအချက်အလက်များရရှိခွင့် ဆိုင်ရာ အက်ဥပဒေကို အတည်ပြုပေးခဲ့လေသည်။ ယင်းဥပဒေအသက်ဝင်သည့်နေ့တွင် Conectas Direitos Humanos (Conectas) မှ ဘရာဇီးအစိုးရအား SPT အစီရင်ခံစာအား အများပြည်သူအား သိရှိခွင့် ပေးရန် တောင်းဆိုမှုတစ်ရပ်အား ဦးတိုက်လျှောက်ထားခဲ့လေသည်။ အက်ဥပဒေမှသတ်မှတ် ထား သည့်နောက်ဆုံးချိန်အတွင်း ဘရာဇီးအစိုးရသည် တုန့်ပြန်မှုပြုခဲ့ပြီး၊ အစီရင်ခံစာနှင့် အကြံပြုချက်များ အား ပေါ်တူဂီဘာသာပြန်မှုအပါအဝင်ဖြင့် လူ့အခွင့်အရေး ဆိုင်ရာဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်ပေါ် တွင် အများပြည်သူသိရှိရန်ထုတ်ဝေခဲ့ပါသည်။

SPT အစီရင်ခံစာအား နိုင်ငံ့ဘာသာစကားဖြင့် အများပြည်သူသိရှိစေခြင်းသည် အလွန်တရာ အရေး ကြီးကြောင်း Conectas မှ မှတ်ယူပါသည်။ ၎င်းဖြင့်မဟုတ်ဘဲ အရပ်ဘက်အဖွဲ့အစည်း ဆိုင်ရာ လုပ်ရှား ဆောင်ရွက်သူများနှင့် အခြားသောပါဝင်ပတ်သက်သူများသည် SPT ၏ အကြံပြုချက်များအား အကောင် အထည်ဖော်ဆောင်မှုအား စောင့်ကြည့်လေ့လာနိုင်မည်မဟုတ်ပါ။ "ဒါဟာ တိုင်းပြည်အတွင်း ညှဉ်းပန်း နှိပ်စက်မှုကျင့်သုံးခြင်းနှင့်စပ်လျဉ်းတဲ့ စိုးရိမ်ဖွယ်ရာ အခြေအနေကို အသိပညာပေးဖို့ အခြေခံ ခြေလှမ်း တစ်ရပ်လည်း ဖြစ်ခဲ့ပါတယ်။ ဘရာဇီးနိုင်ငံမှာ ညှဉ်းပမ်းနှိပ်စက်မှုတွေ ဆက်လက်ဖြစ်နေတာဟာ ထိရောက်တဲ့ ကာကွယ်တားဆီးရေးမူဝါဒတွေ လစ်ဟာနေ လို့ဖြစ်ပြီး၊ အဓိကအနေဖြင့် ပြစ်မှုကျူးလွန်သူတွေ အတွက် တာဝန်ခံမှုကင်းမဲ့တာ ဖြစ်ပါတယ်။ သတင်းအချက်အလက်ရရှိခွင့်ဥပဒေဟာ SPT ရဲ့ သုံးသပ် မှုအား ရရှိစေခြင်းကို အာမခံပေးမယ့် ထိရောက်တဲ့ ဆောင်ရွက်မှုဖြစ်ပြီး သက်ဆိုင်ရာပါဝင်ပတ်သက် သူအားလုံးက ညှဉ်းပန်းနှိပ်စက်မှု ကို တိုက်ဖျက်ဖို့ရရန်အတွက် လက်ရှိမှာကျယ်ကျယ်ပြန့်ပြန့် အသုံးပြု နိုင်ပါပြီ" ဟု Conectas မှ သုံးသပ်ခဲ့ပါသည်။

## အိုင်ယာလန်နိုင်ငံတွင် ညှဉ်းပန်းနှိပ်စက်မှုဆန့်ကျင်ရေးကော်မတီ၏ အစည်းအဝေးအား အင်တာနက်မှရုပ်သံလွှင့်ခြင်း (Webcasting)

၂၀၁၁ ခုနှစ်တွင် နိုင်ငံသားလွှပ်လပ်ခွင့်များဆိုင်ရာအိုင်းရစ်ကောင်စီ (ICCL) နှင့် Irish Penal Reform Trust (IPRT) တို့သည် ကုလသမဂ္ဂ ညှဉ်းပန်းနှိပ်စက်မှုဆန့်ကျင်ရေးကော်မတိ (CAT) ရှေ့မှောက် တွင် ပထမဆုံး အိုင်ယာလန်၏ တက်ရောက်မှုအတွက် ပူးတွဲရှဲဒိုးအစီရင်ခံစာတစ်ရပ်ကို ပြင်ဆင်ခဲ့ ပါသည်။ ညှဉ်းပန်းနှိပ်စက်ခံရသူများဆိုင်ရာ နိုင်ငံတကာပြန်လည်ပြုစုပျိုးထောင်ရေးကောင်စီနှင့်အတူ ICCL နှင့် IPRT တို့သည် CAT အစည်းအဝေးအား ပထမဆုံးအကြိမ် အင်တာနက်ဖြင့်ရုပ်သံတိုက်ရိုက် ထုတ်လွှင့်ခဲ့ရာ ၎င်းအား အိုင်ယာလန်နိုင်ငံရှိ CSAs များစွာနှင့် ဥပဒေပြန်ဌာန်းရေးအဖွဲ့များတို့မှ ပိတ်ကားဖြင့် ပြသပေးပါသည်။

"ရှဲဒိုးအစီရင်ခံစာများနဲ့ CAT အကြံပြုချက်တွေကို ကျွန်ုပ်တို့ကျယ်ပြန့်စွာ ဖြန့်ဝေပေးနိုင်ခဲ့ပြီး နာမည် ကြီးသတင်းစာများနှင့် ရေဒီယိုတို့မှာလည်း သတင်းထုတ်လွှင့်နိုင်ခဲ့ပါတယ်။ အများဆိုင်ရာ ပရိတ်သတ် ကြည့်ရှုနားဆင်မှုအများဆုံး ပြသမှုမှ ကျွန်ုပ်တို့ရဲ့ webcast ကနေ အိုင်းရစ်သုံးသပ် မှုကို အစီရင်ခံပေး ခဲ့ပါသည်။ ဒါဟာ ပထမဆုံးအကြိမ် အိုင်ယာလန်ပြည်သူများမှ ကုလသမဂ္ဂစာချုပ်အဖွဲ့ရဲ့ ဆောင်ရွက် ချက်ကို  တိုက်ရိုက်တွေ့မြင်ကြခြင်းဖြစ်ပါတယ်" ဟု ICCL ကိုယ်စားလှယ်တစ်ဦးမှ ဝေဖန်ခဲ့ပါသည်။

CAT ရှေ့မှောက် အိုင်ယာလန်၏ တက်ရောက်မှုနှင့် အကြံပြုချက်များအား သေချာစေမှုတို့သည် အိုင်ယာလန်နိုင်ငံတွင် တိုးတက်မှုရှိသောပြောင်းလဲမှုကို ပံ့ပိုးကူညီပေးပါသည်။ အကျဉ်းထောင်ပြုပြင် ပြောင်းလဲမှုသည် ပို၍မြင့်မားသော နိုင်ငံရေးပရိုဖိုင်တစ်ရပ်ရှိလာခဲ့ပြီး Penal Strategy Review Group ကို လည်း ဖွဲ့စည်းခဲ့ပါသည်။[9] ကော်မတီသည် တိကျသော အကြံပြုချက် ၄ ချက်အား ၁၂ လအတွင်း နောက်ဆက်တွဲဆောင်ရွက်ရန် တောင်းဆိုခဲ့ရာ ၎င်းတွင် Magdalene Laundries တွင် အမျိုးသမီးများ အား ထိန်းသိမ်းမှုအား ထိရောက်စွာစုံစမ်းစစ်ဆေးရန် နိုင်ငံတော်၏ ပျက်ကွက်မှုလည်း ပါဝင်သည်။ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလတွင် Magdalene Laundries တွင် နိုင်ငံတော်၏ ပါဝင်ပတ်သက်မှုဆိုင်ရာ **တရားဝင်အစီရင်ခံစာတစ်ရပ်**ကို ထုတ်ဝေခဲ့ပါသည်။[10] ထိုနောက်တွင် အစိုးရသည် Magdalene အမျိုးသမီး များအား တရားဝင်တောင်းပန်စာထုတ်ဆင့်ခဲ့ပြီး လျော်ကြေးစီမံချက်တစ်ရပ်ကို ဖော် ဆောင်ပေးလျက်ရှိပါသည်။

[9] Convened by Minister for Justice, Equality and Defence, the Penal Strategy Review Group comprises 12 experts representing the judiciary, police, probation services, prison officials. The Group makes recommendations on the furtherance of a principled and sustainable penal system, including with respect to Ireland's international obligations. For more information see www.justice.ie

[10] Access the report at www.justice.ie

### အင်တာနက်ရုပ်သံထုတ်လွှင့်မှုနှင့်ဗီဒီယိုများ (Webcasting and videos)

လူ့အခွင့်အရေးကောင်စီနှင့်ကမ္ဘာ့နိုင်ငံများအားလုံး၏လူ့အခွင့်အရေးအခြေအနေပုံမှန်သုံးသပ်မှုအစည်းအဝေးတို့အား အင်တာနက်ရုပ်သံထုတ်လွှင့်မှုမှတိုက်ရိုက်ထုတ်လွှင့်ပြီး UN web TV မှ မော်ကွန်းတင်ပေးပါသည်။[11] အရပ်ဘက်အဖွဲ့အစည်းသည် စာချုပ်အဖွဲ့များ၏အစည်းအဝေးများကို ဗီဒီယိုရိုက်ကူးပြီး အင်တာနက်မှရုပ်သံထုတ်လွှင့်နိုင်ပါသည်။ ဂျီနီဗာအခြေစိုက် NGO များအဖွဲ့တစ်ခုသည် စာချုပ်အဖွဲ့အစည်းအဝေးအားလုံးအား အင်တာနက်ရုပ်သံထုတ်လွှင့်မှုအား ညှိနှိုင်းဆောင်ရွက်ပေးပါသည်။
www.treatybodywebcast.org
OHCHR မှထုတ်လုပ်သည့် ဗီဒီယိုမြောက်များစွာအား OHCHR ဝက်ဘ်ဆိုက်နှင့် လူမှုမီဒီယာများတို့မှ ရရှိနိုင်ပါသည်။[12]

## ၄.၁၀။ စည်းရုံးလှုံ့ဆော်ခြင်း

လူ့အခွင့်အရေးဆိုင်ရာစည်းရုံးလှုံ့ဆော်ခြင်းအား လူ့အခွင့်အရေးဆိုင်ရာအကောင်အထည်ဖော်ဆောင်မှုအားတိုးတက်ကောင်းမွန်လာစေရန်ရည်ရွက်ချက်ဖြင့်ဆောင်ရွက်သည့်ဆက်သွယ်မှု ဟု၍ အနက်ဖွင့်နိုင်ပါသည်။ ထိရောက်သောစည်းရုံးလှုံ့ဆော်ရေးသတင်းစကားများသည် လူ့အခွင့်အရေးအခြေအနေနှင့် အလေးထားစရာများကို **အကြောင်းကြားပေးပြီး၊** အခြားသူများအား **လက်တွေ့လုပ်ဆောင်မှုပြုစေရန် ယုံကြည်လက်ခံစေခြင်းအတွက်ရည်ရွယ်သည်။**

ထိရောက်သောလူ့အခွင့်အရေးဆိုင်ရာစည်းရုံးလှုံ့ဆော်မှုသတင်းစကားများ၏အင်္ဂါရပ်များသည်-

- အတည်ပြုထားသည့်အချက်အလက်များနှင့်ကိန်းဂဏန်းများအပေါ်အခြေပြုသည်၊
- ဘဝအစစ်အမှန်၊ လူသားဆိုင်ရာဥပမာရပ်များပါဝင်သည်၊
- လိုရင်းတိုရှင်းဖြစ်သည်၊
- သင့်လျော်သောဘာသာစကားကိုအသုံးပြုသည် (နိုင်ငံရေးစကားအသုံးအနှုန်းများထက် လူ့အခွင့်အရေးဆိုင်ရာအသုံးအနှုန်းများကိုအသုံးပြုပြီး ရင့်သီးသောစကားရပ်များကို ရှောင်ရှားပါသည်)၊
- ယုံကြည်အားထားရသည့်ပုဂ္ဂိုလ်မှ ပေးပို့ပြောဆိုပေးသည်၊
- လုပ်ဆောင်ချက်ချမှတ်ရန်ရှင်းလင်းသောတောင်းဆိုမှုရှိသည်၊
- ပစ်မှတ်ထားသည့်လူအစုအစုအဝေးအတွက် အံဝင်ခွင်ကျစီမံပေးသည်၊
- တန်ပြန်အငြင်းပွားမှုများကို ကြိုတင်မျှော်မှန်းပေးသည်။

လူ့အခွင့်အရေးယန္တယားများ၏တွေ့ရှိချက်များနှင့်အကြံပြုချက်များသည် ထိုအင်္ဂါရပ်များနှင့်ပြည့်မီပါသည်။ CSAs များသည် ၎င်းတို့၏ စည်းရုံးလှုံ့ဆော်မှုပိုမိုထိရောက်မှုရှိစေရန် တွေ့ရှိချက်များနှင့် အကြံပြုချက်များကို ဖော်ထုတ်ခြင်းနှင့် ဦးစားပေးထားရှိခြင်းတို့ဆောင်ရွက်ပါသည်။

11 http://webtv.un.org/
12 Access OHCHR on social media at www.ohchr.org

## တူနီးရှားနိုင်ငံ၌ ရွေးကောက်ပွဲများတွင် မသန်စွမ်းပုဂ္ဂိုလ်များပါဝင်မှုအား စည်းရုံးလှုံ့ဆော်ခြင်း၊ အသိပညာပေးခြင်းနှင့် စောင့်ကြည့်လေ့လာခြင်း

၂၀၁၁ တူနီးရှားနိုင်ငံဆိုင်ရာ CRPD နိဂုံးချုပ်သုံးသပ်မှုများတွင် နိုင်ငံ၏ ဒီမိုကရက်တစ်ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အကြံပြုချက်မြောက်များစွာပါဝင်ပြီး၊ ၎င်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်အား မူကြမ်းရေးဆွဲ ရာတွင် မသန်စွမ်းပုဂ္ဂိုလများပါရန် သေချာစေရန်လည်းကောင်း၊ မဲပေးခွင့်ရရှိရန်လည်းကောင်း၊ အမျိုး ပြည်သူ့ဘဝ ရှင်သန်မှုတွင် တန်းတူညီပါဝင်နိုင်ရန်လည်းကောင်း ရည်ရွယ်ပါသည်။

မသန်စွမ်းပုဂ္ဂိုလ်များ၏အခွင့်အရေးမြှင့်တင်ရေးဆိုင်ရာ တူနီးရှားအဖွဲ့အစည်း (Organisation tunisienne de défense des droits des personnes handicapées- OTDDPH)ဖြစ်သည့် မသန်စွမ်းပုဂ္ဂိုလ်များ၏အဖွဲ့အစည်းတစ်ခုအား တော်လှန်ရေးအပြီးတွင်တည်ထောင်ခဲ့ပြီး၊ လာမည့်ရွေးကောက်ပွဲများတွင် မသန်စွမ်းပုဂ္ဂိုလ်များပါဝင်စေရန် တိုက်တွန်းသည့် ရည်ရွယ်ချက်ဖြင့် ကွဲပြားသောဒေသများ၌ အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲများစွာကို ပြုလုပ်ခဲ့ပါသည်။ မြောက်များစွာသော၎င်း၏အဖွဲ့ဝင်များသည် တရားဝင်ရွေးကောက်ပွဲလေ့လာအကဲခတ်သူများဖြစ်ကြရာ ၎င်းသည် OTDDPH အား နိုင်ငံအတွင်းရှိ မဲရုံ ပေါင်း ၁၀၀ ကျော်တို့၏ ဆောင်ရွက်ပုံများကို တိုက်ရိုက်အကဲခတ်လေ့လာရန် ခွင့်ပြုခဲ့ပြီး၊ ချဉ်းကပ်ရရှိနိုင်မှုမှုစံနှုန်းများဆိုင်ရာ သုံးသပ်မှုနှင့် ရွေးကောက်ပွဲတွင် မသန်စွမ်းပုဂ္ဂိုလ်များ၏ ပါဝင်မှုအား တိုင်းတာခြင်းတို့ကို အကဲခတ်ပါသည်။

အမျိုးသားမဲဆန္ဒရှင်များညီလာခံ၏ ရွေးကောက်ပွဲပြီးနောက် တူနီးရှားဖွဲ့စည်းပုံအခြေခံဥပဒေအသစ်မူကြမ်းရေးဆွဲရန်တာဝန်ချအပ်ခံရသည့် OTDDPH သည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မသန်စွမ်းပုဂ္ဂိုလ်များ၏ အခွင့်အရေးပါဝင်မှုသေချာစေရန် မဲဆန္ဒရှင်များညီလာခံဖြင့် စည်းရုံးလှုံ့ဆော်ရေးလုပ်ဆောင်ချက်များ ဆောင်ရွက်ခဲ့ပါသည်။ CRPD နှင့် CRPD ကော်မတီ၏အကြံပြုချက်များအပေါ် ၎င်းတို့၏ စည်းရုံးလှုံ့ဆော်မှုအားအခြေပြုလျက် OTDDPH သည် ညီလာခံကော်မတီကြားနာမှုများတွင် ပြောဆိုမှုပြုခြင်း၊ ကော်မတီအဖွဲ့ဝင်တစ်ဦးချင်းနှင့်ချိတ်ဆက်ခြင်း၊ နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်စေရန်အတွက် ပြဋ္ဌာန်းချက်တစ်ရပ် မူကြမ်းရေးဆွဲခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

## ဂွာတီမာလနိုင်ငံ၌ လွတ်လပ်သောတရားစီရင်ရေးတစ်ရပ်အတွက်စည်းရုံးလှုံ့ဆော်ခြင်း

တရားသူကြီးများနှင့်ရှေ့နေများ၏လွတ်လပ်မှုဆိုင်ရာအထူးကိုယ်စားလှယ်တော်သည် ဂွာတီမာလနိုင်ငံသို့ တရားရေးရာ တရားရုံးချုပ်အတွက် ရွေးကောက်ပွဲကာလအတွင်းလည်ပတ်ရောက်ရှိခဲ့သည်။ အမျိုးတရားသူကြီးများရွေးကောက်ပွဲမတိုင်မီ ပြည်သူ့အစိုးရရှေ့နေအတွက် ရွေးကောက်မှုဖြစ်စဉ်အတွင်း အရပ်ဘက်အဖွဲ့အစည်းများသည် ၎င်းတို့၏စည်းရုံးလှုံ့ဆော်ရေးလုပ်ငန်းကဏ္ဍတစ်ခုအဖြစ် အထူးကိုယ်စားလှယ်တော်၏ အစီရင်ခံစာအား ကျယ်ပြန့်သောကိုးကားချက်ဆောင်ရွက်ခဲ့လေရာ အထူးသဖြင့် လွတ်လပ်မှုအတွက်လိုအပ်ချက်များ၊ ပွင့်လင်းမြင်သာမှုနှင့် ပညာရှင်ပီသသော ထူးချွန်မှုစသည်တို့ပါဝင်သည်။ ဂွာတီမာလနိုင်ငံရှိ OHCHR ၏ရုံးသည် အထူးကိုယ်စားလှယ်တော်၏အကြံပြုချက်များပါဝင်သည့် ကျင့်သုံးရှိရသည့် နိုင်ငံတကာစံချိန်စံညွှန်းများ၏ပေါင်းစည်းမှုတစ်ခုဖြင့် ပံ့ပိုးကူညီခဲ့ပသါည်။ CSAs များသည် ယင်းပေါင်းစပ်ပြုစုချက်အား အစိုးရရှေ့နေရာထူးအတွက် အရည်အချင်းအပြည့်မီဆုံး ကိုယ်စားလှယ်လောင်းအာ ထောက်ခံပေးလာစေမည့် ကော်မရှင်များအား အဆိုပြုခြင်းဖြင့် ၎င်းတို့၏စည်းရုံးလှုံ့ဆော်မှုကို အားဖြည့်ပေးရန် အသုံးပြုပါသည်။ CSAs များသည် ဥပဒေပြုပြဋ္ဌာန်းရေးနှင့် တရားစီရင်

ရေးလွတ်လပ်မှုနှင့်စပ်လျဉ်းလျက် အာဏာပိုင်များထံမှ ပိုမိုကြီးမားသော တာဝန်ခံမှုတို့တွင် ပြောင်းလဲမှုများဆောင်းဆိုသည့် အများဆိုင်ရာထုတ်ပြန်ချက်များ၌ ယင်းအကြံပြုချက်များကို အသုံးပြုပါသည်။

## ၄.၁၁။ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့်အားဖြည့်ပေးခြင်း

လူ့အခွင့်အရေးယန္တယားများ၏တွေ့ရှိချက်များနှင့် အကြံပြုချက်များသည် နိုင်ငံအာဏာပိုင်များ သို့မဟုတ် အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာလုပ်ရှားဆောင်ရွက်သူများ အတွင်း ကျယ်ပြန့်သော စွမ်းဆောင်ရည် ကွာဟမှုများကို ညွှန်ပြပေးနိုင်ရာ ၎င်းတို့သည် လူ့အခွင့်အရေးအကောင်အထည်ဖော်ဆောင်ရမည့် ၎င်းတို့၏စွမ်းရည်ကို ကန့်သတ်ထားပါသည်။ တစ်ခါတစ်ရံ အကြံပြုချက်များသည် ကွာဟာချက်များကို ဖော်ထုတ်ရုံမျှမက ၎င်းတို့အားဖြေရှင်းပေးမည့် စွမ်းဆောင်ရည်မြှင့်တင်ရေးလှုပ်ရှားမှုများကိုလည်း အားပေးပါသည်။ အချို့သောဖြစ်ရပ်များတွင် ထိုသို့သော ကွာဟချက်များအား နီးကပ်လာရန် (သို့) လျှော့ချရန် CSAs များကို ကောင်းစားထားရှိပြီး၊ CSAs နှင့် နိုင်ငံအာဏာပိုင်များတို့နှစ်ရပ်လုံးအတွက် လူ့အခွင့်အရေးသင်တန်းတွင် မြောက်များစွာတို့သည် အတွေ့အကြုံနှင့် ကျွမ်းကျင်မှုများရှိကြပါသည်

အကြံပြုချက်များသည် CSAs များမှ အကောင်အထည်ဖော်ဆောင်သည့် စွမ်းဆောင်ရည်မြှင့်တင်ရေးလှုပ်ရှားမှုများအားဖြင့် ကွာဟချက်များကို ဖြေရှင်းပြီးဖြစ်ကြောင်း ထင်ဟပ်စေနိုင်ပါသည်။ ဤဖြစ်ရပ်မျိုးတွင် အကြံပြုချက်များသည် စွမ်းဆောင်ရည်မြှင့်တင်မှုတွင် အရပ်ဘက်အဖွဲ့စည်း လုပ်ဆောင်မှုနှင့် ၎င်း၏အခန်းကဏ္ဍတို့ အရေးကြီးပုံကို အားဖြည့်ပေးပါသည်။ အခြားဖြစ်ရပ်များတွင် အကြံပြုချက်များသည် တည်ဆဲအစီအစဉ်များသည် ကွာဟချက်များကို ဖြေရှင်းပေးမှုမပြုထားသေးကြောင်း ညွှန်ပြပေးနိုင်ပါသည်။ နောက်ဆက်တွဲလုပ်ငန်းတွင်ချိတ်ဆက်ပါဝင်နေသည့် အရပ်ဘက်အဖွဲ့အစည်းသည် ထပ်မံသော စွမ်းဆောင်ရည်မြှင့်တင်ရေးလှုပ်ရှားမှုများဆိုင်ရာ အလားအလာရှိမှုကို အောက်ပါအတိုင်း အကဲဖြတ်သုံးသပ်ပေးပါလိမ့်မည် -

- လိုအပ်နေသည့်ကျွမ်းကျင်မှု၊ ရရှိနိုင်သည့်အရင်းအမြစ်များနှင့် မျှော်မှန်းအကျိုးရလဒ်စသည်တို့ဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးလှုပ်ရှားမှုများ ဆောင်ရွက်ရန် CSAs များအား သေချာစားထားရှိမှုရှိမရှိအား အကဲဖြတ်သုံးသပ်ခြင်း။ အသစ်သောစွမ်းဆောင်ရည်မြှင့်တင်ရေးလှုပ်ရှားမှုများသည် CSAs များ၏ ဦးစားပေးမှုများနှင့် လုပ်ငန်းစီမံချက်များတို့ဖြင့် မည်သို့ ထပ်တူကျခြင်းအား စိစစ်ခြင်းသည် ဤအကဲဖြတ်သုံးသပ်မှု၏ အစိတ်အပိုင်းတစ်ခုကိုပုံသွင်းပေးသည်။
- ပစ်မှတ်ထားသည့် အင်စတိကျူးရှင်းများနှင့်အဖွဲ့အစည်းများတို့၏ လိုအပ်ချက်များအကဲဖြတ်သုံးသပ်မှုဆောင်ရွက်ခြင်း၊ လူ့အခွင့်အရေးဆိုင်ရာအကောင်အထည်ဖော်ဆောင်မှုတိုးတက်ရေးအမြင်ဖြင့်စွမ်းဆောင်ရည်ကွာဟချက်များ ကုစားပေးရန် ၎င်းတို့၏ဆန္ဒအပါအဝင်၊
- အခြားသော စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်များ၊ လှုပ်ရှားမှုအသစ်များ၏ ပေါင်းဖြည့်တန်ဖိုးများ၊ ၎င်းတို့၏အကျိုးသက်ရောက်မှုနှင့် ရေရှည်တည်တံ့မှုစသည်တို့ဖြင့် ထပ်ပေါင်းဖြည့်စွက်ချက်များကို စိစစ်ခြင်း တို့ဖြစ်သည်။

အတွေ့အကြုံဖော်ပြချက်အရ နိုင်ငံအာဏာပိုင်းများ နှင့် CSAS များတို့သည် စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်များကို ဖွင့်ဟပေးထားသော်လည်း ဤသည် မျှော်မှန်းထားသည့်ရလဒ်များကို အလိုအလျောက် မဖြစ်ထွန်းစေပါ။ အတားအဆီးများသည် ပြောင်းလဲမှုကို အကန့်အသတ်ဖြင့်သာ လိုလားခြင်း၊ အကျိုးခံစားသူများအကြား အနုတ်အသိမ်း အဆင့်မြင့်ခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ရေးလှုပ်ရှားမှုများ၏ ပုံစံအကန့်အသတ်များ၊ (ဥပမာ - ရေရှည်တည်တံ့မှုမရှိခြင်း၊ မရှင်းလင်းသော

ဦးတည်ချက်များ၊ အကျိုးခံစားသူများသည် မတူညီသောအသိပညာများကျယ်ပြန့်စွာ ရှိနေခြင်း) သို့မဟုတ် ဤအချက်အလက်အားလုံးစုပေါင်းမှုတစ်ရပ် တို့ဖြစ်နိုင်သည်။ ဤအန္တရာယ်များကို စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်များပုံစံရေးဆွဲရာတွင် သေချာစွာ အကဲဖြတ်ပေးရပါမည်ဖြစ်ပြီး ရလဒ်များကို သုံးသပ်ရာတွင် အကျိုးသက်ရောက်မှုကိုသေချာတိုင်းတာရပါမည် ။[13]

## Côte d'Ivoire တွင် လိင်အကြမ်းဖက်မှုတိုက်ဖျက်ရန် လုံခြုံရေးတပ်ဖွဲ့များ၏ စွမ်းဆောင်ရည်အား နိုးကြားထက်မြက်စေခြင်းနှင့် တည်ဆောက်ခြင်း

၂၀၁၉ ခုနစ်တွင် Côte d'Ivoire ၏ UPR ပြီးနောက် NGO SOS Exclusion သည် ရဲဌာနနှင့် တပ်မတော်တို့အတွက် လူ့အခွင့်အရေးဆိုင်ရာစွမ်းဆောင်ရည်မြှင့်တင်မှုအပေါ်အခြေခံဦးစားပေးလျက်ဆောင်ရွက်မှုအစီအစဉ် ဖော်ဆောင်ရန် အကြံပြုချက်များကို အသုံးပြုခဲ့ပါသည်။ "အမျိုးသမီးများအခွင့်အရေးဆိုင်ရာ UPR အကြံပြုချက်များနဲ့ပတ်သက်တဲ့အလုပ်ရုံဆွေးနွေးပွဲ ၂ ခုကို ကျွန်ုပ်တို့စီစဉ်ခဲ့ပါတယ်။ စည်းလုံးညီညွတ်၊ မိသားစု၊ အမျိုးသမီးများနှင့်ကလေးသူငယ်များတို့ဆိုင်ရာရေးဝန်ကြီးဌာန၊ တရားရေးဝန်ကြီးဌာန နှင့် ကုလသမဂ္ဂအမျိုးသမီးများ ကဲ့သို့သော အဓိက လုပ်ရှားဆောင်ရွက်သူများအချို့တို့နှင့် ထိုအကြံပြုချက်များအား အကောင်အထည်ဖော်ဆောင်မှုအခြေအနေကို အကဲဖြတ်ပေးဖို့ရန် အခွင့်လမ်းတစ်ရပ်ဖြစ်ခဲ့ပါတယ်" ဟု အဖွဲ့အစည်း၏ ဥက္ကဋ္ဌဖြစ်သူမှ ရှင်းပြခဲ့ပါသည်။ ၎င်း၏နောက်ဆက်တွဲအဖြစ် လိင်အကြမ်းဖက်မှုဆန့်ကျင်ရေးလူမှုစည်းရုံးခြင်းကဲန်ပိန်းတစ်ခုဆောင်ရွက်လာကြရာ ၎င်းသည်လည်း UPR အကြံပြုချက်များမှ တစ်ခုဖြစ်သည်။ "ဒီကဲန်ပိန်းကအရပ်ဘက်အဖွဲ့အစည်းဆိုင်ရာလှုပ်ရှားဆောင်ရွက်သူများ၊ ဘာသာရေးခေါင်းဆောင်များ၊ စည်းလုံးညီညွတ်ရေးနှင့် တရားရေးဝန်ကြီးဌာနများနှင့် ကဲန်ပိန်းလုပ်တဲ့နေရာမှ ရပ်ရာလူထုများ တို့ကို အတူတကွဆောင်ရွက်ဖို့ အခွင့်အလမ်းရရှိခဲ့ပါတယ်။"

## ၄.၁၂။ နောက်ဆက်လုပ်ရှားမှုများတွင် ကျား၊မရေးရာ အမြင်ပါဝင်စေခြင်း

နောက်ဆက်တွဲလုပ်ရှားမှုများဦးစားပေးဆောင်ရွက်ရာတွင် အောက်ပါမေးခွန်းများသည် ကျား၊မရေးရာကဏ္ဍကို ပူးပေါင်းပါဝင်စေရန်ကူညီပေးနိုင်ပါသည် -

- ဦးစားပေးထားသည့်အကြံပြုချက်များနှင့် ၎င်းဖြင့်ဆက်စပ်သည့် နောက်ဆက်တွဲ လှုပ်ရှားမှုများသည် အမျိုးသမီးများနှင့် /သို့မဟုတ် အမျိုးသားများကို အများဆုံးထိခိုက်ပါသလား။
- ဦးစားပေးထားသည့်ကြားဝင်ဆောင်ရွက်မှုတွင် ကျား၊မရေးရာအမြင်မည်သို့ပါဝင်သလဲ။ ကျား၊မရေးရာ အထူးပြုလှုပ်ရှားမှုများလော/သို့မဟုတ် ကျား၊မရေးရာအမြင်ကို လုပ်ဆောင်မှုတိုင်းတွင်ပါဝင်စေခြင်းလော။
- အချို့သောအခွင့်အရေးကိုင်ဆောင်သူများသည် အမျိုးစုံလင်သောခွဲခြားဆက်ဆံမှုနှင့် ထိတွေ့နေသလော။ နောက်ဆက်တွဲလှုပ်ရှားမှုများသည် ၎င်းတို့၏အခြေအနေကို ဖြေရှင်းပေးနိုင်ပါမည်လား။
- စီစဉ်ချမှတ်ထားသည့်လှုပ်ရှားမှုများသည် အခွင့်အရေးကိုင်ဆောင်သူများ စွမ်းရည်မြှင့်တင်ပေးခြင်း၊ ကျား၊မရေးရာခွဲခြားဆက်ဆံမှုနှင့် တန်းတူမညီမျှမှုတို့အားတိုက်ခိုက်ခြင်း တို့ အတွက် ရည်ရွယ်ပါသလား။

[13] For guidance on the evaluation of human rights training, see *Evaluating human rights training activities* (United Nations Publication, HR/P/PT/18).

- စီမံချမှတ်ထားသည့် လုပ်ရှားမှုများသည် အခွင့်အရေးကိုင်ဆောင်သူများအား စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းအတွက်လည်းကောင်း၊ ကျားမရေးရာခွဲခြားဆက်ဆံမှုများနှင့် တန်းတူညီမျှမှု မရှိခြင်းတို့အား တိုက်ခိုက်ခြင်းအတွက်လည်းကောင်း ရည်ရွယ်ပါသလား။
- ထွေပြားသောအခွင့်အရေးကိုင်ဆောင်သူများသည် ကြားဝင်ဆောင်ရွက်မှုများကို ဦးစားပေးရန် အတိုင်အပင်ခံပြုပါသလား။

နောက်ဆက်တွဲလှုပ်ရှားမှုများအား **အကောင်အထည်ဖော်ဆောင်**ချိန်တွင် -

- အချက်အလက်များကို လိင် နှင့် အခြားကွဲပြားချက်များဖြစ်သည့် အသက်၊ လူမျိုး၊ မသန်စွမ်းဖြစ်ခြင်း၊ လူမှု-စီးပွားအခြေအနေ အစရှိသည်တို့အားဖြင့်ခွဲခြားလျက် စုဆောင်း ပြီး အစီရင်ခံပေးပါ၊
- ကျားမရေးရာအထူးပြုသတင်းအချက်အလက်များမရရှိနိုင်သော် အစီရင်ခံမှုတွင် အတည့်အလင်း ဝန်ခံဖော်ပြပေးပါ၊
- အစီအစဉ်များ၊ သင်တန်းများနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလှုပ်ရှားမှုများ စီစဉ်လျှင် - ပါဝင်သူများနှင့် သင်တန်းဆရာများ သို့မဟုတ် ဟောပြောမည့်သူများတွင် ကျားမ အချိုးကျညီမျှစေခြင်း၊ ကျားမရေးရာအလေးထားသည့် ပတ်ဝန်းကျင် (နေရာ၊ အချိန်ဇယား)၊ ကျားမရေးရာဂရုပြုသည့် အကြောင်းအရာများနှင့် နည်းလမ်းများ ရှိစေပါ၊
- စနစ်ကျသောကျားမရေးရာစိစစ်မှုဆောင်ရွက်ပါ၊
- ကျားမရေးရာ အလေးထားသည့် မိတ်ဖက်အဖွဲ့များနှင့်အတူ လုပ်ဆောင်ပါ၊
- စည်းရုံးလှုံ့ဆော်ခြင်းနှင့် အသိပညာပေးလှုပ်ရှားမှုများတွင် ကျားမ တန်းတူညီမျှရေး သတင်းစကားများ ပါဝင်စေပြီး၊ ကျားမရေးရာဂရုပြုသည့် အသုံးအနှုန်းများနှင့် ရုပ်ပုံများပါဝင်စေပါ။

## ၄.၁၃။ ပါဝင်ထည့်သွင်းမှု၊ ကွဲပြားခြားနားမှု နှင့်လက်လှမ်းမီနိုင်မှုတို့အား သုံးသပ်ခြင်း

နောက်ဆက်တွဲဆောင်ရွက်မှုများစီမံချက်ရေးဆွဲမှုနှင့် အကောင်အထည်ဖော်ဆောင်မှုပြုသောအခါ -

- ကွဲပြားခြားနားသောပါဝင်ပတ်သက်သူများပါဝင်မှုဖြင့် ပါဝင်ထည့်သွင်းပေးပါ၊
- ကွဲပြားခြားနားသောအမြင်များကို ကြားနာစေရန်သေချာစေပြီး နောက်ဆက်တွဲလှုပ်ရှားမှုများတွင်ထင်ဟပ်စေပါ၊
- လူနည်းအုပ်စုများနှင့် မသန်းစွမ်းပုဂ္ဂိုလ်များတို့အပါအဝင် ကွဲပြားသောနောက်ခံများရှိသည့် ပုဂ္ဂိုလ်များ၏ ပါဝင်မှုအတွက် လက်လှမ်းမီနိုင်မှုကို ထည့်သွင်း စဉ်းစားပေးပြီး၊ မသန်စွမ်း ပုဂ္ဂိုလ်များမှ စာရွက်စာတမ်းများနှင့်အရင်းအမြစ်များကို ရရှိစေရန်ခြေလှမ်းများချမှတ်ပေးပါ။

## ၄.၁၄။ တရားစီရင်ရေးဆောင်ရွက်ချက်နှင့် တရားစွဲဆိုမှုတို့တွင် အကြံပြုချက်များ အသုံးပြုခြင်း

များစွာသော CSAs များသည် အမျိုးသား၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာအဆင့်များတို့၌ တရားစီရင်ရေး သို့မဟုတ် တရားစီရင်ရေးအလားတူယန္တယားများအားဖြင့် အခွင့်အရေးတောင်းဆိုမှုပြုသည့် တစ်သီးပုဂ္ဂလများနှင့် အဖွဲ့များတို့အားပံ့ပိုးကူညီပါသည်။ ၎င်းတွင်တတ်ကြွလှုပ်ရှားသူများနှင့် တရားရုံးများတို့မှ လူ့အခွင့်အရေးဆိုင်ရာဥပဒေကျင့်သုံးရန် သို့မဟုတ် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာဥပဒေအသုံးပြုခြင်းကို အားပေးရန် တိုင်ကြားမှုများအတွက် ဥပဒေရေးရာ ကူညီ

မှုများ၊ ဥပဒေရေးရာကျွမ်းကျင်မှုအယူအဆများ၊တရားသူကြီးများ၊ တရားစွဲဆိုသူ များ၊ ရှေ့နေများနှင့် ဥပဒေသမားများစသည်တို့အား စွမ်းဆောင် ရည်မြှင့်တင်ပေးခြင်းတို့ပါဝင်နိုင်သည်။ တရားစီရင်ရေး လုပ်ငန်းစဉ်များတွင် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာဥပဒေအား အမျိုးသားအဆင့်နှင့် ဒေသဆိုင်ရာအဆင့်တို့တွင်အသုံးပြုခြင်းခြင်း အသုံးပြုရန်အားပေးခြင်းတို့သည် လူ့အခွင့်အရေးဆိုင်ရာ ဥပဒေသိပ္ပံပညာကို အားဖြည့်ပေးပါသည်။ စာချုပ်အဖွဲ့များ၏ ယေဘုယသုံးသပ်မှုများတွင်ပါဝင်သည့် စာချုပ်ပြဋ္ဌာန်းချက်များအား အနက်ဖွင့်ပေးခြင်းသည် အခွင့်အရေးတစ်ရပ်မှ လိုအပ်မှုအပေါ် အလင်းပြပေးနိုင်ပြီး၊ ပြည်တွင်းတရားရုံးမှ ဆုံးဖြတ်သည့်အမှုများတွင် ထည့်သွင်းစဉ်းစားပေးစေနိုင်ပါသည်။ ထိုနည်းတူ လူ့အခွင့်အရေးယန္တယားများအားဖြင့်အချို့သောအကြံပြုချက်များကို ရည်ညွှန်းခြင်းသည် အခွင့်အရေးကိုင်ဆောင်သူများ၏ တောင်းဆိုမှုကိုအားဖြည့်ပေးနိုင်ပါသည်။

## ကင်ညာနိုင်ငံတွင် အထွေထွေဆေးဝါးများရရှိနိုင်ခွင့် တောင်းဆိုခြင်း

၂၀၁၂ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့တွင် ကင်ညာနိုင်ငံ တရားရုံးချုပ်၏ Landmark တရားစီရင်ချက်မှ စီရင်ချမှတ်မှုအရ Anti-Counterfeit Act 2008 သည် အထွေထွေဆေးဝါးအတွက် အကျုံးမဝင်ပါ - သို့ဖြစ်၍ အကုန်အကျခံနည်းသောကုသမှုများ ရရှိခွင့်ကို ကာကွယ်ထားလေသည်။ ယင်းအမှုအား HIV ကူးစက်ခံရသူသုံးဦးမှ အမှုဖွင့်ခဲ့ပါသည်။ အာဖရိကအရှေ့ပိုင်းရှိ HIV နှင့်စပ်လျဥ်းသည့် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးအတွက် ဆောင်ရွက်နေသည့် လူ့အခွင့်အရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် KELIN သည် လျှောက်ထားသူများဆိုင်ရာ ဦးဆောင်ကောင်စီအဖွဲ့အား သုတေသနပံ့ပိုးမှုပေးခဲ့ပါသည်။ ၂၀၀၉ ခုနှစ်မှ စတင်ကာ ဆက်လက်တည်ရှိနေသည့် အမှုသည် HIV ကူးစက်ခံရသူများအတွက် Antiretroviral (ARVs) ဆေးဝါးများအပါအဝင် အထွေထွေဆေးဝါးတင်သွင်းမှုအား ခြိမ်းခြောက်နေသည့် Anti-Counterfeit Act 2008 ၏ ပြဋ္ဌာန်းချက်များကို စိန်ခေါ်ခဲ့ပါသည်။ ကျန်းမာရေးအခွင့်အရေးဆိုင်ရာကုလသမဂ္ဂအထူးကိုယ်စားလှယ်တော်သည် amicus brief တစ်ရပ်ကိုအမှုတင်သွင်းခဲ့ပြီး စီရင်ချက်တွင် လုံလောက်စွာကိုးစားမှုပြုခဲ့ပါသည်။

အမျိုးသမီးတရားသူကြီး Ngugi မှ သူမ၏စီရင်ချက်တွင် intellectual property သည် ကင်ညာဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားသည့် အသက်ရှင်မှု အခွင့်အရေး၊ ကျန်းမာမှုအခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာအခွင့်အရေး တို့အား အန္တရယ်မပေးသင့်ကြောင်း အမိန့်ချခဲ့ပါသည်။ သို့ဖြစ်၍ မူပိုင်ခွင့်ရရှိသူများသည် အသနားခံသူများမှ စိုးရိမ်နေရသည့် အထွေထွေဆေးဝါးတင်သွင်းမှုကို တရားဝင်ပိတ်ဆို့မှုအား ဆောင်ရွက်မှုမပြုနိုင်မပြုနိုင်တော့ပါ။[14]

## ၄.၁၅။ နောက်ဆက်တွဲဆောင်ရွက်မှုများနှင့်ကောင်းမွန်သောကျင့်သုံးမှု များတို့၏ ရလဒ်များကိုဝေမျှခြင်း

နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာဥပဒေနှင့် ၎င်းနှင့်စပ်လျဥ်းသည့်ယန္တယားများသည် အခွင့်အရေးကိုင်ဆောင်သူများ၏ ဖြစ်ရပ်မှန်များမှ ဝေးကွာနေသည်ဟု ထင်ရဖွယ်ရှိနိုင်ပါသည်။ ဂျီနီဗာရှိ အမှီအခိုကင်းသော ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များသည် သာမန်ပြည်သူများ၏ ဘဝအပေါ်

[14] See the judgment: http://bit.ly/L1cEu5 (accessed 24 July 2013).

မည်သို့ အကျိုးသက်ရောက်စေနိုင်ပါမည်နည်း။ စာချုပ်အဖွဲ့သည်မည်သည်ဖြစ်သည်၊ အထူး ကုယ်စားလှယ်သည် မည်သည်ကို ဆောင်ရွက်သည်တို့အား သိရှိထားဖွယ်မရှိသည့် တာဝန် ထမ်းဆောင်သူများ၏ ပြုမူပုံပိုမိုကောင်းမွန်လာစေရေးအတွက် ၎င်းတို့မှ မည်သို့ လွှမ်းမိုးနိုင်ပါ မည်နည်း။ အရပ်ဘက်အဖွဲ့အစည်း၏ နောက်ဆက်တွဲဆောင်ရွက်မှုများ ကြောင့် ဖြစ်ရပ်များစွာ တွင် ပြောင်းလဲမှု သည် ဖြစ်ပျက်နိုင်ပြီး အမှန်တကယ်ပင်ဖြစ်ပျက်ပါသည်။ နောက်ဆက်တွဲ ဆောင်ရွက်ချက်များနှင့် အလေ့အကျင့်ကောင်းများ၏ ရလဒ်များအား စာတမ်းပြုစုခြင်း၊ ဖလှယ် ခြင်းနှင့် ဖြန့်ဝေခြင်းတို့သည် အခြားသူများအား ချိတ်ဆက်ပါဝင်ရန်၊ အလားတူဆောင်ရွက်ရန် နှင့် အတွေ့အကြုံများအား ၎င်းတို့၏အခြေအနေနှင့် ဦးစားပေးမှုများနှင့်အညီ ဆီလျော်စွာ ဆောင်ရွက်ရန်တို့အတွက် လှုံ့ဆော်ပေးပါသည်။ လူ့အခွင့်အရေးယန္တယားများ၏ အကျိုး သက်ရောက်မှုအပေါ် တုန့်ပြန်ချက်ကိုလည်း ယင်းယန္တယားများအတွက် လုပ်ဆောင်နေကြ သည့် ကျွမ်းကျင်ပညာရှင်များမှ မြင့်မားစွာ တန်ဖိုးထားရှိပါသည်။

**ဥပဒေရေးပအရှေ့ပိုင်းနှင့် အာရှအလယ်ပိုင်းဒေသတို့ရှိ လူနာစောင့်ရှောက်မှုတွင် လူ့အခွင့်အရေး ဆိုင်ရာအမှုများအားတရားစွဲဆိုခြင်းအပေါ် အရင်းအမြစ်များနှင့် အလေ့အကျင့်များ ဖလှယ်ခြင်း**

လူနာစောင့်ရှောက်မှုရှိလူ့အခွင့်အရေးဆိုင်ရာပရောဂျက်သည် လူနာများကိုယ်စား လူ့အခွင့်အရေးဆိုင် ရာ အမှုများအား တရားစွဲဆိုမှုများ၌ စိပ်ပါဝင်စားသည့် ရှေ့နေများအတွက် နိုင်ငံအခြေပြု Practioner Guides ကိုဖော်ဆောင်ပေးပါသည်။ ယင်းလမ်းညွှန်များသည် လက်တွေ့ကျပြီး၊ ပြည်သူ့ဟစ်တိုင်အရာရှိ များနှင့် ဆေးဝါးဆိုင်ရာလိုင်စင်ထုတ်ပေးသည့်အဖွဲ့များကဲ့သို့သော တရားစွဲဆိုမှုနှင့် အခြားသော ယန္တယားနစ်ရပ်လုံးကို လွှမ်းခြုံခြင်းလည်းကောင်း၊ စာချုပ်အဖွဲ့ဆိုင်ရာ ဥပဒေသီပွံညာနှင့် လုပ်ထုံးလုပ် နည်းများ၏ လုပ်ငန်း တို့အားသေချာစွာသုံးသပ်မှုအပါအဝင် အမျိုးသား၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာ အဆင့်များ ၌ လူနာနှင့် ထောက်ပံ့သူတို့အခွင့်အရေးနှင့် တာဝန်ဝတ္တရားများ စစ်ဆေးခြင်းလည်းကောင်း ဆောင်ရွက်ပါသည်။

ပရောဂျက်တွင် လေ့ကျင့်မှုဆိုင်ရာလူထုတစ်ရပ်၊ အချက်အလက်များနှင့် အရင်းအမြစ်များ မျှဝေရန် ဝက်ဘ်အခြေဆိုက် နေရာတစ်ခု တို့လည်းရှိပါသည်။ လေ့ကျင့်မှုဆိုင်ရာလူထုတွင် အပိုင်း ၃ ပိုင်းရှိရာ၊ ၎င်းတို့မှာ ဥပဒေနှင့် ကျန်းမာရေးဆိုင်ရာသင်ကြားမှု၊ လူနာစောင့်ရှောက်မှုရှိလူ့အခွင့်အရေးဆိုင်ရာ သင်တန်းပေးခြင်းနှင့် မီဒီယာဆိုင်ရာ အသုံးခံများ(tool) များတို့ ဖြစ်သည်။[15]

## ၄.၁၆။ တည်ဆဲရှိသည့်လူ့အခွင့်အရေးယန္တယားများတို့၏နောက်ဆက်တွဲလုပ်ထုံး လုပ်နည်းများနှင့် အလေ့အကျင့်များတို့ဖြင့် ချိတ်ဆက်ဆောင်ရွက်ခြင်း

လူ့အခွင့်အရေးယန္တယားမှဦးစီးသည့် နောက်ဆက်တွဲလုပ်ထုံးလုပ်နည်းများနှင့် ကျင့်သုံးမှုများ တို့သည် အစိုးရများ၏ပူးပေါင်းမှုနှင့် CSO များတို့၏ပါဝင်မှုတို့အပေါ် အမှီသဟဲပြုပါသည်။ လမ်းညွှန်စာအုပ်၏ နောက်အခန်းတွင် တည်ဆဲ နောက်ဆက်တွဲလုပ်ထုံးလုပ်နည်းများနှင့် အလေ့ အကျင့်များကို ဖော်ပြပေးပါသည်။

[15] http://health-rights.org/

# ၅။ တည်ဆဲလူ့အခွင့်အရေးယန္တယားများတို့၏ နောက်ဆက်တွဲ လုပ်ထုံး လုပ်နည်းများနှင့် ကျင့်သုံးမှုများတို့ဖြင့် ချိတ်ဆက် ဆောင်ရွက်ခြင်း

လူ့အခွင့်အရေးဆိုင်ရာအကြံပြုချက်များနောက်ဆက်တွဲဖြစ်သည့် ပြောင်းလဲမှုအား အကဲဖြတ်ခြင်း၊ နိုင်ငံတစ်နိုင်ငံအား လူ့အခွင့်အရေးယန္တယားများမှ ၎င်းတို့၏လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆေးမှုပြုပြီးနောက် ဖြစ်ပျက်သည်များကို သင်ယူခြင်း၊ ကုလသမဂ္ဂလူ့အခွင့်အရေးဗိသုကာအတတ်ပညာ နောက်ခံအပေါ် အကျိုးသက်ရောက်မှုအား နားလည်ခြင်းသည် လူ့အခွင့်အရေးယန္တယားများ၏ အဓိက အကျိုးစီးပွားနှင့် ဦးတည်ချက်ပင်ဖြစ်သည်။ ၎င်းတို့အား ဖွဲ့စည်းတည်ထောင်ချိန်မှစ၍ ယန္တယားအားလုံးမှသိရှိနားလည်သည်မှာ ၎င်းတို့၏ လေးနက်မှုသည် ၎င်းတို့မှ ထုတ်ဖော်သည့် သို့မဟုတ် တိုက်တွန်းသည့် အပေါင်းလက္ခဏာပြောင်းလဲမှုအပေါ်တွင် မူတည်လျက်ရှိပါ သည်။ အပေါင်းလက္ခဏာဆောင်သော သက်သေသည် ၎င်းတို့၏ထိရောက်မှုဆိုင်ရာသက်သေပင်ဖြစ်သည်။ ဤ "သက်သေအတွက်အလိုဆန္ဒ" သည် ယန္တယားတစ်ခုချင်းစီမှ ဖော်ဆောင်ထားသည့် ကွဲပြားသော နောက်ဆက်တွဲဆောင်ရွက်မှုပုံစံများအား ဖွံ့ဖြိုးတိုးတက်ရေးကို ရလဒ်ဖြစ်စေပါသည်။ အချို့တို့အား မြောက်များစွာသောစာချုပ်အဖွဲ့များ၏ နိုင်ငံချုပ်သုံးသပ်မှုများအတွက် နောက်ဆက်တွဲလုပ်ထုံးလုပ်နည်းကဲ့သို့ပင် ထူထောင်ပြီးလုပ်ထုံးလုပ်နည်းများတွင် တရားဝင်ဖြစ်သွား စေပါသည်။ အခြားသောအရာများသည် အချို့သောအထူးကိုယ်စားလှယ်တော်များမှ နိုင်ငံလည်ပတ်မှုပြီးနောက် ထုတ်ဖော်သည့် နောက်ဆက်တွဲအစီရင်ခံစာများကဲ့သို့ပင် တစ်သမတ်တည်းဖြစ်သော ကျင့်သုံးမှုများဖြစ်သည်။ အချို့သောဖြစ်ရပ်များတွင် နောက်ဆက်တွဲဆောင်ရွက်မှုသည် ad hoc အစပျိုးမှုဖြစ်နိုင်ပြီး၊ ဥပမာအဖြစ် လူ့အခွင့်အရေးဆိုင်ရာအကြံပြုချက်များ အကောင်အထည်ဖော်ဆောင်ရာတွင် အတွေ့အကြုံများကို ဖလှယ်ရန် ကျင်းပသည့် ဒေသဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲမျိုးဖြစ်သည်။ နောက်ထပ်ဖော်ပြသည့်အခန်းတွင် ယင်းလမ်းကြောင်းများကို ပို၍အသေးစိပ် ဖော်ပြပေးထားပါသည်။

## ၅.၁။ လူ့အခွင့်အရေးဆိုင်ရာစာချုပ်အဖွဲ့များ

### *နိုင်ငံချုပ်သုံးသပ်မှုများဆိုင်ရာ နောက်ဆက်တွဲလုပ်ထုံးလုပ်နည်းများ*

စာချုပ်အဖွဲ့မှ အဖွဲ့ဝင်နိုင်ငံများအား နိုင်ငံချုပ်သုံးသပ်မှုများ သို့မဟုတ် တစ်ဦးချင်းတိုင်ကြားမှုများ ဆိုင်ရာယန္တယားများအရယူဆောင်လာသည့် အမှုများအပေါ် ဆုံးဖြတ်ချက်များ တို့ပါဝင်သည့် အကြံပြုချက်များအပေါ် အရေးယူဆောင်ရွက်ပေးရန် ကူညီပေးမည့် လုပ်ထုံးလုပ်နည်းများကို နေရာတကျထားရှိခဲ့ပါသည်။ နိုင်ငံများသည် အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာ ပုံမှန်အစီရင်ခံစာများရှိ နောက်ဆက်တွဲများကို ဆောင်ရွက်ပေးရန် အားလုံးသောစာချုပ်အဖွဲ့များမှ တောင်းဆိုပါသည်။ ညှဉ်းပန်းနှိပ်စက်မှုဆန့်ကျင့်ရေးကော်မတီ (CAT)၊ လူမျိုးရေးဖိနှိပ်ခွဲခြားမှုဖျက်သိမ်းရေးဆိုင်ရာကော်မတီ (CERD)၊ လူ့အခွင့်အရေးကော်မတီ (HR Committee)၊ အမျိုးသမီးများအား နှိပ်စက်ညှဉ်းပမ်းမှုပပျောက်ရေးကော်မတီ (CEDAW) နှင့် အတင်းအဓမ္မအပျောက်ဖျောက်ခြင်း ဆိုင်ရာကော်မတီ စသည်တို့သည် တရားဝင်နောက်ဆက်တွဲလုပ်ထုံးလုပ်နည်းများကို အတည်ပြု

ခဲ့ပါသည်။ ယင်း စာချုပ်အဖွဲ့ ၅ ခုတို့သည် ၎င်းတို့၏ နိဂုံးချုပ်သုံးသပ်ချက်များတွင်တောင်းဆိုသည်မှာ နိုင်ငံများသည် အချို့သောအကြံပြုချက်များအား တုန့်ပြန်သည့် ဆောင်ရွက်ချက်များ သို့မဟုတ် လျင်မြန်စွာအကောင်အထည်ဖော်ဆောင်နိုင်သည့် "ဦးစားပေးအလေးထားချက်များ"အပေါ် တစ်နှစ်အတွင်း (CEDAW ဖြစ်ရပ်တွင် ၂ နှစ်) အစီရင်ခံရန်ဖြစ်သည်။ ယင်းကော်မတီများသည် အဖွဲ့ဝင်နိုင်ငံများမှ တင်သွင်းသည့် နောက်ဆက်တွဲအစီရင်ခံစာများကို အကဲဖြတ်သုံးသပ်ပြီး ကော်မတီထံ ပြန်လည်တင်ဆက်ပေးရန် တာဝန်ယူပေးမည့် ကိုယ်စားလှယ်တစ်ဦး သို့မဟုတ် နောက်ဆက်တွဲညှိနှိုင်းရေးမှူးတစ်ဦးကိုခန့်အပ်ပါသည်။ အချို့သောစာချုပ်အဖွဲ့ဝင်များသည် အဖွဲ့ဝင်နိုင်ငံများ၏ ဖိတ်ကြားမှုအရ အစီရင်ခံစာနှင့် နိဂုံးချုပ်သုံးသပ်ချက်များအား အကောင်အထည်ဖော်ဆောင်မှုတို့အား နောက်ဆက်တွဲဆောင်ရွက်ရန်နှင့် နိုင်ငံသို့ လာရောက်လည်ပတ်မှုပြုပါသည်။

လူ့အခွင့်အရေးကော်မတီနှင့်စပ်လျဉ်း၍ ၎င်းသည် အဖွဲ့ဝင်နိုင်ငံတစ်ခုမှ နောက်ဆက်တွဲ အစီရင်ခံစာတစ်ရပ်ရရှိသော် နောက်ဆက်တွဲဆိုင်ရာအထူးကိုယ်စားလှယ်တော်သည် အစည်းအဝေးတိုင်းတွင် တိုးတက်မှုအစီရင်ခံ စာတစ်ရပ်ကို ထုတ်ဖော်ပါသည်။ ၎င်းတွင် အဖွဲ့ဝင်နိုင်ငံ၏ နောက်ဆက်တွဲအစီရင်ခံစာ အကျဉ်းချုပ်တစ်ခုကိုလည်းကောင်း၊ CSO များမှ သတင်းအချက်အလက်များနှင့် အခြားအရင်းအမြစ်များကိုလည်းကောင်း၊ ကော်မတီ၏ နောက်ဆက်တွဲအကဲဖြတ်သုံးသပ်မှုစံအပေါ်အခြေပြုသည့်ကော်မတီ၏အကဲဖြတ်သုံးသပ်မှု(အောက်ပါဇယားတွင်ကြည့်ပါ) လည်းကောင်း ပါဝင်သည်။ ကော်မတီအဖွဲ့သည် နောက်ဆက်တွဲအစီရင်ခံစာအပေါ် ဆုံးဖြတ်ချက်ချမှတ်မှုကို အဖွဲ့ဝင်နိုင်ငံထံအကြောင်းကြားပေးသည်။ အကယ်၍ အဖွဲ့ဝင်နိုင်ငံတစ်ခုသည် နောက်ဆက်တွဲလုပ်ထုံးလုပ်နည်းနှင့် ပူးပေါင်းမှုမရှိခြင်း သို့မဟုတ် ကော်မတီအဖွဲ့၏ကျေနပ်ဖွယ်မရှိဟုယူဆရသည့်ဆောင်ရွက်ချက်များ ချမှတ်ခြင်းဖြစ်လာလျှင် ကိုယ်စားလှယ်တော်သည် ထိုအဖွဲ့ဝင်နိုင်ငံ၏ ကိုယ်စားပြုအဖွဲ့ဖြင့် အစည်းအဝေးတစ်ရပ် တောင်းဆိုနိုင်သည်။

### လူ့အခွင့်အရေးကော်မတီ၏ နောက်ဆက်တွဲအကဲဖြတ်သုံးသပ်မှုစံ

**တုန့်ပြန်ချက်/ဆောင်ရွက်ချက် ကျေနပ်ဖွယ်ရှိခြင်း**

က။ ကျယ်ပြန့်စွာတုန့်ပြန်ခြင်း ကျေနပ်ဖွယ်ရှိ

**တုန့်ပြန်ချက်/ဆောင်ရွက်ချက် တစ်ပိုင်းတစ်စကျေနပ်ဖွယ်ရှိခြင်း**

ခ(၁)။ ထိရောက်သောဆောင်ရွက်မှုချမှတ်၊ သို့သော်ထပ်ဆောင်းသတင်းအချက်အလက်များလိုအပ်

ခ(၂)။ ကနဦးဆောင်ရွက်မှုချမှတ်၊ သို့သော် ထပ်ဆောင်းသတင်းအချက်အလက်များလိုအပ်

**တုန့်ပြန်ချက်/ဆောင်ရွက်ချက် ကျေနပ်ဖွယ်မရှိခြင်း**

ဂ(၁)။ တုန့်ပြန်ချက်ရရှိ၊ သို့သော် ချမှတ်လိုက်သည့်ဆောင်ရွက်ချက်များသည် အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်မှုမရှိ

ဂ(၂)။ တုန့်ပြန်ချက်ရရှိ၊ သို့သော် အကြံပြုချက်နှင့် သက်ဆိုင်မှုမရှိ

**ကော်မတီအဖွဲ့နှင့် ပူးပေါင်းမှုမရှိခြင်း**

ဃ(၁)။ သတ်မှတ်ချိန်အတွင်း တုန့်ပြန်ချက်မရှိ၊ သို့မဟုတ် အစီရင်ခံစာရှိ မေးခွန်းတစ်စုံတစ်ရာကိုမျှ တုန့်ပြန်မှုမရှိ

ဃ(၂) သတိပေးချက်(များ)ပေးပြီးသော်လည်း တုန့်ပြန်ချက်မရှိ

**ချမှတ်လိုက်သည့်ဆောင်ရွက်ချက်များသည် ကော်မတီ၏အကြံပြုချက်များနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်**

င ချမှတ်လိုက်သည့်ဆောင်ရွက်ချက်များသည် ကော်မတီ၏ အကြံပြုချက်များနှင့် ဆန့်ကျင်မှုရှိနေကြောင်း တုန့်ပြန်ချက်မှ ဖော်ပြသည်။

## *အရပ်ဘက်အဖွဲ့အစည်းများမည်သို့ပါဝင်နိုင်မည်နည်း*

အဖွဲ့ဝင်နိုင်ငံအစီရင်ခံစာနှင့် ကိစ္စရပ်များအား ထည့်သွင်းစဉ်းစားမှုအတွက် တင်တွင်းသည့် "ရှဲဒိုး" သို့မဟုတ် "အခြားသော" အစီရင်ခံစာများနည်းတူ CSAs များသည် နောက်ဆက်တွဲလုပ်ထုံးလုပ်နည်းဆိုင်ရာဘောင်အတွင်းရှိ သတင်းအချက်အလက်များကို တင်သွင်းနိုင်ပါသည်။ ဤအခြေအနေအရ တင်သွင်းမှုများသည် နောက်ဆက်တွဲလုပ်ထုံးလုပ်နည်းဆိုင်ရာ နိဂုံးချုပ်သုံးသပ်ချက်များတွင် ဖော်ထုတ်ထားသည့် အကြံပြုချက်များအပေါ် အထူးပြုဦးစားပေးသင့်ပြီး၊ အာဏာပိုင်များမှ ချမှတ်သည့် ဆောင်ရွက်မှုများဆိုင်ရာ ကျစ်လစ်သော သတင်းအချက်အလက်များ[16] ပါဝင်သင့်ကာ ၎င်းတို့၏ ထိရောက်မှုကို အကဲဖြတ်သုံးသပ်ပေးသင့်ပါသည်။ နိုင်ငံမှ ပေးသည့်တုန့်ပြန်ချက်များအပေါ် CSAs များမှ ဝေဖန်သုံးသပ်မှုပေးရန်ဆန္ဒရှိကောင်းရှိနိုင်ပါသည်။ နောက်ဆက်တွဲလုပ်ထုံးလုပ်နည်းဆိုင်ရာ CSA တင်သွင်းမှုများသည် အဖွဲ့ဝင်နိုင်ငံအစီရင်ခံစာများနှင့် ကိစ္စရပ်များအား ထည့်သွင်းစဉ်းစားမှုအတွက် ချမှတ်ထားသည့် တင်သွင်းမှုဆိုင်ရာတူညီသောစည်းမျဉ်းများကို လိုက်နာရပြီး အများနှင့်ဆိုင်သည်ဟု မှတ်ယူပါသည်။ ၎င်းတို့အား OHCHR ၏ ဝက်ဘ်ဆိုက်ပေါ်တွင် ထားရှိပေးခြင်း၊ သို့မဟုတ် တင်သွင်းသည့်အဖွဲ့အစည်းမှ ဆောင်ဆိုမှုရှိခဲ့လျှင် လျှို့ဝှက်ထားပေးခြင်းတို့ ဆောင်ရွက်ပေးပါသည်။

### အမျိုးသားအဆင့်တွင် CRC နိဂုံးချုပ်သုံးသပ်ချက်များ အသုံးပြုခြင်း

ကလေးအခွင့်အရေးဆိုင်ရာကော်မတီ (CRC) ၏ အစီရင်ခံမှုလုပ်ငန်းစဉ်တွင် ချိတ်ဆက်ဆောင်ရွက်မှုအား စက်ဝိုင်းသဏ္ဍာန်ချဉ်းကပ်မှုကို မြှင့်တင်ပေးရန်နှင့် အရပ်ဘက်လူ့အဖွဲ့အစည်းမှ ၎င်းတို့၏ စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းတွင် CRC ၏ အကြံပြုချက်များအား အပြည့်အဝအသုံးပြုခြင်းကို အားပေးရန်တို့အတွက် Child Rights Connect သည် CSAs များနှင့် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများတို့မှ ဦးစီးဦးရွက်ပြုသည့် နောက်ဆက်တွဲလှုပ်ရှားမှုများအပေါ် ဖြစ်ရပ်လေ့လာချက်များတသီတတန်းအား ပြုစုပေးခဲ့ပါသည်။[17]

စာချုပ်အဖွဲ့ဝင်များသည် အရပ်ဘက်အဖွဲ့အစည်း၊ ကုလသမဂ္ဂအေဂျင်စီများနှင့် OHCHR ၊ သို့မဟုတ် အစိုးရများတို့မှ စီစဉ်သည် ဒေသခွဲ သို့မဟုတ် အမျိုးသား အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများတွင် ပါဝင်နိုင်ပါသည်။ ထိုသို့သော အလုပ်ရုံဆွေးနွေးပွဲများတွင် အရပ်ဘက်အဖွဲ့အစည်းများ၏ပါဝင်မှုကို အားပေးပါသည်။

16 CEDAW requests that submissions should not exceed a maximum length of 3,500 words.

17 www.childrightsnet.org/NGOGroup/CRC/FollowUp/

## ညှဉ်းပန်းနှိပ်စက်မှုကာကွယ်တားဆီးရေးဆိုင်ရာဆပ်ကော်မတီ၏ နောက်ဆက်တွဲလာရောက်လည်ပတ်မှု

ညှဉ်းပန်းနှိပ်စက်မှုဆန့်ကျင်ရေးသဘောတူစာချုပ်၏ လိုက်နာရန်ရွေးချယ်ခွင့်ရှိသောနောက်ဆက်တွဲစာချုပ်အောက်၌ ၂၀၀၇ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည် ညှဉ်းပန်းနှိပ်စက်မှု ကာကွယ်တားဆီးရေးဆိုင်ရာဆပ်ကော်မတီ (SPT) သည် အချက်အလက်ရှာဖွေတွေ့ရှိရေးလာရောက်လည်ပတ်မှုကို ရဲစခန်းများ၊ အကျဉ်းထောင်များ၊ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့်လူမှုစောင့်ရှောက်ရေးအင်စတီကျူးရှင်းများအပါအဝင် ဖမ်းဆီးထိန်းသိမ်းမှုပြုသည့်မည်သည့်နေရာကိုမဆိုသော်လည်းကောင်း၊ အဖွဲ့ဝင်နိုင်ငံများ၏ နယ်ပယ်ဒေသများအတွင်းရှိ လွတ်လပ်မှုဆုံးရှုံးသောအခြားဒေသများမည်သည်ကိုမဆိုလည်းကောင်း ဆောင်ရွက်နိုင်ပါသည်။ နိုင်ငံလာရောက်လည်ပတ်မှုအဆုံးခန်းတွင် ဆပ်ကော်မတီသည် ၎င်း၏ အကြံပြုချက်များနှင့် သုံးသပ်ချက်များကို လျှို့ဝှက်အစီရင်ခံစာနည်းလမ်းဖြင့် ထိုနိုင်ငံထံသို့ ပြန်လည်ဆက်သွယ်အကြောင်းကြားပါသည်

အကယ်၍ SPT အဖွဲ့သည် လျော်ကန်သည်ဟုယူဆပါက ပုံမှန်လာရောက်လည်ပတ်မှုပြီးနောက် ကာလတိုနောက်ဆက်တွဲလာရောက်လည်ပတ်မှုအဆိုပြုနိုင်ပါသည်။ ၂၀၁၀ ခုနှစ် စက်တင်ဘာလတွင်၊ SPT အဖွဲ့သည် ပါရာဂွေးနိုင်ငံသို့ ပထမဆုံးအကြိမ် နောက်ဆက်တွဲလာရောက်လည်ပတ်မှုကို စီစဉ်ခဲ့ရာ ၎င်းတွင် အရပ်ဘက်အဖွဲ့အစည်းလည်းပါဝင်ခဲ့လေသည်။

### *တစ်သီးပုဂ္ဂလ်တိုင်ကြားမှုများအပေါ် ဆုံးဖြတ်ချက်များအား နောက်ဆက်တွဲဆောင်ရွက်ခြင်း*

လူ့အခွင့်အရေးစာချုပ်အဖွဲ့များသည် အချို့သောအခြေအနေရပ်များအရ တစ်သီးပုဂ္ဂလတိုင်းကြားမှုသို့မဟုတ် ဆက်သွယ်သတင်းပေးပို့ချက်များကို ထည့်သွင်းစဉ်းစားပေးနိုင်ပါသည်။[18] ဤလုပ်ထုံးလုပ်နည်းအောက်၌ စာချုပ်တစ်ခုရှိ သူ/သူမ၏အခွင့်အရေးချိုးဖောက်ခံရသည်ဟု အခိုင်အမာဆိုသည့် တစ်သီးပုဂ္ဂလ မည်သူမဆိုသည် စာချုပ်သို့အဖွဲ့ဝင်ထားသည့်နိုင်ငံအား စာချုပ်အဖွဲ့ဖြင့် တိုင်ကြားမှုတစ်ရပ်တင်နိုင်ပြီး၊ တစ်သီးပုဂ္ဂလများထံမှ တိုင်ကြားမှုများအား စာချုပ်အဖွဲ့မှ ထည့်သွင်းစဉ်းစားပေးရန် လုပ်ပိုင်ခွင့်အာဏာရှိကြောင်း အသိအမှတ်ပြုထားရပါမည်။ တိုင်ကြားမှုအား ဦးစွာလက်ခံနိုင်ခြင်းသတ်မှတ်ချက်များအပေါ်အခြေခံ၍ အကဲဖြတ်မှုပြုပါသည်။ လက်ခံနိုင်ဖွယ်ရှိက တိုင်ကြားမှု၏ အကောင်းအဆိုးကို ထည့်သွင်းစဉ်းစားကာ၊ စာချုပ်ပါပြဋ္ဌာန်းချက်တစ်ရပ်အား ချိုးဖောက်မှု အမှန်တကယ်ရှိ၊ မရှိကို စာချုပ်အဖွဲ့မှ ဆုံးဖြတ်ချက်တစ်ရပ် အတည်ပြုပေးပါသည်။

---

[18] As of July 2013, this procedure existed for the International Covenant on Civil and Political Rights, the International Convention on the Elimination of All Forms of Racial Discrimination, the Convention against Torture, the Convention on the Elimination of All Forms of Discrimination against Women, the International Convention for the Protection of All Persons from Enforced Disappearance, the International Covenant on Economic, Social and Cultural Rights, and the Convention on the Rights of Persons with Disabilities. It will come into force for the International Convention on the Protection of the Rights of All Migrant Workers and Members of their Families and for the Convention on the Rights of the Child, when 10 State parties have made the necessary declaration under article 77 of the former and ratified the latest Optional Protocol to the latter.

အကယ်၍ တိုင်ကြားသူ(များ)သည် ချိုးဖောက်ခံရသူများဖြစ်နေခဲ့ပါကြောင်း စာချုပ်အဖွဲ့မှ ဆုံးဖြတ်ပါက၊ နိုင်ငံမှ သတင်းအချက်အလက်များကို ပုံမှန်အားဖြင့် ၆ လတာကာလ အတွင်း ပေးပို့ရန် တောင်းဆိုရာ ၎င်းသည် စာချုပ်အဖွဲ့၏ ဆုံးဖြတ်ချက်ကို အကျိုးသက်ရောက်မှု ပေးရန် ချမှတ်သည့် ခြေလှမ်း အဆင့်များအပေါ်တွင်ဆောင်ရွက်ပါသည်။ နိုင်ငံ၏တုန့်ပြန်ချက်ကို တိုင်ကြားသူ(များ)ထံ လွှဲပြောင်းပေးပြီး ၎င်းတို့မှ နိုင်ငံ၏ တင်သွင်းမှုအပေါ် သုံးသပ်မှုပေးနိုင်ပါသည်။

အချို့သောစာချုပ်အဖွဲ့များ၊ အထူးသဖြင့် လူ့အခွင့်အရေးကော်မတီ၊ CAT ၊ CERD နှင့် CEDAW တို့သည် ကော်မတီ၏ဆုံးဖြတ်ချက်များအား အကောင်အထည်ဖော်ဆောင်မှုကို စောင့်ကြည့်ရန် လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းထားလေသည်။ ထိုလုပ်ထုံးလုပ်နည်းများတွင် ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာ နောက်ဆက်တွဲဆောင်ရွက်မှုဖြင့် တာဝန်ပေးအပ်ခံရသည့် ကိုယ်စားလှယ်တော်တစ်ဦးခံအပ်ခြင်းပါဝင်သည်။ ထိုသူတို့အား အချိန်ကာလတစ်ခုအတွက် ခန့်အပ်ပြီး၊ CEDAW ဆိုင်ရာဖြစ်ရပ်တွင် အချို့သော အမှုဖြစ်ရပ်များကို နောက်ဆက်တွဲဆောင်ရွက်ရန် ခန့်အပ်ထားပါသည်။ ဆုံးဖြတ်ချက်များအား အကောင်အထည်ဖော်ဆောင်ရန်ချမှတ်သည့် ခြေလှမ်းအဆင့်များအပေါ် နိုင်ငံ၏တုန့်ပြန်ချက်များ သည် ကျေနပ်ဖွယ်မရှိခြင်း သို့မဟုတ် လိုလားဖွယ်မရှိခြင်းတို့ဖြစ်ပါက၊ ကိုယ်စားလှယ်တော်သည် ယင်းအဖွဲ့ဝင်နိုင်ငံ၏ သံတမန်ရေးရာကိုယ်စားလှယ်များနှင့် အတိုင်အပင်ခံဆွေးနွေးမှုများ ဆောင်ရွက်နိုင်သည်။ ထိုသံတမန်များသည် အများအားဖြင့် ဂျီနီဗာ သို့မဟုတ် နယူးယောက်ရှိ အမြဲတမ်းမစ်ရှင်များဆိုင်ရာသံတမန်များဖြစ်သည်။

## *အရပ်ဘက်အဖွဲ့အစည်းသည် မည်သို့ပါဝင်နိုင်မည်နည်း*

တစ်သီးပုဂ္ဂလတိုင်ကြားမှုများတွင် CSAs များပါဝင်လာပါက (ဥပမာ - ထိုသူတို့သည် အသနားခံစာ အမှုတွဲဖွင့်ရာတွင် တိုင်ကြားသူအား ကူညီပေးခဲ့သောကြောင့်) ၎င်းတို့သည် ဆုံးဖြတ်ချက်အား မည်သို့အကောင်အထည်ဖော်ဆောင်ခဲ့မှုဆိုင်ရာ သတင်းအချက်အလက်များ ပေးနိုင်ပါသည်။

### လူ့အခွင့်အရေးဆိုင်ရာဆုံးဖြတ်ချက်များအားအကောင်အထည်ဖော်ဆောင်မှုကို အကဲဖြတ်သုံးသပ်ခြင်း

၂၀၁၀ ခုနှစ်တွင် Open Society Justice Initiative သည် *တရားစီရင်ချက်မှ တရားမျှတမှုသို့ - နိုင်ငံတကာနှင့် ဒေသဆိုင်ရာ လူ့အခွင့်အရေးဆုံးဖြတ်ချက်များအကောင်အထည်ဖော်ဆောင်ခြင်း* ဟူသည့် အစီရင်ခံစာကိုထုတ်ဝေခဲ့ရာ၊ ၎င်းသည် နိုင်ငံတကာနှင့် ဒေသဆိုင်ရာ လူ့အခွင့်အရေးဆိုင်ရာအဖွဲ့များဖြစ်သည့် ကုလသမဂ္ဂစာချုပ်အဖွဲ့များ၊ အာဖရိက၊ ဥရောပနှင့် Inter-America စနစ်များတို့၏ ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာ စိန်ခေါ်မှုများကို စစ်ဆေးပေးပါသည်။ အစီရင်ခံစာမှ မှတ်ယူထားသည်မှ ၂၅ နှစ်တာအတွင်းရရှိခဲ့သည့်အောက်မြင်မှုများရှိလင့်ကစား ထိုစနစ်များအားလုံးသည် အောက်ခြေအဆင့်ပြောင်းလဲမှုအတွက် ၎င်းတို့၏ အသုံးအဖြတ်အား ဘာသာပြန်ရာတွင် ခက်ခဲမှုများ ရင်ဆိုင်ရပါသည်။ ဖြစ်ရပ်များစွာတွင် အထင်ကရဆုံးဖြတ်ချက်များသည် လေးနက်သောပြုပြင်ပြောင်းလဲမှု မဖြစ်ထွန်းခဲ့ပါ။

စာချုပ်အဖွဲ့များ၏ဆုံးဖြတ်ချက်များအားအကောင်အထည်ဖော်ဆောင်မှုကို စိစစ်ရာတွင် အစီရင်ခံစာမှ တွေ့ရှိသည်မှာ "ယေဘုယျအားဖြင့် အောင်မြင်သော အကောင်အထည်ဖော်ဆောင်မှုသည် မြင့်မား

သော နိုင်ငံရေးမြင်သာထင်သာရှိသည့် ဖြစ်ရပ်များနှင့် အတွေ့အကြုံများသော တရားဥပဒေစိုးမိုး ရေး ဓလေ့ထုံးတမ်းဖြင့်ဆောင်ရွက်သည့် ဖြစ်ရပ်များတွင် တွေ့ရများပါသည်။ အကောင်အထည် ဖော်ဆောင်မှုဖြစ်ပျက်နိုင်ခြင်းသည် ကော်မတီ၏ နောက်ဆက်တွဲကြိုးပမ်းမှုများအား ခိုင်မာသော အရပ်ဘက်အဖွဲ့အစည်းမှ အကောက်အထည်ဖော်ဆောင်ပေးခြင်းနှင့် အခြားသော ပြည်တွင်းဖိအားများကို အကျိုးသက်ရောက်စေခြင်းတို့ကြောင့်ဖြစ်သည်။”

## ၅.၂။ လူ့အခွင့်အရေးကောင်စီ

### *လူ့အခွင့်အရေးကောင်စီ၏ဆောင်ရွက်မှုအားနောက်ဆက်တွဲလုပ်ဆောင်ခြင်း*

အထွေထွေညီလာခံဆုံးဖြတ်ချက် ၆၀/၂၅၁ လူ့အခွင့်အရေးကောင်စီ(ကောင်စီ) ဖွဲ့စည်းတည်ထောင်မှု မှဆုံးဖြတ်သည်မှာ ကောင်စီ၏လုပ်ငန်းဆိုင်ရာနည်းလမ်းများသည် **အကြံပြုချက်များနှင့် ၎င်းတို့၏ အကောင်အထည်ဖော်ဆောင်မှုများအတွက် နောက်ဆက်တွဲဆွေးနွေးမှုများကိုခွင့်ပြုပေးရန်** သတ်မှတ်ထားပါသည်။

ကောင်စီသည် ၎င်းမှဆွေးနွေးသည့် လူ့အခွင့်အရေးကိစ္စရပ်များအား အောက်ပါအတိုင်း နောက်ဆက်တွဲဆောင်ရွက်သည် -

- ၎င်းမှ အတည်ပြုလိုက်သည့်ဆုံးဖြတ်ချက်များတွင် နောက်ဆက်တွဲဆောင်ရွက်ရန် တိကျပြတ်သားသော အညွှန်းကိုးကားချက်များပြုလုပ်ခြင်း။ ဆုံးဖြတ်ချက်များတွင် ပုံမှန်အားဖြင့် ကောင်စီသည် “ကိစ္စရပ်အားဆက်လက်ဖမ်းကိုင်ထားသည်” ဟူသည့် ပြဋ္ဌာန်း ချက်များ ချမှတ်မှု ပါဝင်သည်။ ဆိုလိုသည်မှာ ထိုအကြောင်းအရာသည် ကောင်စီတွင်လာမည့် အစည်းအဝေးတစ်ခု၌ ဆွေးနွေးမှုများ၏ အကြောင်းအရာအဖြစ် ဆက်လက်တည်ရှိသွား မည်ဖြစ်သည်။
- ကြိမ်ဖန်များစွာ ထပ်တလဲလဲဖြစ်သည့် အာဂျင်တာပါအချက်များအပေါ် အခြေပြုသည့် ပုံမှန်နှင့် အထူးအစည်းအဝေးများတို့တွင် ၎င်း၏အစည်းအဝေးများကျင်းပခြင်း။ ဤသည် ပုံမှန်အစည်းအဝေးများအတွက် ရှင်းလင်းသောကိစ္စရပ်ဖြစ်သည်။ သို့သော် တူညီသော (သို့) အလားတူအကြောင်းအရာအတွက် အထူးအစည်းအဝေးများကို တောင်းဆိုမှုတို့လည်း ဖြစ်ပျက်နိုင်ပါသည် (ဥပမာ - ၂၀၁၁ နှင့် ၂၀၁၂ ခုနှစ်တို့တွင် ဆီးရီးယားအာရပ်သမ္မတနိုင်ငံ၌ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစည်းအဝေးများ)။
- လာမည့်အစည်းအစည်းအဝေးတွင် အချို့သောခြေလှမ်းများချမှတ်ရန်နှင့် ကောင်စီထံသို့ ပြန်လည်အစီရင်ခံနိုင်ရန် အထူးလုပ်ငန်းအစီအစဉ်များ (သို့) အဖွဲ့ခွဲ များ (သို့) OHCHR တို့ အပါအဝင် ၎င်း၏ ယန္တယားများအား တာဝန်ပေးအပ်ခြင်း။ ကောင်စီသည် လူ့အခွင့် အရေးချိုးဖောက်မှုများစုံစမ်းစစ်ဆေးရန်နှင့် ကောင်စီမှထည့်သွင်းစဉ်းစားပေးမှုအတွက် တွေ့ရှိချက်များပါသည့် အစီရင်ခံစာတစ်ရပ်တင်သွင်းရန် လုပ်ပိုင်ခွင့်ဖြင့် စုံစမ်းစစ်ဆေး ရေးကော်မရှင် (သို့) အချက်အလက်ရှာဖွေမှုမစ်ရှင်ကဲ့သို့သော အထူးဖွဲ့စည်းထားသော ယန္တယား တစ်ခုကို ဖွဲ့စည်းရန်အတွက်လည်း ဆုံးဖြတ်နိုင်လေသည်။ ကောင်စီမှ ပုံမှန် အားဖြင့် ခွဲခန့်ထားသည့် အခြားတာဝန်များတွင် လေ့လာချက်များအား သိနားလည်ခြင်း (သို့) ကျွမ်းကျင်သူများ အစည်းအဝေး (သို့) panel အစည်းအဝေးတစ်ရပ် စီစဉ်ဆောင်ရွက်ခြင်း တို့ပါဝင်လေသည်။

## *အရပ်ဘက်အဖွဲ့အစည်းသည် မည်သို့ပါဝင်နိုင်မည်နည်း*

အထက်ဖော်ပြပါ နောက်ဆက်တွဲဆောင်ရွက်မှုနည်းလမ်းများသည် ကောင်စီ၏ စံသတ်မှတ်ထားသည့် လုပ်ဆောင်မှုနည်းလမ်းများဖြစ်သည်။ သို့ဖြစ်၍ အရပ်ဘက်လူ့အဖွဲ့အစည်းပါဝင်မှုအတွက် နည်းလမ်းများသည် အတူတူဖြစ်ပြီး၊ ECOSOC နှင့် အတိုင်အပင်ခံအဆင့်အား ရရှိခံစားသည့် NGO များအတွက် ဖြစ်နိုင်ခြေရှိမှု၊ စာအရေးအသားနှင့် နှုတ်ပြောထုတ်ပြန်ချက်များဆောင်ရွက်ခြင်းနှင့် တွဲဘက်အစီအစဉ်များ စီစဉ်ဆောင်ရွက်ခြင်းတို့ ပါဝင်သည်။ လူ့အခွင့်အရေးကောင်စီ၏ အစည်းအဝေးတွင် ပါဝင်ရန် ဂျီနီဗာသို့မသွားရောက်နိုင်သည့် NGO များသည် အချို့သော အာဂျင်တာအချက်များအတွက် ရုပ်သံမှတဆင့်နှုတ်ပြောထုတ်ပြန်ချက်အား အဝေးမှတင်ဆက် နိုင်ပါသည်။ လမ်းညွှန်မှုပိုမိုရရှိလိုသော် OHCHR ၏ အရပ်ဘက်အဖွဲ့အစည်းအတွက်လက်စွဲ စာအုပ် - *ကုလသမဂ္ဂလူ့အခွင့်အရေးအစီအစဉ်နှင့်လုပ်ကိုင်ဆောင်ရွက်ခြင်း* နှင့် လူ့အခွင့်အရေး ကောင်စီ ဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်းအတွက် OHCHR ၏ လက်တွေ့ကျလမ်းညွှန်[19] သာမက OHCHR ဝက်ဘ်စာမျက်နှာများတို့ကို ရည်ညွှန်းနိုင်ပါသည်။[20]

စာအရေးအသားနှင့် နှုတ်ပြောထုတ်ပြန်ချက်များ နှင့် တွဲဖက်အစီအစဉ်များအပြင် အရပ်ဘက်အဖွဲ့အစည်းအား လေ့လာချက်များတွင် ပံ့ပိုးပေးရန်နှင့် ကောင်စီမှလုပ်ပိုင်ခွင့်ပေးထားသည့် ကျွမ်းကျင်ပညာရှင်အစည်းအဝေးများနှင့် panels ဆွေးနွေးမှုများတွင်ပါဝင်ရန် ဖိတ်ကြားခြင်းသည် စံထားသည့်ကျင့်သုံးမှုတစ်ရပ်ဖြစ်သည်။ ထို့အပြင် NGO များသည် ကောင်စီနှင့်စင်ပြိုင်ဖြစ်သည့် တံခါးဖွင့်အလွတ်သဘောအစည်းအဝေးများတွင်ပါဝင်နိုင်ပြီး ၎င်းတွင် ဆုံးဖြတ်ချက်မူကြမ်းများ၏ စာသားများကို ဆွေးနွေးပါသည်။

နောက်ဆုံးအနေဖြင့်၊ ကောင်စီ၏ ဆုံးဖြတ်ချက်များနှင့် အဆုံးအဖြတ်များသည် နိုင်ငံများ၏ လူ့အခွင့်အရေး ကာကွယ် စောင့်ရှောက်ရေးနှင့်မြှင့်တင်ရေးအတွက် ကတိကဝတ်များကို ထင်ဟပ်စေပါသည်။ တဖန်ဆိုရသော် အရပ်ဘက်အဖွဲ့အစည်းသည် ၎င်းတို့အတွက် အကျိုးဖြစ်စေသည့် ကောင်စီ၏ ဆုံးဖြတ်ချက်များနှင့် အဆုံးအဖြတ်များတွင် ဖော်ပြထားသည့် လူ့အခွင့်အရေး ဆိုင်ရာ ကတိကဝတ်များ အကောင်အထည်ဖောင်ဆောင်မှုအတွက် ဖိအားပေးရန် အခြေပြမြေပုံဆွဲခြင်း၊ ဦးစားပေးထားရှိခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်နိုင်ပါသည်။

## *အဖွဲ့ခွဲများ၊ ယန္တယားများ နှင့် လုပ်ပိုင်ခွင့်များ*

ကောင်စီ၏ အဖွဲ့ခွဲများနှင့် ယန္တယားများမှ အကြံပြုချက်မြောက်များစွာတို့ကို ထုတ်ဆင့်ပေးရာ အောက်ပါတို့လည်းပါဝင်သည် -

- ကမ္ဘာလုံးနိုင်ငံများအားလုံး၏လူ့အခွင့်အရေးအခြေအနေပုံမှန်သုံးသပ်မှု (လမ်းညွှန်၏ အခန်း ၅.၄ ကိုကြည့်ပါ၊
- လူ့အခွင့်အရေးကောင်စီအကြံပေးကော်မတီ၊
- တိုင်ကြားမှုလုပ်ထုံးလုပ်နည်း၊
- အထူးလုပ်ငန်းအစီအစဉ်များ (လမ်းညွှန်၏ အခန်း ၅.၃ ကိုကြည့်ပါ)၊

[19] Available at www.ohchr.org/EN/AboutUs/Pages/CivilSociety.aspx

[20] www.ohchr.org/EN/HRBodies/HRC/Pages/NgoParticipation.aspx

- လူမှုဖိုရမ်၊
- လူနည်းစုအရေးကိစ္စများဆိုင်ရာဖိုရမ်၊
- မူရင်းဌာနေတိုင်းရင်းသားများ၏အခွင့်အရေးဆိုင်ရာ ကျွမ်းကျင်မှုယန္တယားများ၊ နှင့်
- စီးပွားရေးနှင့်လူ့အခွင့်အရေးဆိုင်ရာဖိုရမ်။

ဤအဖွဲ့များတွင် ပါဝင်ကြသည့် အရပ်ဘက်အဖွဲ့အစည်းများဆိုင်ရာလမ်းညွှန်မှုအတွက် OHCHR ၏ အရပ်ဘက်အဖွဲ့အစည်းအတွက်လက်စွဲစာအုပ် - *ကုလသမဂ္ဂလူ့အခွင့်အရေးအစီ အစဉ်နှင့် အတူလုပ်ကိုင်ဆောင်ရွက်ခြင်း* ၊ လူ့အခွင့်အရေးကောင်စီဆိုင်ရာ အရပ်ဘက်အဖွဲ့ အစည်းအတွက် လက်တွေ့ကျလမ်းညွှန်နှင့် လူမှုဖိုရမ်ဆိုင်ရာလက်တွေ့ကျလမ်းညွှန်စာအုပ်တို့ကို ရည်ညွှန်းပေးပါ။[21]

## ၅.၃။ အထူးလုပ်ငန်းအစီအစဉ်များ (Special procedures)

### *နိုင်ငံလာရောက်လည်ပတ်မှုအား နောက်ဆက်တွဲဆောင်ရွက်ပေးခြင်း*

အထူးလုပ်ငန်းအစီအစဉ်များဆိုင်ရာလုပ်ပိုင်ခွင့်ရရှိသူများသည် နိုင်ငံသို့လာရောက်လည်ပတ်ရန် ယင်းအစိုးရ၏ ဖိတ်ကြားမှုလိုအပ်ပါသည်။ အထူးလုပ်ငန်းအစီအစဉ်များသည် ၎င်းတို့၏ လည်ပတ်မှု တောင်းဆိုချက်များအတွက် အောက်ပါအတိုင်း နောက်ဆက်တွဲဆောင်ရွက်ပေးသည် -

- ၎င်းတို့၏ အစီရင်ခံစာများ၊ ဝက်ဘ်ဆိုက်များ၊ အများပြည်သူဆိုင်ရာအစီအစဉ်များနှင့် မီဒီယာများတို့တွင် ၎င်းတို့၏လာရောက်လည်ပတ်မှုတောင်းဆိုချက်များအား အများသိရှိစေခြင်း၊
- သက်ဆိုင်ရာနိုင်ငံများ၏သံတမန်ရေးရာကိုယ်စားပြုများနှင့် အစည်းအဝေးများကျင်းပခြင်း၊
- တရားဝင်ဖိတ်ကြားမှုလမ်းဖွင့်ပေးနိုင်သည့် နိုင်ငံ (သို့) ဒေသသို့ လာရောက်လည်ပတ်မှု ဆောင်ရွက်ခြင်း (ဥပမာ - ပညာရေးဆိုင်ရာလာရောက်လည်ပတ်မှုဆောင်ရွက်ခြင်း)၊
- ၎င်းတို့၏တောင်းဆိုချက်များအား တရားဝင်သတိပေးအကြောင်းကြားချက်များရေးသားပြီး အများသိရှိစေခြင်း တို့ဖြစ်သည်။

လာရောက်လည်ပတ်မှုပြုသည့်အခါ အထူးလုပ်ငန်းအစီအစဉ်သည် မြောက်များစွာသော နောက်ဆက်တွဲကျင့်သုံးမှုများ ဖော်ဆောင်ပေးပါသည်။ ၎င်းတို့တွင်ပါဝင်သည်များမှာ -

**၁။ နိုင်ငံသို့နောက်ဆက်တွဲ လာရောက်လည်ပတ်မှု။** မြောက်များစွာသော လုပ်ပိုင်ခွင့်များသည် ယခင်မှနိုင်ငံသွားရောက်မှုမစ်ရှင်များအပေါ် နောက်ဆက်တွဲလာရောက်မှုများ ဆောင်ရွက်လေသည်။ ဤလည်ပတ်မှုများသည် ယခင်လည်ပတ်မှု၏ တွေ့ရှိချက်များနှင့် အကြံပြုချက်များဆိုင်ရာ တိုင်းတာထားသည့် တိုးတက်မှုများနှင့် ဆုတ်ဆိုင်းမှုများအား သေချာစွာ အကဲဖြတ်သုံးသပ်မှုအတွက် ပံ့ပိုးကူညီပါသည်။ နောက်ဆက်တွဲလာရောက်လည်ပတ်မှုများသည် အလေ့အကျင့်ကောင်းများဖြစ်သော်လည်း အထူးလုပ်ငန်းအစီအစဉ်မှ အရင်းအမြစ်အကန့်အသတ်အကြောင့် တစ်နှစ်လျှင် နိုင်ငံပေါင်း ၄၀-၅၀ ခန့်ကိုသာ နောက်ဆက်တွဲလာရောက်လည်ပတ်မှုပြုနိုင်လေသည်။

[21] Available at www.ohchr.org/EN/AboutUs/Pages/CivilSociety.aspx

## နိုင်ငံသို့နောက်ဆက်တွဲလာရောက်လည်ပတ်မှုဥပမာများ

ကလေးသူငယ်များရောင်းဝယ်ခြင်း၊ ကလေးပြည့်တန်ဆာနှင့် ကလေးသူငယ်လိင်ပိုင်းဆိုင်ရာ ညစ်ညမ်းရုပ်သံဗီဒီယိုများဆိုင်ရာ အထူးကိုယ်စားလှယ်တော်

→ ၂၀၁၂ - ဂွါတီမာလာနိုင်ငံ (A/HRC/22/54/Add.1)

ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားသောရက်စက်မှုပုံသဏ္ဍာန်များဖြစ်သည့် လူမဆန်သော သို့မဟုတ် နှိမ့်ကျသောပြုမူမှု သို့မဟုတ် အပြစ်ပေးမှု ဆိုင်ရာ အထူးကိုယ်စားလှယ်တော်

→ ၂၀၁၂ - ဥရုဂွေးနိုင်ငံ (A/HRC/22/53/Add.3)

ခေတ်သစ်လူမျိုးရေးဝါဒ၊ လူမျိုးရေးဖိနှိပ်ခွဲခြားမှု၊ လူမျိုးရေးမုန်းတီးမှုနှင့် ၎င်းနှင့်စပ်လျဉ်းသည့်ဖိနှိပ်မှု တို့ဆိုင်ရာ အထူးကိုယ်စားလှယ်တော်

→ ၂၀၁၂ - ဟန်ဂေရီနိုင်ငံ (A/HRC/20/33/Add.1)

အမျိုးသမီးများအား အကြမ်းဖက်မှု၊ ၎င်း၏အကြောင်းခံများနှင့် အကျိုးအဆက်များဆိုင်ရာ အထူး ကိုယ်စားလှယ်တော်

→ ၂၀၁၂ - အမေရိကန်ပြည်ထောင်စု (A/HRC/17/26/Add.5)

→ ၂၀၁၀ - အယ်လ်ဆာဗေးဒေါ်နိုင်ငံ (A/HRC/17/26/Add.2) နှင့် အယ်ဂျီးရီးယားနိုင်ငံ (A/HRC/17/26/Add.3)

အကြမ်းဖက်ခြင်းကြုံတွေ့နေရစဉ်အတွင်း လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ မြှင့်တင်ရေး နှင့် ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ အထူးကိုယ်စားလှယ်တော်

→ ၂၀၁၁ - တူနီးရှားနိုင်ငံ (A/HRC/16/51/Add.2)

**၂။ နောက်ဆက်တွဲအစီရင်ခံစာများ။** မြောက်များစွာသောလုပ်ပိုင်ခွင့်များသည် အစိုးရ၊ အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းတို့မှ ပေးသောသတင်းအချက်အ လက်များ အပေါ်အခြေပြုလျက် နောက်ဆက်တွဲအစီရင်ခံစာများကို ထုတ်ဝေပါသည်။ နိုင်ငံများ သို့ လာရောက်လည်ပတ်မှုအတွက် နောက်ဆက်တွဲအစီရင်ခံစာများဆိုင်ရာ စိတ်ဝင်စားဖွယ် အလေ့အကျင့်များကို အတင်းအဓမ္မ သို့မဟုတ် ဆန္ဒအလျောက်မဟုတ်သည့် အပျောက်ဖျောက် ခြင်းဆိုင်ရာ အလုပ်အဖွဲ့၊ ညှဉ်းပန်းနှိပ်စက်မှုဆိုင်ရာ အထူးကိုယ်စားလှယ်တော်၊ ဥပဒေမဲ့တရား ရေးဆိုင်ရာ၊ အကျဉ်းချုပ် သို့မဟုတ် တရားလက်လွတ် ကွပ်မျက်ခြင်း ဆိုင်ရာ အထူးကိုယ်စား လှယ်တော်၊ လူ့အခွင့်အရေးနှင့် အစွန်းရောက်ဆင်းရဲမွဲတေမှုဆိုင်ရာ အထူးကိုယ်စားလှယ်တော်၊ နှင့် ဘာသာရေး သို့မဟုတ် ယုံကြည်ကိုးကွယ်မှုဆိုင်ရာ အထူးကိုယ်စားလှယ်တော် တို့မှ ဖွံ့ဖြိုး ဖော်ဆောင်ထားခြင်း ဖြစ်သည်

## အတင်းအဓမ္မ သို့မဟုတ် ဆန္ဒအလျောက်မဟုတ်သော အပျောက်ဖျောက်မှု ဆိုင်ရာ အလုပ်အဖွဲ့၏ နောက်ဆက်တွဲအစီရင်ခံစာ

၂၀၁၀ ခုနှစ်တွင် အတင်းအဓမ္မ သို့မဟုတ် ဆန္ဒအလျောက်မဟုတ်သည့် အပျောက်ဖျောက်မှုဆိုင်ရာ အလုပ်အဖွဲ့သည် ၎င်း၏ နောက်ဆက်တွဲအစီရင်ခံစာများအတွက် ပုံစံတစ်ခုအား အတည်ပြုခြင်း၊ အလုပ်အဖွဲ့၏ အကြံပြုချက်များကို ထင်ဟပ်စေသည့် စားပွဲဝိုင်းဆွေးနွေးမှု စီစဉ်ခြင်း၊ နိုင်ငံသို့ လည်ပတ်မှုပြုသည့်အခါ အခြေအနေရပ် အကျဉ်းချုပ်ဖော်ပြချက်စီစဉ်ခြင်း၊ နှင့် အစိုးရနှင့် အစိုးရမဟုတ်သည့် အရင်းအမြစ်များတို့မှ အလုပ်အဖွဲ့မှ စုဆောင်းထားသည့် သတင်းအချက်အလက်များအပေါ် အခြေပြု၍ ချမှတ်သည့် ခြေလှမ်းများ၏ ခြုံငုံသုံးသပ်ချက် စသည်တို့ကို ဆောင်ရွက်ပါသည်။ ထိုမှစ၍ အလုပ်အဖွဲ့သည် ကိုလံဘီယာ၊ အယ်လ်ဆာဗေးဒေါ၊ ဂွါတီမာလာ၊ ဟွန်ဒူရပ်၊ မော်ရိုကို နှင့် နီပေါ နိုင်ငံများတို့သို့ နိုင်ငံလာရောက်လည်ပတ်မှုပြီးနောက် အတင်းအဓမ္မအပျောက်ဖျောက်မှုများအခြေနေရှိ တိုးတက်မှုများ နှင့် ဆုတ်ယုတ်မှုများတို့ဆိုင်ရာ နောက်ဆက်တွဲအစီရင်ခံစာများကို ထုတ်ပေးခဲ့ပါသည်။

## ဘာသာရေး သို့မဟုတ် ယုံကြည်ကိုးကွယ်မှုလွတ်လပ်ခွင့်ဆိုင်ရာအထူးကိုယ်စားလှယ်တော်၏ နောက်ဆက်တွဲအခြေပြဇယားများ

ဘာသာရေး သို့မဟုတ် ယုံကြည်ကိုးကွယ်မှုလွပ်လပ်ခွင့်ဆိုင်ရာအထူးကိုယ်စားလှယ်တော်သည် နိုင်ငံလာရောက်လည်ပတ်မှုပြုပြီးနောက် အမျိုးသားအဆင့် အကြံပြုချက်များ အကောက်အထည်ဖော်ဆောင်မှုအကြောင်း နောက်ဆုံးရသတင်းအချက်အလက်များရရှိရန် နောက်ဆက်တွဲစာများ ပေးပို့ပါသည်။ ၂၀၀၅ ခုနှစ်မှစ၍ နိုင်ငံလည်ပတ်မှုများဆိုင်ရာနောက်ဆက်တွဲအခြေပြဇယားများတွင် ကမ္ဘာ့နိုင်ငံများအားလုံး၏လူ့အခွင့်အရေးအခြေအနေပုံမှန်သုံးသပ်မှု၊ အထူးလုပ်ငန်းအစီအစဉ်များနှင့် စာချုပ်အဖွဲ့များတို့အပါအဝင် နိုင်ငံလည်ပတ်မှုများမှ နိဂုံးချုပ်အချက်များနှင့် အကြံပြုချက်များတို့ ပါဝင်ပါသည်။[22]

**၃။ နောက်ဆက်တွဲအစီအစဉ်များ ။** အထူးလုပ်ငန်းအစီအစဉ်များ၊ အစိုးရများ၊ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများတို့၏ အစပျိုးမှု၌ဖြစ်စေ၊ OHCHR တို့၏ အစပျိုးမှု၌ဖြစ်စေ၊ အမျိုးသား၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံတကာ နောက်ဆက်တွဲအစီအစဉ်များကို နိုင်ငံလည်ပတ်မှုများ၏အကြံပြုချက်များအကောင်အထည်ဖော်ဆောင်မှုတွင် တိုးတက်မှုများ အကဲဖြတ်ပေးရန်အတွက်လည်းကောင်း၊ အတွေ့အကြုံများနှင့် စိန်ခေါ်မှုများအား မျှဝေဖလှယ်ရန်အတွက်လည်းကောင်း အသုံးဝင်နိုင်ပါသည်။ ထိုသို့သောအစီအစဉ်များသည် စားပွဲဝိုင်းအစည်းအဝေး၊ ကွျမ်းကျင်သူအစည်းအဝေးများ သို့မဟုတ် ညီလာခံများ တို့၏ ပုံစံဖြင့် ဆောင်ရွက်နိုင်ပါသည်။

---

22 www.ohchr.org/EN/Issues/FreedomReligion/Pages/Visits.aspx

## မော်ရီတေးနီးယားနိုင်ငံရှိ ကျွန်ပြုခြင်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ

၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် ခေတ်သစ်ကျွန်ပြုခြင်းပုံသဏ္ဍာန်များဆိုင်ရာ အထူးကိုယ်စားလှယ်တော်သည် မော်ရီတေးနီးယားနိုင်ငံသို့ လာရောက်လည်ပတ်မှုပြုပြီး ချမှတ်သည့် သူမ၏အကြံပြုချက်များအား အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာ နောက်ဆက်တွဲအလုပ်ရုံဆွေးနွေးပွဲတစ်ခုတွင် ပါဝင်ခဲ့လေသည်။ အလုပ်ရုံဆွေးနွေးပွဲတွင်တက်ရောက်သည့် အစိုးရတာဝန်ခံများနှင့် CSOs များတို့သည် အထူးကိုယ်စားလှယ်တော်မှ ချမှတ်ခဲ့သည့် အကြံပြုချက်များအား အကောင်အထည်ဖော်ဆောင်မှုအတွက် လမ်းပြမြေပုံတစ်ခုကို ရေးဆွဲဖော်ဆောင်ခဲ့ကြပါသည်။ မော်ရီတေးရီးယားနိုင်ငံရှိ OHCHR ၏ရုံးသည် CSO များတို့ဖြင့်အတူ ယင်းလမ်းပြမြေပုံအား အစိုးရမှ တရားဝင် အတည်ပြုပေးပြီး အကောင်အထည်ဖော်ဆောင်ရန် တိုက်တွန်းခဲ့ကြပါသည်။

## ချီလီနိုင်ငံနှင့် အာဂျင်တီနားနိုင်ငံတို့ရှိ မူရင်းဌာနေတိုင်းရင်းသားများ၏ အခြေအနေဆိုင်ရာ တွေ့ရှိချက်များကို ဖြန့်ဖြူးခြင်း

၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလတွင် မူရင်းဌာနေတိုင်းရင်းသားများ၏လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များတို့၏အခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ်တော်သည် ချီလီနိုင်ငံရှိ မူရင်းဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးနှင့်စပ်လျဉ်းသည့် ဗီဒီယိုညီလာခံတစ်ရပ်ကျင်းပခဲ့ပါသည်။ ယင်းဗီဒီယိုညီလာခံကို CSA များ နှင့် တောင်အမေရိကဆိုင်ရာ OHCHR ၏ ဒေသဆိုင်ရာရုံးတို့၏ ပံ့ပိုးမှုဖြင့် ချီလီမြို့ ၅ ခုတွင် တပြိုင်နက်တည်း ရုပ်သံထုတ်လွှင့်ပေးပါသည်။ အထူးကိုယ်စားလှယ်တော်သည် သူ၏တင်ဆက်မှုတွင် သူ၏နိုင်ငံလည်ပတ်မှုတွင်ထင်ဟပ်ထားသည့် နိဂုံးချုပ်အချက်များနှင့် သုံးသပ်ချက်များကို ရှင်းလင်းခဲ့ပါသည်။ ၂၀၁၂ ခုနှစ်တွင်၊ အထူးကိုယ်စားလှယ်တော်သည် ယင်းအတွေ့အကြုံအား အာဂျင်တီနားနိုင်ငံတွင် ထပ်မံပြုလုပ်ခဲ့သည်။ ဤတွင် ကုလသမဂ္ဂဌာနေအဖွဲ့မှ ဗီဒီယိုညီလာခံကို စီစဉ်ကျင်းပပေးခဲ့ပါသည်။

### *အရပ်ဘက်အဖွဲ့အစည်းသည်မည်သို့ပါဝင်နိုင်မည်နည်း*

- လာရောက်လည်ပတ်မှုတောင်းဆိုခြင်း
  - လုပ်ပိုင်ခွင့်ရရှိသူများထံ ထိုသူတို့၏နိုင်ငံသို့ လာရောက်လည်ပတ်မှုတစ်ခု ၎င်းတို့မှ တောင်းဆို ကြောင်းနှင့် ထိုလည်ပတ်မှုကိုရှင်းလင်းပေးမည့် လက်တွေ့ကျသော သတင်းအချက်အလက်များပေးမည်ဖြစ်ကြောင်း အဆိုတင်သွင်းခြင်း၊
  - OHCHR ၏ အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာအီးမေးလ် updates များမှတဆင့် ဆိုင်းငံ့ထားသည့် လာရောက်လည်ပတ်မှုတောင်းဆိုချက်များကို အမြဲအကြောင်းကြားပေးခြင်း၊
  - လည်ပတ်မှုတောင်းဆိုချက်များသေချာမှုရှိစေရန် အစိုးရနှင့် အခြားသက်ဆိုင်ရာ ပါဝင်ပတ်သက် သူများတို့ဖြင့်စည်းရုံးလှုံ့ဆော်ခြင်း (ဥပမာ - လွှတ်တော်အမတ်များ၊ သံတမန်ရေးရာမစ်ရှင်များ)
- နောက်ဆက်တွဲလည်ပတ်မှုများအား ကြိုတင်ပြင်ဆင်ရေးနှင့် သိရှိနားလည်စေရေးတွင် ပါဝင်ခြင်း
- နောက်ဆက်တွဲအစီရင်ခံစာများအတွက် သတင်းအချက်အလက်များပံ့ပိုးပေးခြင်း၊
- နောက်ဆက်တွဲအစီအစဉ်များ အဆိုပြုခြင်း၊ ပါဝင်ဆောင်ရွက်ခြင်းနှင့် ဖြစ်နိုင်က စီစဉ်ပေးခြင်း။

## *ဆက်သွယ်သတင်းပေးပို့ချက်များအတွက်နောက်ဆက်တွဲဆောင်ရွက်ခြင်း*

အားလုံးသော အထူးလုပ်ငန်းအစီအစဉ်များသည် ပူးတွဲဆယ်သွယ်သတင်းပေးပို့ချက်များကို လူ့အခွင့်အရေးကောင်စီထံသို့ ပုံမှန်အစည်းအဝေးတိုင်းတွင် တင်သွင်းပေးပါသည်။ သုံးနှစ်တစ်ကြိမ် ထုတ်ဝေသည့် ဆက်သွယ်သတင်းပေးပို့ချက်များဆိုင်ရာအစီရင်ခံစာများတွင် သက်ဆိုင်ရာနိုင်ငံသို့မဟုတ် အခြားအဖွဲ့အစည်းသို့ ဆက်သွယ်သတင်းပေးပို့သည့် စွပ်စွဲချက်များဆိုင်ရာ အကျဉ်းချုပ်များပါဝင်သည်။ ပေးပို့လိုက်သည့်ဆက်သွယ်သတင်းပေးပို့ချက်များ၏စာသားများနှင့် အစိုးရများ၏တုန့်ပြန်မှုများကို hyperlinks ဖြင့်ရရှိနိုင်ပါသည်။ အထူးလုပ်ငန်းအစီအစဉ်များသည် ဆက်သွယ်သတင်းပေးပို့ချက်တစ်ခု ပို့ထားပြီးဖြစ်သည့် အမှုတစ်ခုဆိုင်ရာ ထပ်ဆင့်သတင်းအချက်အလက်များကို ရရှိနိုင်ပြီး ထည့်သွင်းစဉ်းစားပေးနိုင်ပါသည်။ ထပ်ဆင့်သတင်းအချက်အလက်များကို အများအားဖြင့် ကနဦးသတင်းအချက်အလက်များတင်သွင်းခဲ့သည့် အရင်းအမြစ်များအတူတူမှ ပေးပို့ပါသည်။ ၂၀၁၂ ခုနှစ်တွင် အထူးလုပ်ငန်းအစီအစဉ်သည် အမှုများ၏ ၂၁ %တွင် ဆက်သွယ်သတင်းပေးပို့မှုများဆိုင်ရာ ထပ်ဆင့်သတင်းအချက်အလက်များကို လက်ခံရရှိခဲ့ပါသည်။

အထူးလုပ်ငန်းအစီအစဉ်သည် ဖွံ့ဖြိုးမှုများမှ ကြားဝင်ဆောင်ရွက်ခြင်းအသစ်တစ်ခုကို အာမခံပေးပါက နောက်ဆက်တွဲဆက်သွယ်သတင်းပေးပို့ချက်များကို ပေးပို့နိုင်ပါသည်။ မြောက်များစွာသော နောက်ဆက်တွဲဆက်သွယ်သတင်းပေးပို့ချက်များသည် ထပ်ဆင့်တသင်းအချက်အလက်များတင်သွင်းမှုအပေါ်တွင် မူတည်ပါသည်။ ၂၀၁၂ ခုနှစ်တွင်ဆက်သွယ်သတင်းပေးပို့မှုများ၏ ၃၁ % သည် နောက်ဆက်တွဲ ဆက်သွယ်သတင်းပေးပို့ချက်များဖြစ်ခဲ့ပါသည်။

ဆက်သွယ်သတင်းပေးပို့ချက်များအတွက် နောက်ဆက်တွဲဆောင်ရွက်မှုကို နိုင်ငံလည်ပတ်မှုပြုစဉ်တွင်လည်းကောင်း၊ သက်ဆိုင်ရာနိုင်ငံ၏ ကိုယ်စားလှယ်များဖြင့် သံတမန်ရေးရာအတိုင်အပင်ခံပြုခြင်းအားဖြင့်လည်းကောင်း ဖြစ်ပျက်နိုင်ပါသည်။ အနည်းငယ်သော အထင်ကရဖြစ်ရပ်များတွင် အထူးလုပ်ငန်းအစီအစဉ်များသည် သတင်းထုတ်ပြန်ချက်များထုတ်ဆင့်နိုင်ပါသည်။

ဆက်သွယ်သတင်းပေးပို့ချက်များအား နောက်ဆက်တွဲဆောင်ရွက်မှုသည် လုပ်ပိုင်ခွင့်ရရှိသူများ၏ နှစ်ပတ်လည်အစီရင်ခံစာများရှိ သုံးသပ်ချက်များမှအားဖြင့် ပို၍ ဖြစ်မြောက်မှုရှိပါသည်။ သုံးသပ်ချက်များသည် အဓိကအားဖြင့် နိုင်ငံတစ်နိုင်ငံအတွင်းတွင် အစီရင်ခံကာလအတွင်းရှိ လူ့အခွင့်အအရေးဆိုင်ရာ ဦးတည်ရာများနှင့် ပုံစံများတို့ဖြင့် ဆက်စပ်နေသလို တစ်သီးပုဂ္ဂလအမှုကိစ္စများစွာတို့ဖြင့်လည်း ဆက်စပ်ပါသည်။

### ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် အသင်းဖွဲ့ခြင်းလွတ်လပ်မှုအခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်တော်၏ သုံးသပ်ချက်များအစီရင်ခံစာ

အထူးကိုယ်စားလှယ်တော်သည် သူ၏လုပ်ပိုင်ခွင့်အစပြုသည် ၂၀၁၁ ခုနှစ်မှစ၍ သုံးသပ်ချက်များအစီရင်ခံစာ ၂ ရပ် ထုတ်ဝေခဲ့ရာ၊ ၎င်းတွင် အထူးသဖြင့် ဆက်သွယ်သတင်းပေးပို့ချက်များအား အစိုးရများ၏တုန့်ပြန်မှုများအရ လူ့အခွင့်အရေးဆိုင်ရာ အထူးဖြစ်ရပ်များအပေါ် အလေးထားစရာများကို ထပ်တလဲလဲဖော်ပြခဲ့ပါသည်

## တရားလက်လွတ်ထိန်းသိမ်းခြင်းဆိုင်ရာအလုပ်အဖွဲ့၏ ဒေတာဘေ့စ် (database)

၂၀၁၁ ခုနှစ်တွင် စတင်သည့် တရားလက်လွတ်ထိန်းသိမ်းခြင်းဆိုင်ရာအလုပ်အဖွဲ့၏ **ဒေတာဘေ့စ်** သည် အလုပ်အဖွဲ့မှ ၁၉၉၁ ခုနှစ်မှစ၍ အတည်ပြုချမှတ်ခဲ့သည့် အယူအဆများကို ရှာဖွေရန် လက်တွေ့ကျသော သုတေသနအထောက်အကူတစ်ခုဖြစ်ပါသည်။ ယင်း **ဒေတာဘေ့စ်** သည် အယူအဆများအား အရည်အသွေးနှင့်အရေအတွက်ဆိုင်ရာ စိစစ်ချက်ကို ကူညီပေးပြီး၊ အလုပ်အဖွဲ့သို့ တရားလက်လွတ်ထိန်းသိမ်းမှုဟုစွပ်စွဲသည့်အမှုများကိုတင်သွင်းရာတွင် တရားလက်လွတ်ထိန်း သိမ်းမှုခံရသူများ၊ ရှေ့နေများ နှင့် အခြားသူများကို ကူညီပေးနိုင်ပါသည်။[23]

## အတင်းအဓမ္မ သို့မဟုတ် ဆန္ဒအလျောက်မဟုတ်သည့်အပျောက်ဖျောက်မှုဆိုင်ရာ အမှုများအား နောက်ဆက်တွဲဆောင်ရွက်ပေးခြင်း

အတင်းအဓမ္မ သို့မဟုတ် ဆန္ဒအလျောက်မဟုတ်သည့်အပျောက်ဖျောက်မှုဆိုင်ရာ အလုပ်အဖွဲ့သည် သက်ဆိုင်ရာ မိသားစာများနှင့် အစိုးရများတို့အကြား ဆက်သွယ်ရေးလမ်းကြောင်းတစ်ခု တည်ဆောက်ပေးရန် ကြိုးပမ်းအားထုတ်ပါသည်။ ထင်ရှားသောအမှုတစ်ခုအတွက် အရင်းအမြစ်များမှတင်သွင်းသည့် လက်တွေ့ကျသောထပ်ဆင့်သတင်းအချက်အလက်တစ်စုံတစ်ရာကို သက်ဆိုင်ရာအဆိုးရများထံ လွှဲပြောင်းပေး ပါသည်။ အချို့သောအမှုများအတွက် သက်ဆိုင်ရာအစိုးရများမှပေးသည့် သတင်းအချက်အလက်တစ်စုံတစ်ရာကို အရင်းအမြစ်များထံ တစ်ဆင့်ပေးပို့ပါသည်။ အလုပ်အဖွဲ့သည့် ပျောက်ကွယ်သွားသည့်ပုဂ္ဂိုလ်များ၏ ကံကြမ္မာ သို့မဟုတ် ဘယ်ဆီဘယ်ဝယ်ရောက်ရှိမှု ဆိုင်ရာ နိုင်ငံများ၏ တုန့်ပြန်ချက်များကို အရင်းအမြစ်ထံသို့ တစ်ဆင့်ပေးပို့ပေးပြီး၊ ယင်းအရင်းအမြစ်အား သုံးသပ်ချက်များ သို့မဟုတ် ထပ်ဆင့်အသေးစိပ်အချက်အလက်များကိုပေးရန် ဖိတ်ကြားပါသည်။ အကယ်၍ အရင်းအမြစ်သည် ၆ လအတွင်း ပြန်လည်တုန့်ပြန်မှုမပြုပါက၊ သို့မဟုတ် ၎င်းသည် ကိစ္စရပ်များ အပေါ် အစိုးရ၏ သတင်းအချက်အလက်များနှင့် မဟုတ်မမှန်ကြောင်းငြင်းဆိုပြီး အလုပ်အဖွဲ့မှ ကြောင်းကျိုးဆီလျော်မှု မရှိဟု ယူဆပါက အမှုအား ရှင်းလင်းပြီဖြစ်ကြောင်းသတ်မှတ်ပါသည်။ အမှုသည် ရှင်းလင်းပြီ၊ ရပ်ဆိုင်းသည် သို့မဟုတ် အမှုပိတ်ရန် ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်လိုက်သည် ဟု မသတ်မှတ်မခြင်း တံခါးဖွင့်ထားပါသည်။ အလုပ်အဖွဲ့သည် သက်ဆိုင်ရာအစိုးရအသီးသီးအား ရှင်းလင်းမှုမရှိပြုသေးသည့် အမှုများအတွက် တစ်နှစ်လျှင်တစ်ကြိမ်ဖြင့်လည်းကောင်း၊ ယခင်အစည်းအဝေးမှလွဲပြောင်းခဲ့သည့် အရေးတကြီးဖြစ်သောအမှုများအားလုံးကို တစ်နှစ်လျှင် သုံးကြိမ်ဖြင့်လည်းကောင်း သတိပေးပါသည်။ အလုပ်အဖွဲ့သည် ဖြစ်နိုင်သည့်အတိုင်းတာနှင့် တောင်းဆိုမှုအရ အချို့သောအမှုများဆိုင်ရာ နောက်ဆုံးရ သတင်းအချက်အလက်များအား သက်ဆိုင်ရာအစိုးရ သို့မဟုတ် အရင်းအမြစ်ထံသို့ ပေးပို့ပါသည်။[24]

23 www.unwgaddatabase.org/un/

24 For further details see the revised working methods of the Working Group (A/HRC/10/9,Annex 1).

## *အရပ်ဘက်အဖွဲ့အစည်းသည် မည်သို့ပါဝင်နိုင်မည်နည်း*

- သက်ဆိုင်ရာအခြေအနေများနှင့် အမှုများဆိုင်ရာပေးပို့သောဆက်သွယ်သတင်းပေးပို့ချက်များကို သိရှိရန် ဆက်သွယ်သတင်းပေးပို့ချက်အစီရင်ခံစာများကို ပုံမှန်စစ်ဆေးပေးပါ။
- အမှုများဆိုင်ရာ သတင်းအချက်အလက်များပိုမိုစုဆောင်းရရှိနိုင်ရန် အစီရင်ခံစာများကို ဒေသန္တရ၊ ဒေသဆိုင်ရာ၊ အမျိုးသား နှင့် နိုင်ငံတကာကွန်ယက်အဖွဲ့များတို့ထံကျယ်ပြန့်စွာဖြန့်ဝေပါ။
- ယခင်ဆက်သွယ်သတင်းပေးပို့ချက်များနှင့်စပ်လျဉ်း၍ အပေါင်းလက္ခဏာ သို့မဟုတ် အနှုတ်လက္ခဏာ ဖွံ့ဖြိုးတိုးတက်မှုများဆိုင်ရာ upadate များပါဝင်သည့် သတင်းအချက်အလက်များတင်သွင်းပါ။
- အစိုးရတုန့်ပြန်ချက်များကိုသုံးသပ်ပြီး အထူးလုပ်ငန်းအစီအစဉ်အား သက်ဆိုင်ရာဝေဖန်သုံးသပ်မှုများကို ပေးပို့ပါ။
- အထူးလုပ်ငန်းအစီအစဉ်များဆိုင်ရာလုပ်ပိုင်ခွင့်ရရှိသူများအား ၎င်းတို့၏ OHCHR ပံ့ပိုးရေးအဖွဲ့များမှတဆင့် ပုံမှန်အဆက်အသွယ်ဖော်ဆောင်ပါ။
- ဤအီးမေးလ်လိပ်စာ urgent-action@ohchr.org သို့မဟုတ် သက်ဆိုင်ရာအထူးလုပ်ငန်းအစီအစဉ်များဆိုင်ရာလုပ်ပိုင်ခွင့်ရရှိသူများ၏ အထွေထွေအီးမေးလ်လိပ်စာများကို အသုံးပြုပါ။ အထူးလုပ်ငန်းအစီအစဉ်များ၏ လမ်းညွှန်အတွက် အောက်ပါ ဝက်ဘ်လိပ်စာမှ ဝင်ရောက်နိုင်သည် -

http://goo.gl/5qoNL

၂၀၁၂ ခုနှစ်ရှိ ဆက်သွယ်သတင်းပေးပို့ချက်များနှင့် ဆက်သွယ်သတင်းပေးပို့ချက်များအား နောက်ဆက်တွဲဆောင်ရွက်မှု



## *ကဏ္ဍာအလိုက်အစီရင်ခံစာများအား နောက်ဆက်တွဲဆောင်ရွက်မှု*

စံချိန်မီကျင့်သုံးမှုအရ အထူးလုပ်ငန်းအစီအစဉ်များသည် လူ့အခွင့်အရေးကောင်စီ သို့မဟုတ် အထွေထွေညီလာခံသို့ ၎င်းတို့၏ နှစ်ပတ်လည်ကဏ္ဍာအလိုက်အစီရင်ခံစာများ တင်ဆက်ရန် သို့မဟုတ် ဆွေးနွေးရန် အစီအစဉ်များ စီစဉ်သည်၊ သို့မဟုတ် အစီအစဉ်များတွင် ပါဝင်ကြသည်။ ၎င်းတို့သည် ကောင်စီအစည်းအဝေး သို့မဟုတ် အခြားသောညီလာခံများ သို့မဟုတ် အလုပ်ရုံဆွေးနွေးပွဲ ကာလအတွင်း ပြုလုပ်သည့် တွဲဘက်အစီအစဉ်များဖြစ်နိုင်သည်။ သာမန်အားဖြင့် အစီရင်ခံစာ၏ အကြောင်းအရာအပေါ် သတင်းထုတ်ပြန်ချက်များ သို့မဟုတ် web stories များ ထုတ်ဆင့်ပြီး သတင်းစာရှင်းလင်းပွဲ များ ကျင်းပပါသည်။ ကဏ္ဍာအလိုက် နိုင်ငံတကာနေ့များသည် ကဏ္ဍာအလိုက် အစီရင်ခံစာများဖော်ပြထားသည် လူ့အခွင့်အရေးကိစ္စရပ်များအား မီဒီယာ၏ ဂရုပြုမှုရရှိစေရန် အခါသမယများဖြစ်နိုင်ပါသည်။

### Web အခြေပြုအကူအညီများ - ဘာသာရေး သို့မဟုတ် ယုံကြည်ကိုယ်းကွယ်မှု လွတ်လပ်ခွင့် ဆိုင်ရာအကျဉ်းချုပ် နှင့် ညှဉ်းပန်းနှိပ်စက်မှုဆန့်ကျင်ရေးအစပျိုးမှု

**ဘာသာရေး သို့မဟုတ် ယုံကြည်ကိုယ်းကွယ်မှု လွတ်လပ်ခွင့် ဆိုင်ရာအကျဉ်းချုပ်**

၂၀၁၁ ခုနှစ်သည် ဘာသာရေးနှင့်ယုံကြည်ကိုးကွယ်မှု လွတ်လပ်ခွင့်ဆိုင်ရာ အထူးကိုယ်စားလှယ်တော်၏ လုပ်ပိုင်ခွင့်ထူထောင်မှု ၂၅ နှစ်မြောက်ဖြစ်ပါသည်။ ဤအခါသမယတွင် **ဘာသာရေး သို့မဟုတ် ယုံကြည်ကိုးကွယ်မှု လွတ်လပ်ခွင့်ဆိုင်ရာအကျဉ်းချုပ်** ကို စတင်ထုတ်ဝေခဲ့ရာ ၎င်းတွင် ၁၉၈၆ မှစ၍ တာဝန်ထမ်းဆောင် ခဲ့သည့် လုပ်ပိုင်ခွင့်ရရှိသူ ၄ ဦးတို့၏ သုံးသပ်ချက်များနှင့် အကြံပြုချက်များ ပါဝင်သည်။ စည်းရုံးလှုံ့ဆော်ရေး၊ ပညာရေး နှင့် သုတေသန တို့အတွက် အကူအညီတစ်ခုအဖြစ် ရည်ရွယ်ထားသည့် ဤအကျဉ်းချုပ်တွင် ၁၉၈၆ မှ ၂၀၁၁ ခုနှစ်အထိ အကြောင်းအရာအလိုက် အမျိုးအစားခွဲထားသည့် လုပ်ပိုင်ခွင့်ဆိုင်ရာအစီရင်ခံစာများ၏ ကောက်နုတ်ချက်များပါဝင်ပါသည်။[25]

**ညှဉ်းပန်းနှိပ်စက်မှုဆန့်ကျင်ရေးအစပျိုးမှု**

၂၀၁၃ ခုနှစ်တွင် ညှဉ်းပန်းနှိပ်စက်မှုဆိုင်ရာ အထူးကိုယ်စားလှယ်တော်သည် နောက်ဆက်တွဲလှုပ်ရှားမှုများပါဝင်သည့် **အွန်းလိုင်းပလက်ဖောင်း** တစ်ခုကို စတင်ခဲ့ရာ ၎င်းတွင် အားလုံးသော ကဏ္ဍာအလိုက်၊ နိုင်ငံနှင့် သုံးသပ်မှုများ အစီရင်ခံစာ၊ နိုင်ငံလည်ပတ်မှုများနှင့် ကဏ္ဍာအလိုက်အစီရင်ခံစာများတို့၏ နောက်ဆက်တွဲလုပ်ငန်းများနှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်များ၊ အင်တာဗျူးများ၊ ညီလာခံများ၊ ကြားနာမှုများ၊ op-eds များနှင့် အခြားသောမီဒီယာလွှမ်းခြုံမှုများ အစရှိသည်တို့လည်း ပါဝင်ပါသည်။[26]

## *အရပ်ဘက်အဖွဲ့အစည်းသည် မည်သို့ပါဝင်နိုင်မည်နည်း*

- လူ့အခွင့်အရေးကောင်စီ၊ ကဏ္ဍာအလိုက်အစီရင်ခံမှုအကြောင်းဆိုင်ရာ အစည်းအဝေးအတွင်း တွဲဘက်အစီအစဉ်များ စီစဉ်ခြင်း[27] သို့မဟုတ် တက်ရောက်ပါဝင်ခြင်း၊

[25] www.ohchr.org/EN/Issues/FreedomReligion/Pages/Standards.aspx

[26] http://antitorture.org

[27] Organization of side events is limited to NGOs with ECOSOC consultative status.

- CSAs လုပ်ရှားမှုများအား အားဖြည့်ပေးရန် ကဏ္ဍအလိုက်အစီရင်ခံစာများ၏ တွေ့ရှိချက်များနှင့် အကြံပြုချက်များအား ရည်ညွှန်းခြင်း (ဥပမာ - စည်းရုံးလှုံ့ဆော်ခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ အသိပညာပေးခြင်းနှင့်စောင့်ကြည့်လေ့လာခြင်း)။

## ၅.၄။ ကမ္ဘာ့နိုင်ငံများအားလုံး၏လူ့အခွင့်အရေးအခြေအနေပုံမှန်သုံးသပ်မှု (UPR)

ကမ္ဘာ့နိုင်ငံများအားလုံး၏လူ့အခွင့်အရေးအခြေအနေပုံမှန်သုံးသပ်မှုပထမအကျော့ကို ၂၀၁၁ ခုနှစ်အောက်တိုဘာလတွင်ပြီးဆုံးခဲ့ရာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအားလုံး သုံးသပ်မှုခံခဲ့ရပါသည်။ ဒုတိယနှင့် နောက်ဆက်သော် သုံးသပ်မှုအကျော့များကာလအတွင်းတွင် နိုင်ငံများသည် ပထမသုံးသပ်မှု၏ အကြံပြုချက်များအား အကောင်အထည်ဖော်ဆောင်ရန် ချမှတ်ခဲ့သည့်ဆောင်ရွက်ချက်များဆိုင်ရာ သတင်းအချက်အလက်များနှင့် အခြားဖွံ့ဖြိုးတိုးတက်မှုများအကြောင်းကို ပေးပို့ရန်မျှော်မှန်းပါသည်။ ထို့အပြင် UPR ဆိုင်ရာအာဂျင်တာအချက် (၆) အရ လူ့အခွင့်အရေးကောင်စီအစည်းအဝေးများကာလအတွင်း ပုံမှန် updates များကိုတင်သွင်းနိုင်ပါသည်။ နိုင်ငံများနှင့် NGO များတို့သည် Updates များကို ယာယီအစီရင်ခံစာ၊ နှုတ်ပြောနှင့် စာအရေးအသားထုတ်ပြန်ချက်မျိုးဖြင့် တင်သွင်းနိုင်ပါသည်။

### ကိုလံဘီယာနိုင်ငံတွင် UPR အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာ လူ့အခွင့်အရေးကောင်စီထံ အစီရင်ခံခြင်း

ကိုလံဘီယာဥပဒေပညာရှင်များကော်မရှင်သည် UPR ပါ အချက် (၆) အရ အထွေထွေ ငြင်းခုံဆွေးနွေးမှုအတွင်း ပုံမှန်အပ်ဒိတ်များပြုလုပ်ခဲ့ပါသည်။ ယင်းအပ်ဒိတ်များအားဖြင့် ကိုလံဘီယာဥပဒေရှင်များကောင်မရှင်သည် ကိုလံဘီယာအစိုးရမှ UPR အကြံပြုချက်များအကောင်အထည်ဖော်ဆောင်မှုတွင် ဖြစ်ထွန်းစေသည့် တိုးတက်မှုများဆိုင်ရာ သတင်းအချက်အလက်များကို ပေးပို့ပါသည်။

### *အရပ်ဘက်အဖွဲ့အစည်းသည် မည်သို့ပါဝင်နိုင်မည်နည်း*

- ပါဝင်ပတ်သက်သူများ၏အစီရင်ခံစာအကျဉ်းချုပ်တွင်ထည့်သွင်းရမည့် သတင်းအချက်အလက်များတင်သွင်းသည့်အခါ နိုင်ငံမှ
  ပထမသုံးသပ်မှုအကျော့၏အကြံပြုချက်များအားအကောင်အထည်ဖော် ဆောင်မှု မည်သို့ရှိခဲ့သည်၊ မရှိခဲ့သည်ဟူသည့် စိစစ်ချက်များ ပါဝင်ရန် အရေးကြီးပါသည်။
- CSAs များသည်  သုံးသပ်မှုပြုခံနေသည့်နိုင်ငံများအား၊ အထူးသဖြင့် ပထမအကျော့သုံးသပ်မှုအတွင်း အကြံပြုချက်များထုတ်ဖော်ထားသည့်နိုင်ငံများအား၊ နိုင်ငံ၏အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာတိုးတက်မှုများအပေါ် ၎င်းတို့၏ စိစစ်ချက်ကို အကြောင်းကြားပေးနိုင်သည်။
- ECOSOC နှင့်အတိုင်အပင်ခံအဆင့်ရှိ NGO များသည် အာဂျင်တာအမှတ်(၆)အရ UPR အကြံပြုချက်များအား နိုင်ငံများ၏အကောင်အထည်ဖော်ဆောင်မှုရှိ တိုးတက်မှုနှင့် စိန်ခေါ်မှုများဆိုင်ရာအပ်ဒိတ်များကို လူ့အခွင့်အရေးကောင်စီသို့ပေးပို့ရန် စာအရေးအသား နှင့် နှုတ်ပြောထုတ်ပြန်ချက်များကို အသုံးပြုနိုင်သည်။

ထိုအလုပ်အဖွဲ့များတွင် အရပ်ဘက်အဖွဲ့အစည်းများပါဝင်မှုဆိုင်ရာလမ်းညွှန်ချက်အတွက် OHCHR ၏ အရပ်ဘက်အဖွဲ့အစည်းများအတွက်လက်စွဲစာအုပ် - *ကုလသမဂ္ဂလူ့အခွင့်အရေး အစီအစဉ်နှင့်အတူလုပ်ကိုင်ဆောင်ရွက်ခြင်း* ဟူသည့် ကမ္ဘာ့နိုင်ငံများအားလုံး၏လူ့အခွင့်အရေး အခြေအနေပုံမှန်သုံးသပ်မှုဆိုင်ရာ လက်တွေ့ကျလမ်းညွှန်ကို ရည်ညွှန်းစေလိုပါသည်။[28]

## UPR အတွက် နောက်ဆက်တွဲ အထောက်အကူ(Tools) များ

NGO **UPR-Info** သည်UPR အကြံပြုချက်များ အကောင်အထည်ဖော်ဆောင်အမှုအား ကူညီရန်၊ မြှင့်တင်ပေးရန်နှင့် စောင့်ကြည့်ရန် Tool များကိုဖော်ဆောင်ထားလေသည်။ တိတိကျကျဆိုရသော် -

- ပထမသုံးသပ်မှုအကျော့အပြီး ၂ နှစ်ကြာတွင် အကြံပြုချက်များအကောင်အထည်ဖော်ဆောင်မှုကို သုံးသပ်မှု (နှစ်လည် အကောင်အထည်ဖော်ဆောင်မှု အကဲဖြတ်စဉ်) နှင့် အကြံပြုချက်များ နှိုင်းယှဉ်မှုပြုသည့် နောက်ဆက်တွဲအစီအစဉ်၊ နှင့် UPR ဒုတိယအကကျော့အတွက် ၎င်းတို့၏ အမျိုးသားအစီရင်ခံစာတွင် ဖော်ပြသည့် နိုင်ငံ၏အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာ သတင်းအချက်အလက်များနှင့်အတူ ပထမအကျော့၏ ကတိကဝတ်များ
- ***အကောင်အထည်ဖော်ဆောင်မှုလမ်းစဉ်*** အားလေ့လာခြင်း၊ ၎င်းသည် နိုင်ငံပေါင်း ၆၆ တို့မှ အကြံပြုချက်ပေါင်း ၆၅၄၂ ချက်မှ ၃၂၉၄ ချက်အား အကောင်အထည်ဖော်ဆောင်မှုကို သုံးသပ်သည့် နောက်ဆက်တွဲအစီအစဉ်အားဖြင့် စုစည်းထားသည့် သတင်းအချက်အလက်များနှင့် ဒေတာများကို စိစစ်သည်။
- အကြံပြုချက် ၅ ရပ်အား ဖော်ပြသည့် **အရပ်ဘက်အဖွဲ့အစည်းအတွက် နောက်ဆက်တွဲ အထောက်အကူ** - (၁)အကြံပြုချက်များနှင့်ကတိကဝတ်များကို အများဆိုင်ရာဖြစ်စေခြင်း၊ (၂)အကောင်အထည်ဖောင်ဆောင်မှုအတွက်စီမကိန်းချမှတ်ခြင်း၊ (၃)သုံးသပ်မှုခံရသည် နိုင်ငံနှင့်အတူ အကောင်အထည်ဖော်ဆောင်မှုတွင်ပါဝင်ရန် အပြန်အလှန်ဆွေးနွေးမှုတွင် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ (၄)အကောင်အထည်ဖော်ဆောင်မှုအားစောင့်ကြည့်လေ့လာခြင်း၊ နှင့် (၅) အကောင်အထည်ဖော်ဆောင်မှုအပေါ် အစီရင်ခံခြင်း။[29]

**Organisation internationale de la Francophonie** သည် UPR အကြံပြုချက်များနှင့် ကတိကဝတ်များ အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာ **လက်တွေ့ကျလမ်းညွှန်** တစ်ရပ်ကိုထုတ်ဝေခဲ့ပါသည်။ နိုင်ငံများအတွက်အခြေခံရည်ရွယ်ကထုတ်ထားသည့် ယင်းလမ်းညွှန်စာအုပ်သည် နောက်ဆက်တွဲ ဆောင်ရွက်မှုနှင့် အကောင်အထည်ဖော်ဆောင်မှုတို့တွင် မိတ်ဖက်နိုင်ငံများအဖြစ် ၎င်းတို့၏စွမ်းဆောင်ရည် များအလိုက် CSAs များအပါအဝင် အခြားပါဝင်ပတ်သတ်သူများအတွက်လည်းရည်ညွှန်းပါသည်။ ယင်းလမ်းညွှန်စာအုပ်တွင် အကောင်အထည်ဖော်ဆောင်မှုဖြစ်မြောက်ရန် အကောင်အထည်ဖော် ဆောင်မှုအစီအစဉ်ကို အဆင့် ၁၀ ဆင့်ဖြင့် အဆိုပြုထားပါသည် -

၁။ သက်ဆိုင်ရာသတင်းအချက်အလက်များစုဆောင်းပါ၊
၂။ ကဏ္ဍအလိုက်စုဖွဲ့စည်းပါ၊
၃။ အကြံပြုချက်များပေါ်ထွက်လာသည့် မျှော်မှန်းလုပ်ဆောင်ချက်များနှင့်ရလဒ်များကို ဖော်ထုတ်ပါ၊
၄။ အကောင်အထည်ဖော်ဆောင်ရမည့်ဆောင်ရွက်ချက်များ ဖော်ထုတ်ပါ၊

[28] Available at www.ohchr.org/EN/AboutUs/Pages/CivilSociety.aspx
[29] www.upr-info.org/followup/

၅။ ကဏ္ဍတစ်ခုစီတိုင်းအတွက် ပေါင်းစပ်မှုပြသည့်နည်းလမ်းတစ်ရပ် အတည်ပြုချမှတ်ပါ၊
၆။ နိုင်ငံတော်အဆင့် အကောင်အထည်ဖော်ဆောင်မှုအတွက် တာဝန်များခန့်ခွဲပါ၊
၇။ အမျိုးသားအဆင့် အကောင်အထည်ဖော်ဆောင်ပေးမည့်မိတ်ဖက်များဖော်ထုတ်ပါ၊
၈။ အကောင်အထည်ဖော်ဆောင်မှုအတွက် အချိန်သတ်မှတ်ချက်တစ်ခု ထားရှိပါ၊
၉။ နိုင်ငံတကာအဆင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ နည်းပညာကူညီမှုလိုအပ်ချက်များနှင့် အကောင်အထည်ဖော်ဆောင်မှုမိတ်ဖက်အဖွဲ့များ ဖော်ထုတ်ပါ၊
၁၀။ အကောင်အထည်ဖော်ဆောင်မှုအတွက် နောက်ဆက်တွဲလုပ်ငန်းနှင့် ပြန်လည်သုံးသပ်မှုဗျူဟာတို့ ဖော်ဆောင်ပါ။[30]

## ၅.၅။ ဘက်စုံချဉ်းကပ်မှုနည်းလမ်း

ဤအခန်းတွင် မြောက်မျာစွာသောယန္တယားများမှဖော်ဆောင်ထားသည့် နောက်ဆက်တွဲ လုပ်ထုံးလုပ်နည်းများနှင့် ကျင့်သုံးမှုများတို့အား သီးခြားတင်ဆက်ထားပါသည်။ အဘယ်ကြောင့်ဆိုသော် တူညီမှုများစွာရှိနေသော်လည်း ၎င်းတို့သည် ယန္တယားအသီးသီး၏ ကွဲပြားသော အင်္ဂါရပ်များဖြင့် ဖွဲ့စည်းထားပါသည်။ သို့သော်လည်းနောက်တစ်ကြိမ် အရေးကြီး ထပ်လောင်းပြောရမည်မှာ နောက်ဆက်တွဲဆောင်ရွက်မှုသည် ဘက်စုံချဉ်းကပ်မှုပုံစံဖြင့်ဆောင်ရွက်မှသာလျှင် ပို၍ ထိရောက်မှုရှိမည်ဖြစ်ရာ၊ ထိုသို့အားဖြင့် ကွဲပြားသောလူ့အခွင့်အရေးယန္တယားများ၏ အကြံပြုချက်များတို့သည် အချင်းချင်း အားဖြည့်ပေးကာ အကောင်အထည်ဖော်ဆောင်မှုအတွက် ၎င်းတို့၏ စွမ်းပကားကို အကောင်းဆုံးအသုံးချနိုင်မည်ဖြစ်သည်။ ဤလမ်းညွှန်၏ အခန်း ၃ ကိုကြည့်ပါ။

## ၅.၆။ ရန်တုန့်နှင်းမှုများ

ကမ္ဘာ့ကုလသမဂ္ဂ၊ လူ့အခွင့်အရေးနယ်ပါယ်ရှိ ၎င်း၏ကိုယ်စားလှယ်များ နှင့် ယန္တယားများတို့ နှင့် ပူးပေါင်းလုပ်ဆောင်ရန်ကြိုးပမ်းသူများ သို့မဟုတ် ပူးပေါင်းဆောင်ရွက်နေခဲ့သည့် တစ်သီးပုဂ္ဂလများ နှင့် အဖွဲ့များအား ရန်တုံ့နှင်းမှုများသည် လူ့အခွင့်အရေးချိုးဖောက်မှုများဖြစ်သည်။ ရန်တုံ့ နှင်းမှုများသည် အရပ်ဘက်အဖွဲ့အစည်းများသည် ကုလသမဂ္ဂလူ့အခွင့်အရေးယန္တယားနှင့် နောက်ဆက်တွဲလုပ်ရှားမှုများ၌ ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းသည့်အခါ ဖြစ်ပေါ်နိုင်ပါသည်။

လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၁၂/၂ သည် အထွေထွေအတွင်းရေးမှူးချုပ်အား ကောင်စီသို့ အစီရင်ခံစာတစ်ရပ် နှစ်စဉ်တင်သွင်းပေးဂုန် တာဝန်ချမှတ်ထားရာ ၎င်းတွင် ကုလသမဂ္ဂ လူ့အခွင့်အရေးယန္တယားများနှင့်အတူ ပူးပေါင်းဆောင်ရွက်သည့် ပုဂ္ဂိုလ်များအား ရန်တုံ့နှင်းမှုများအား စွပ်စွဲမှုပြုထားချက်ဆိုင်ရာ စုစည်းထားမှုနှင့် စိစစ်မှုတို့လည်းကောင်း၊ ခြိမ်းခြောက်မှုနှင့် ရန်တုံ့နှင်းမှုများဆိုင်ရာ အရေးကိစ္စများအား မည်သို့ဖြေရှင်းရမည်ဟူသည့် အကြံပြုချက်များလည်းကောင်း ပါဝင်ပါသည်။[31]

ကောင်စီ၊ အထူးလုပ်ငန်းအစီအစဉ်များနှင့် အလုပ်အဖွဲ့များ၊ ၎င်းတို့၏ နောက်ဆက်တွဲ လုပ်ထုံးလုပ်နည်းများနှင့် ကျင့်သုံးမှုများတို့အပါအဝင် တို့ဖြင့် ပူးပေါင်းဆောင်ရွက်မှုနှင့်စပ်လျဉ်းပြီး

[30] www.francophonie.org

[31] For the 2012 and 2011 reports see A/HRC/21/18 and A/HRC/18/19.

ရန်တုံ့နှင်းမှုများဆိုင်ရာ အမှုကိစ္စများအပေါ် ထပ်ဆင့်၍ အစီရင်ခံစာတွင် OHCHR၊ ၎င်း၏ နယ်အခြေစိုက်ရုံးများနှင့် လူ့အခွင့်အရေးအကြံပေးသူများ၊ ကုလသမဂ္ဂဆိုင်ရာ ငြိမ်းချမ်းရေးထိန်းသိမ်းမှုမစ်ရှင်များဆိုင်ရာ လူ့အခွင့်အရေးအစိတ်အပိုင်း အစရှိသည်တို့နှင့် ပူးပေါင်းဆောင်ရွက်မှုနှင့်စပ်လျဉ်းသည် ရန်တုံ့နှင်းခြင်းတို့ ပါဝင်နိုင်ပါသည်။ ယခင်အစီရင်ခံစာများတွင်ပါဝင်သည့် အမှုကိစ္စများဆိုင်ရာ နောက်ဆက်တွဲသတင်းအချက်အလက်များသည် စပ်လျဉ်းမှုရှိပြီး အားပေးပါသည်။

ရန်တုံ့နှင်းခြင်းများသည် အောက်ပါအချက်တို့ဖြင့် စပ်လျဉ်းသည့်တစ်ဦးချင်းတွင် တွေ့ကြုံနိုင်သည် -

- ကမ္ဘာ့ကုလသမဂ္ဂ၊ လူ့အခွင့်အရေးနယ်ပယ်ရှိ ၎င်း၏ကိုယ်စားလှယ်များနှင့် ယန္တယားများ၊ တို့နှင့် ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းသူ သို့မဟုတ် ပူးပေါင်းဆောင်ရွက်နေသူ၊ သို့မဟုတ် ၎င်းတို့ထံ သက်သက် သို့မဟုတ် သတင်းအချက်အလက်များ ပေးပို့သူ၊
- လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ ကာကွယ်စောင့်ရှောက်မှုအတွက် ကုလသမဂ္ဂမှ ကမကထပြုမှုအောက်၌ တည်ထောင်သည့် လုပ်ထုံးလုပ်နည်းများတွင် ၎င်းတို့ကိုယ်တိုင်က ပေးဆပ်ခြင်း သို့မဟုတ် ပေးဆပ်ခဲ့ခြင်း၊ နှင့်/သို့မဟုတ် ထိုရည်ရွယ်ချက်အတွက် ၎င်းတို့ထံ ဥပဒေရေးရာ သို့မဟုတ် အခြားသော အကူအညီများပေးခဲ့ခြင်း၊
- လူ့အခွင့်အရေးစာချုပ်များမှ တည်ထောင်ထားသည့် လုပ်ထုံးလုပ်နည်းများအောက်၌ ဆက်သွယ်သတင်းပေးပို့ချက်များ တင်သွင်းခြင်း သို့မဟုတ် တင်သွင်းခဲ့ခြင်း၊ နှင့်/သို့မဟုတ် ထိုရည်ရွယ်ချက်အတွက် ဥပဒေရေးရာ သို့မဟုတ် အခြားသော အကူအညီများ ပေးခဲ့ခြင်း၊
- လူ့အခွင့်အရေးချိုးဖောက်ခံရသည့်သားကောင်များ သို့မဟုတ် ထိုသားကောင်များအတွက် ဥပဒေရေးရာ သို့မဟုတ် အခြားသော အကူအညီများ ပေးခဲ့သူများတို့ ၏ ဆွေးမျိုးများဖြစ်နေခြင်း။

အထွေထွေအတွင်းရေးမှူးချုပ်၏ အစီရင်ခံစာမှ ရန်တုံ့နှင်းခြင်းအမှုများကို ထုတ်ဝေခြင်းသည် ကာကွယ်မှုကို တိုးမြှင့်စေသည့်ရလဒ်ရရှိစေပါသည်။ သို့သော်လည်း အများအားထုတ်ဖော် အသိပေးခြင်း၏ အန္တရာယ်များကိုလည်း သေချာစွာသုံးသပ်ရပါမည်။ ထိုအကြောင်းရင်းအတွက် အစီရင်ခံစာတွင် အမှုအား ထုတ်ဝေမှုအတွက် သက်ဆိုင်ရာပုဂ္ဂိုလ်မှ ၎င်း၏ အကြောင်းကြားထားသည့် သဘောတူညီချက်ပေးထားသည့် အရာများသာ ထည့်သွင်းပါသည်။

ရန်တုံ့နှင်းခြင်းဆိုင်ရာ သတင်းအချက်အလက်များ
ပေးသွင်းလိုပါက reprisals@ohchr.org သို့ဆက်သွယ်ပေးပါ။

## ၆။ ထပ်မံလေ့လာရန်

- OHCHR website:

www.ohchr.org

- OHCHR tools for civil society are available at:

www.ohchr.org/EN/AboutUs/Pages/CivilSociety.aspx
in the 6 official UN languages

- The Universal Human Rights Index:

http://uhri.ohchr.org/

- International Service for Human Rights and Human Rights Law Centre, **Domestic implementation of UN human rights recommendations – A Guide for human rights defenders and advocates**, available from

www.ishr.ch

- Follow-up tools of UPR-Info available at:

www.upr-info.org/followup

- La Francophonie, Practical Guide on the Universal Periodic Review, 2013, available at

www.francophonie.org

- From judgement to justice – Implementing international and regional human rights decisions, 2010, and From rights to remedies: structures and strategies for implementing international human rights decisions, 2013, available at

www.opensocietyfoundations.org

- Webcasting
  - **UN web TV:**

http://webtv.un.org

- Sessions of treaty bodies:

www.treatybodywebcast.org

- Practitioner Guide on Human Rights in Patient Care:

http://health-rights.org/

- Case studies on follow-up activities on CRC concluding observations:

www.childrightsnet.org/NGOGroup/CRC/FollowUp/

- Database of the Working Group on arbitrary detention:

**www.unwgaddatabase.org/un/**

- Digest on freedom of religion or belief:

www.ohchr.org/EN/Issues/FreedomReligion/Pages/Standards.aspx

အချို့သော NOG များသည် သတ်သတ်မှတ်မှတ်ဖြစ်သောလူ့အခွင့်အရေးယန္တယားများနှင့် အနီးကပ် ချိတ်ဆက်ဆောင်ရွက်ကြသည်။ ၎င်းတို့သည် CSA များ၏ ချိတ်ဆက်ပါဝင်မှုအား ထိုယန္တယားများဖြင့် ကူညီပံ့ပိုးမှုပေးပြီး၊ လမ်းညွှန်မှုနှင့် ပံ့ပိုးမှုများလည်း ဝန်ဆောင်မှုပေးနိုင်ပါသည်။ ယင်း NGO အချို့တို့မှာ -

- The Centre for Civil and Political Rights (CCPR Centre) for the ICCPR Child Rights Connect for the CRC
- The International Disability Alliance (IDA) for the CRPD
- The International Movement against All Forms of Discrimination and Racism (IMADR) for the CERD
- The International Platform on the Migrant Workers Convention (IPMWC) for the CMW
- The International Rehabilitation Council for Victims of Torture (IRCT) for the CAT
- The International Women's Rights Action Watch (IWRAW) Asia Pacific for the CEDAW
- UPR-Info for UPR

# ၇။ ဆက်သွယ်ရန်

OHCHR ၏ အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာကဏ္ဍအား အောက်ပါအတိုင်းဆက်သွယ်နိုင်သည်။

civilsociety@ohchr.org

Telephone: +41(0) 22 917 9656

OHCHR ၏ လူ့အခွင့်အရေးလက်စွဲစာအုပ်နှင့်အရပ်ဘက်အဖွဲ့အစည်းအတွက် လက်တွေ့ကျလမ်းညွှန်စာအုပ်များကို အွန်လိုင်းပေါ်တွင် အာရပ်၊ တရုပတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ရုရှား နှင့် စပိန်ဘာသာတို့ဖြင့် အောက်ဖော်ပြပါလင့်ခ်တွင် ရရှိနိုင်ပါသည်။

www.ohchr.org/EN/AboutUs/Pages/CivilSociety.aspx

အရပ်ဘက်အဖွဲ့အစည်း အီးမေးလ် ရုပ်သံလွှင့်မှုစနစ်သည် အားလုံးသော လူ့အခွင့်အရေးလုပ်ပိုင်ခွင့်နှင့် ယန္တရားများဆိုင်ရာ updates များနှင့် လမ်းညွှန်ချက် တို့သာမက ရံပုံငွေများ၊ ထောက်ပံ့ကြေးများနှင့် fellowships တို့ဆိုင်ရာ သတင်းအချက်အလက်များ နှင့် နောက်ဆုံးသတ်မှတ်ရက်များတို့ကို ဖော်ပြပေးပါသည်။ ၎င်းအား subcribe လုပ်ရန် အောက်ပါ အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာ ဝက်ဘ်စာမျက်နှာသို့ ဝင်ရောက်လည်ပတ်ပါ။

http://goo.gl/O8snt